
www.burmeseclassic.com

စိုးမိုး



# ဆုလေးနွယ်

(ရန်ကုန်တက္ကသိုလ်)

## ချစ်ခြင်းရဲ့သံလိုက်စက်ကွင်းထဲမှာ

design : bo bo htoon

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၀၁၁၀၇၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၃၀၆၁၀၀၇ |
| ပုံနှိပ်ခြင်း | - | ၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |
| အဖုံးဒီဇိုင်း | - | ဘိုဘိုထွန်း |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၅၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်။ |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (မိုးမိုးစာပေ) (မြ-၀၃၀၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |





www.burmeseclassic.com

www.burmeseclassic.com

နေရောင်ဖျော့ဖျော့လေး လင်းဖြာနေသော ညနေဆည်းဆာချိန်မှာ R+ ဝယ်ဂွန်ကားဖြူလေးတစ်စီးသည် အင်းလျားလမ်းအတိုင်း ဖြည်းဖြည်းမှန်မှန် မောင်းလာသည်။

ညာက အင်းလျားကန်ဘောင် လမ်းလျှောက်ရအောင်ဟု ဆိုသဖြင့် စီစီက သူ့ကားနှင့် သူငယ်ချင်းတွေကို ခေါ်ဆောင်လာခြင်းဖြစ်သည်။

စီစီ ကားမောင်းပြီး သွန့်ဘေးမှာ ရွှေဝါက ထိုင်သည်။ ညာနှင့် မယ်အုန်းက နောက်ခန်းမှာ။ နောက်ခန်းရဲ့ ညာအစွန်ဆိုတော့ နေလည်းမထိုးသဖြင့် ညာက ပြတင်းမှတစ်ဆင့် ဘေးဘီလမ်းတစ်လျှောက်ကို ငေးမောလာသည်။

"ဟိုတစ်ခေါက် ကျူပ် ရန်ကုန်ရောက်တာ (၂၀၀၀-



www.burmeseclassic.com

www.burmeseclassic.com



နှစ်ထောင်)ခုနှစ်တုန်းကဆိုတော့ အခု ခုနှစ်နှစ်လောက်တောင် ကြာသွားပြီနော်၊ အဲဒီတုန်းက ရှင်တို့တွေနဲ့ အီကိုကင်တင်းရော၊ တောင်ပူဆောင်ကင်တင်းရော ထိုင်လိုက်ရသေးတယ်နော်”

ညွှာက ဆယ်ကျော်သက်အချိန်တုန်းက အဖြစ်အပျက်လေးများကို ပြန်လည်လွမ်းဆွတ်ဟန်နှင့် ပြောလိုက်သည်။

“နှစ်ဝတ်လောက်ပဲနေပြီး ဟိုကိုပြန်ရတော့ နေလို့တောင်ဝသေးဘူး၊ ဘယ်မှလည်း အိမ်မလည်လိုက်ရဘူး၊ ကျူပ်သေရှင်တို့ကို အရမ်းသတိရတာပဲ သိလား”

“အံမယ်…အပိုတွေ၊ ဟိုမှာပျော်နေပြီးတော့”

မယ်အုန်းက ညွှာ့ပေါင်ကို တစ်ချက်ပုတ်လျက် မကျေမနပ်မျက်စောင်းရွယ်ပါသည်။

သူတို့နှင့်အတူတူ ဆယ်တန်းဖြေပြီး အောင်တဲ့အခါမှသူတို့ကိုခွဲပြီး ညွှာက ဩစတြေးလျက အမေ့ဆီ လိုက်သွားခဲ့တာ။ ဟိုမှာပဲ ကွန်ပျူတာတက်ခဲ့တာ။ တစ်နှစ်လောက်အကြာမှာ ညွှာတစ်ခေါက်ပြန်လာတော့ သူတို့က သုံးယောက်စလုံး သတ္တဗေဒ





ဖတ်စ်ရိုးယား တက်နေကြပြီလေ။

သူတို့နှင့် ကျောင်းမှာ လျှောက်လည်ခဲ့ရတာ ခုထိမမေ့သေး။

အဲဒီနောက်တော့ ညွှာ ရန်ကုန်ပြန်မလာဖြစ်တာ အတော်ကြီးကြာသွားသည်။ အားလုံးလည်း ကျောင်းတွေပြီး၊ ဘွဲ့တွေရကုန်လို့ အလုပ်တွေတောင် ဝင်နေကြပြီ။

ပြောရမည်ဆိုလျှင် စီစီတို့ရဲ့ (C.S.M city) ဆိုတဲ့ ဓာတ်ပုံစတူဒီယိုနှင့် သတို့သမီးဝတ်စုံ ဆိုင်လေးက ရန်ကုန်မှာ အောင်မြင်ပေါက်ရောက်လို့ပင် နေခဲ့ပြီ။

ညွှာသာ အခုမှရောက်ပြီး ဘာလုပ်ရမှန်းမသိ ယောင်ချာချာ စဉ်းစားနေတုန်းဖြစ်သည်။

ယူလာတဲ့ဘွဲ့နှင့် ဆိုလျှင်တော့ အင်တာနက်ကဖေးဆိုင်ပဲ ဖွင့်ရမှာ။

သို့သော် ညွှာ့အာရုံတို့က တခြားမှာရှိနေသည်။

အလုပ်ကိစ္စ အကောင်အထည်မဖော်နိုင်သေး။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ ဘာတွေဘယ်လို ဖြစ်နေရသည်ဆိုတာ သူငယ်ချင်းအရင်းတွေကိုပင် လုံးစေ့ပတ်စေ့ ဖွင့်မပြောရသေးပါ။

အို…ဘာပဲဖြစ်ဖြစ် ညှာ သူ့ကို အရင်တွေ့ချင်သည်။

သူဟာ ဘယ်လိုပုံစံ ဘယ်လိုစိတ်ထားရှိသလဲ။

သူ့ဘဝကရော အဖော်မဲ့နှင့် အထီးကျန်ဆန်ဆန် ရှိနေခဲ့လေသလား။

ဘယ်လိုပဲဖြစ်ဖြစ် ညှာ့ရင်ထဲမှာ သူ့အပေါ် ဂရုဏာလှိုင်းတွေ ရိုက်ခတ်နေရပါသည်။

သူ့နှလုံးသားထဲက ဒဏ်ရာတွေ၊ နာကြည်းချက်တွေကို ပြေပျောက်ငြိမ်းချမ်းသွားစေချင်ပါသည်။

ငေးကြည့်နေမိတုန်းမှာပင် ကားက အင်းလျားကန်ပေါင်ဖက် ချိုးကွေ့ကာ စီစီက ဂိတ်ကြေးပေးလိုက်သည်။

ထို့နောက် ပါကင်တစ်နေရာရှာရ၏။

ကားတွေများနေသည်။ လူတွေလည်း စည်ကားလှုပ်ရှားနေကြပါသည်။





"ဒီဟွန်ဒါကို ကြည့်စမ်း၊ မင်းသမီးတစ်ယောက်ယောက်ရဲ့ ကားဖြစ်မယ်၊ အင်္ကျီတွေချိတ်ထားတယ် တွေ့လား"

"သိလားပဲ…အဲဒါ…ရဲ့ကားပဲဥစ္စာ"

သူတို့စကားတွေကြောင့် ညှာ့နှလုံးသားမှာ တဒုတ်ဒုတ်မြည်အောင်ပင် သိသိသာသာ အခုန်မြန်လာရသည်။

ညှာ ဖုန်းဆက်ကြည့်တုန်းက ဒီညနေ အင်းလျားမှာ ရိုက်ကွင်းရှိတယ်ဆိုတာ သိခဲ့ရတယ်လေ။

ဒါကြောင့် စီစီတို့ ဘယ်သွားမလဲမေးတော့ "ကန်ပေါင်၊ ကန်ပေါင်"လို့ တောင်းဆိုပို့နိုင်းရတာ။

"ညှာရေ…ရှင်တော့ မျက်စိရှုပ်ပြီ"

"ရပါတယ်၊ ညှာ ကြည့်ချင်တယ်"

ကားတံခါးသော့ချပြီး သူတို့လေးယောက် ရင်ဘောင်တန်းလျှောက်လာခဲ့သည်။

စီစီက ဂျင်းဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီနီညို အကွက်လေးကို ဝတ်ထားသည်။ ခြေထောက်မှာတော့ ခွာချွန်ဖိနပ်မြင့်ကြ



www.burmeseclassic.com

www.burmeseclassic.com



ကို စီးထား၏။

ရှေ့ဝါက နှစ်ထပ်ကိုယ်ကျပ် အင်္ကျီအဝါနှင့် ကိုးရီးယား စကဒ် အနက်လေးကို တွဲဝတ်ထားပြီး နောက်ပိတ်မပါသော ရှူး ဖိနပ်ပုံစံ အဝါလေးကို စီးထားသည်။ မယ်အုန်းကတော့ စတိုင်ပင်နီ ပွပွနှင့် အင်္ကျီကို အရောင်တူ၊ အသားတူချုပ်ကာ ကော်ဖီရောင် အရှင့်ကို သုံးထားသည်။

ဒါက သူ့လက်ရာဖြစ်ကြောင်းကိုလည်း တွေ့ကတည်းက ကြွားထားပြီးပြီ၊ လေဒီရှူးအနက်နှင့် ဆံပင်ရှည်ပွကောက်ကောက်တို့ နှင့် သူ့ပုံစံက အသားလည်းဖြူတော့ အားလုံးထဲ ထင်ရှားနေပါ သည်။

ညွှာသည် စိတ်ထဲက တွန့်ဆုတ်နေသဖြင့် ခြေလှမ်းက နှေးချင်သလို ဖြစ်နေသည်။ ပေါင်လယ်ခန့်ရှိသည့် ဂျင်းစကဒ် အထပ်ထပ်ကလေးနှင့် စအင်္ကျီဖြူလေးနှင့် လယ်တိုဘွတ်ရှူး အဖြူ အပြာကြားလေးကို စီးထားသော ညွှာက အားလုံးထဲ အငယ်ဆုံး အနုဆုံးလို ဖြစ်နေပါသည်။





တကယ်တော့ သူတို့လေးယောက်က သက်တူရွယ်တူတွေ ပါ။ လပိုင်းလောက်သာ ကွာခြားကြတာ။

ညွှာက နိုင်ငံခြားမှာ အနေကြာခဲ့တော့ ဝတ်ပုံစားပုံက နည်းနည်း ပိုသားနားအဆင့်မြင့်နေသည်။ ဒါတောင် အခုနည်းနည်း သတိထားပြီး လိုက်လျောညီထွေ ဝတ်နေတာပါ။

တစ်ခုံတစ်ယောက် မျက်စိထဲ သူမက ထူးထူးကဲကဲကြီး ဖြစ်မနေချင်ဘူးလေ။ ဆံပင်ပျော့ပျော့စင်းစင်းတို့ကိုတော့ မဟော်ဂနီ ရောင်လေးမှ မပြောင်းဖြစ်သေး။

အသည်းပုံ စိန်နားဆွဲလေးနှင့် ညွှာ့မျက်နှာ သွယ်သွယ် လေးက အနည်းငယ် နီမြန်းချင်သည်။

"ဟုတ်တယ်တော့..ဒီနေ့ ဒီမှာ ရှူးတင်ရှိတာကို"

မြက်ခင်းဆင်ခြေလျှောလေးမှာ လူတစ်အုပ်ကြီး ဝိုင်းအုံနေ တာ လှမ်းတွေ့ရ၏။

မင်းသား မင်းသမီးက ခုံတန်းမှာလည်း မထိုင်ဘဲ၊ လမ်း ပေါ်လည်းမလျှောက်ဘဲ မြက်ခင်းနုနုပေါ် အတူလဲလျောင်း စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတဲ့အခန်း။

ဒါရိုက်တာက လူငယ်ဒါရိုက်တာ။

"ဟဲ့…ဟိုမှာ၊ ဒါရိုက်တာ မိုးတိမ်တောက် မဟုတ်လား၊ သူ့ခေါင်းလေးနဲ့ နာမည်ကြီးလာတယ်နော်၊ ရုပ်လေးကလည်း မိုက်တယ်ဟာ"

ကက်ဦးထုပ်ကို အခြမ်းစောင်းလုပ်ထားကာ မျက်နှာမှာ ဝါးသိုင်းမွေး သဲ့သဲ့နှင့် သူ့သဏ္ဍာန်က စိတ်လှုပ်ရှားဖွယ်ပါ။ ဘော်ဒီက သေချာလေ့ကျင့် ကစားထားသလို ကျစ်လစ်ဖွံ့ဖြိုး လှပနေသည်။ ရင်အုပ်ကျယ်ကျယ်နှင့် လက်မောင်းမှာ ကြွက်သားတွေ အမြောင်းလိုက် ဖြစ်နေပုံက ဘော်ဒီဖစ် တီရှပ်အောက်မှာ အထင်းသား။ စတိုင်ပင်န် ထူအိပ္ပပ္ပကလည်း သူနှင့်အင်မတန် လိုက်ဖက်သည်။

ဗိုင်တစ်ခု ချိုင်းကြားညှပ်ကာ ဟိုလျှောက်ဒီလျှောက် ချွေးစိုနေပေမယ့် သူ့ပုံစံက လန်းဆန်းတက်ကြွနေသည်။ ကောင်မလေးတွေ သတိပြု သိချင်စရာဖြစ်နေသည်။





သူ…ပန်းအရင်ကထက်ပင် ပိုချောလာသေးသည်။

ညွှာက ခြေလှမ်းရှေ့မဆက်နိုင်ဘဲ သူ့ထံ ငေးမောငြိမ်သက်နေမိသည်။

"စီစီ…ကျုပ်တို့လည်း သွားတိုးကြည့်ရအောင်"

"ဟင်…ရှက်စရာကြီး"

"လာစမ်းပါ"

ရွှေဝါက စီစီလက်ကို ဆွဲသွားသဖြင့် မယ်အုန်းနှင့် ညွှာက နောက်က အလိုလိုပါလာပြီးသား ဖြစ်သွားရသည်။

"ကျုပ်တို့က မင်းသားကို မိတ်ဆက်မှာ မဟုတ်ဘူး၊ ဒါရိုက်တာကို အော်တိုရေးခိုင်းမှာ ဟင်း…ဟင်း"

အဲဒီ ရွှေဝါ့ငါးကြင်းမက သိပ်သွက်နေသည်။

ရယ်သံနှင့် မြူးမြူးကြွကြွ ရှေ့ကို တကယ်ရောက်သွားသည်။

ညွှာသည် သူတို့ မိုးတိမ်တောက်ကို စိတ်ဝင်စားနေတာကို အံ့အားသင့်နေသည်။ မိုးတိမ်တောက် အကြောင်းကို မဋ္ဌဇင်း



www.burmeseclassic.com

www.burmeseclassic.com



[illegible]တဲ့ သီဝိုရသည်။

[illegible]--သူက အရင်တုန်းက ဒါရိုက်တာတစ်ယောက် [illegible] အရှေ့တောင်ပိုင်း နှစ်တွေမှာသာ ထိုအလုပ်နှင့် ထွန်းထွန်း [illegible] ဖြစ်လာတာ မဟုတ်လား။

သူ့ရဲ့ ရုပ်ဆိုးဆိုး အတိတ်စာတ်လမ်းက ပြီးသွားခဲ့ပြီတဲ့ [illegible]

ညာမယုံချင်ပါ။

ထိုဒဏ်ရာမျိုးက လွယ်လွယ်နှင့် မပျောက်တတ်ပါ။

"ညာ…ညာ အော်တိုစာအုပ်ပါလား၊ ဘောလ်ပင်ပါခဏ ပေး"

ရှေ့ရောက်သွားပြီး တစ်ချက်အကဲခတ်ပြီးမှ ညာထံပြန် ပြေးလာ၏။

"ရွှေဝါရယ် သူ့အလုပ်များနေတာ သွားရှုပ်မလို့လား ဟယ်၊ ရှင်ကလည်းနော်_ ကလေးကျနေတာပဲ"

"ဟွန်း…ကလေးပဲပေါ့"





ရွှေဝါဆိုတာ စပ်စပ်စုစုလေ။

"ပေးပေး…မထူးပါဘူး၊ ရှင်ပဲ သွားရေးခိုင်းတော့၊ ရှင် က သတ္တိပိုကောင်းတယ်နော်"

"ကလေးတွေ လုပ်တဲ့အလုပ်ပါလား"

စီစီရှုံ့ချသဖြင့် ရွှေဝါနည်းနည်း တွန့်ဆုတ်သွားတာ။

"တကယ်လည်းပဲ သူတို့က အလုပ်ခွင်ထဲ ရောက်နေတဲ့ တည်ငြိမ်သင့်တဲ့ အရွယ်မျိုးမဟုတ်လား။

မယ်အုန်းဆိုရင် စေ့စပ်ထားပြီးသားပင် ဖြစ်နေပြီ။ သီတင်း ကျွတ်ရင် မင်္ဂလာဆောင်တော့မှာလေ။

သူတို့လေးယောက်ထဲမှာ မယ်အုန်းအရင်စွံဖို့ မြင်နေပြီ။ ပြီးရင် စီစီဖြစ်နိုင်သည်။ စီစီ့ကိုလည်း သူ့အိမ်က စီးပွားရေးသမား တစ်ယောက်နှင့် သဘောတူစပ်ဟပ်နေပြီ။

ကျန်တာကတော့ အဲဒီ ရွှေဝါငါးကြင်းမနှင့် ညာတနိုင် ဝါပဲ။

ခုထိ အီစီကလီတွေကလွဲရင် ဘာမှဟုတ်ဟုတ်ငြားငြား



www.burmeseclassic.com

www.burmeseclassic.com



အသည်းတယားမရှိသေး။

ညှာကတော့ ပြန်ရောက်တာမကြာသေးတာမို့ ဗိုတောင်ရှင်းနေပါသေးသည်။ သူမရဲ့ ယောက်ျားလေး မိတ်ဆွေသူငယ်ချင်းတွေက မဲလ်ဘုန်းမှာ။

"အို…ကျုပ်တို့က ရိုးရိုးသားသား ခင်မင်လေးစားလို့ မိတ်ဖွဲ့မှာပဲ၊ သူရိုက်တဲ့ ရုပ်ရှင်တွေက ရယ်စရာလေးတွေ ရွှေဝါအရမ်းကြိုက်တာ သိလား၊ ညှာရေ လက်မှတ်သွားထိုးခိုင်းဟာ၊ ဘာဖြစ်လဲ လက်မှတ်လေး တစ်ချက်ထိုးပေးရုံပဲဟာ"

ညှာဆီမှာ ပိုက်ဆံအိတ်လေးရှိပြီး ထိုပိုက်ဆံအိတ်ထဲ စုံတကာစေ့အောင် ထည့်ထားတတ်တာ သူတို့သိပြီးသား။

ဘောလ်ပင်နဲ့တို့ စာအုပ်ငယ်တို့သာမက ဘီးလိုလား မှန်လိုလား၊ စနိုးတာဝါလိုသလား၊ မောက်စ်စပရေးဗူးလိုသလား၊ တူးဆေးကိတ်လေး ရိုက်ချင်သလား။ Lip Gloss နှုတ်ခမ်းမှာ ဆိုးချင်သလား။ ဒါမှ မဟုတ် ခေါင်းကိုက်ပျောက်ဆေး လိုချင်သလား။ ဆေးပလာစတာက ကပ်ချင်သလား၊ ခေါင်းမူးလို့ ရှူဆေးကောင်း





ကောင်းလေး ရှူလိုက်ချင်သလား၊ စသဖြင့် တိုလီမိုလီ စုံနေဖာစီအောင် ပါလာတတ်သည် မဟုတ်လား။

လိုချင်တာရှိရင် ညှာ့ထံ လှမ်းတောင်းနေကျပါ။ နဂိုကပင် ရှေ့တိုးကာ နီးနီးကပ်ကပ် တွေ့ဖူးချင်နေသော ညှာက ရွှေဝါ့တိုက်တွန်းမှုကို ငြင်းဆန်မနေတော့ဘဲ စာအုပ်ငယ်လေးနှင့် ရှေ့ကိုတိုးသွားလိုက်ပါသည်။

"ကတ်"

သူ့ရိုက်ကွင်းဖြတ်ကာ တအောင့်နားလိုက်တော့ ဗိုအဆင်ပြေသွားသည်။

ရောင်မျက်မှန် အပြာဖျော့ဖျော့ကို ဖျတ်ခနဲ ထုတ်တပ်လိုက်သော သူ့အမူအရာကို ညှာ နီးကပ်စွာ ကြည့်နေမိသည်။

မိုးတိမ်တောက်က သူ့ရှေ့မှ ကောင်မလေးကို တစ်ချက်ကြည့်လိုက်၏။

ဖြူနုဝင်းပကာ စိမ်းရောင်လေးပင် ပြေးနေသော မျက်နှာလှလှလေးမှာ ဝိုင်းစက်ရွှန်းတောက်နေသော မျက်ဝန်းလေးတစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



က စိန်ပွင့်လေးတွေလို ကြည်လင်ပြာလဲ့စူးရှနေသည်။

တော်တော် မျက်လုံးလှတဲ့ ကောင်မလေး။

ကြည့်ပုံက ရင်ထဲထိ ထိရှစေသည်။

ထိုမျက်လုံးလေးကလေးတွေက သူနှင့် ရင်းနှီးပြီးသားလိုလို ရုတ်တရက်မှာ မိုးတိမ် စိတ်လှုပ်ရှားသွားမိသည်။

"ကိုတိမ်တောက်"

"ဗျာ"

သူ့ကိုခေါ်မည်မထင်ပါဘဲ ကောင်မလေးနှုတ်က သူ့အမည်ကို ခေါ်လိုက်တော့ တိမ်တောက် ယောင်ရမ်း၍ ထူးလိုက်သည်။

"အော်တိုရေးပေးမလား"

"ခင်ဗျာ…ဪ ရပါတယ်"

မင်းသားနှင့် မင်းသမီးအနား ကောင်မလေးတွေ ဝိုင်းအုံနေချိန်မှာ သူမက ကိုယ့်ဆီ ထူးထူးခြားခြား ရောက်လာခဲ့ပါလား။ မိုးတိမ် မျက်မှန်ကို ပြန်ဆွဲချွတ်လိုက်သည်။





သူမကမ်းပေးတဲ့ စာအုပ်လေးမှာ မိုးတိမ်တောက်က အင်္ဂလိပ်လို လက်မှတ်ရေးထိုး၍ နေ့စွဲတပ်လိုက်ပါသည်။

"ဘာလုပ်ပေးရဦးမလဲ"

"ရှင်"

သူသည် ဖွဲ့မက်ဖွယ်သော အပြုံးနှင့် နောက်ပြောင်သလို မေးဆတ်ရင်း…

"ဪ…ဓာတ်ပုံတွေဘာတွေရော ရိုက်ချင်သေးလားလို့ပါ၊ မင်းဖုန်းမှာ ကင်မရာပါတယ်မဟုတ်လား၊ အဲဒါမေးကြည့်တာပါ"

သူပြောမှ သတိရသည်။ ဟုတ်တာပဲ၊ ညာရဲ့ ဂျီအက်စ်အမ်ဖုန်းက ကင်မရာပါတာပဲ။

ညာက ဖုန်းကိုထုတ်ပြီး သူ့မျက်နှာတည့်တည့်ချိန်ရွယ်လိုက်ပါသည်။

"ဟာ…တကယ်ရိုက်ယူမယ်ပေါ့၊ ဘာလုပ်ဖို့လဲ၊ ကိုယ့်ပုံကို တရေးနိုးတော့ ထမကြည့်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



သူများကိုသာ ဓာတ်ပုံရိုက်ချင်သော တိမ်တောက်သည် ကိုယ့်ရှေ့ ကောင်မလေးတစ်ယောက် တကယ် ဓာတ်ပုံလာရိုက်တော့ မနေတတ်သလိုကြီး ဖြစ်သွားရကာ ရယ်ချင်မိလေသည်။

ပြီးတော့ သူ့ရှေ့ရောက်လာတဲ့ မိန်းကလေးက ကြည်လင်အေးချမ်းပြီး ချစ်စဖွယ်ကောင်းသော ရုပ်အဆင်းလေးကို ပိုင်ဆိုင်သည်။

မျက်နှာရော၊ ဆံပင်လေး ပျော့စင်းနေပုံရော အဝတ်အစားဝတ်ထားပုံရော ခြေချောင်းလက်ချောင်းလေးတွေရော တကယ်အဆင့်အတန်းမြင့်မြင့်ထဲကဆိုတာ အလိုအလျောက် သိသာနေပါသည်။

"အဟဲ…တရေးနိုးကြည့်မိရင် လန့်မှာစိုးလို့ပါ၊ ကိုယ်က ဒါတွေနဲ့လေ"

သူက မှတ်ဆိတ်နှင့် ပါးသိုင်းမွေးတွေကို ညွှန်ပြပြီးရယ်သည်။

ညှာ ထင်တာနှင့် တခြားစီ။ သူဟာ ပျော်ရွှင်လွတ်လပ်





သော ပေါ့ပေါ့ပါးပါးဘဝကို ရယူထားပြီပဲ။

အရင်လို ဘီယာမူးအောင်သောက်ပြီး တေလေလွှင့်မျောနေသူတစ်ဦး မဟုတ်တော့ပါလား။

သူ့ဘဝကို တည်တည်ငြိမ်ငြိမ်နှင့် အလုပ်တစ်ခုထဲ နှစ်မြှုပ်ကြိုးစားနေပြီ။

ညှာထင်သလို မဟုတ်ဘဲ အောင်မြင်မှုနှင့် ပြုံးပျော်နေသော သူ့မျက်နှာကို မြင်ရတာ စိတ်ချမ်းသာစရာကောင်းပါသည်။

"ကျွန်မ မလန့်ပါဘူး၊ စိတ်ချ"

"ဟား…ဟား ဒါဆို တရေးနိုးကြည့်မယ်ပေါ့"

ကောင်မလေးက မရယ်ဘဲ သူ့ကို ခပ်နက်နက်လေးပြုံးလျက်သား စူးစိုက်ကြည့်နေ၏။ ထိုအကြည့်လေးထဲမှာ ရင်းနှီးနှစ်လိုသော၊ နက်ရှိုင်းနွေးထွေးသော တစ်စုံတစ်ရာရှိနေတာ တိမ်တောက် ခံစားမိသည်။

ကိုမိုးတိမ်တောက်ရေ…။

ရှင်ကတော့ မှတ်မိချင်မှ မှတ်မိလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက ရှင်မျက်နှာရှေ့ လျှောယှက်ပြီး ပြောင်ပြမှုးတဲ့ ကလေးမလေးတစ်ယောက်ကို မေ့နေလောက်ရောပေါ့။

အဲဒီတုန်းက ရှင်က စွပ်ကျယ်အနီရဲရဲနဲ့ ဘောင်းဘီတိုအဖြူလေးကို ဝတ်ပြီး ချွေးသံတရွှဲရွှဲနဲ့ တင်းနစ်ရိုက်နေခဲ့တယ်။ ရှင်လေ့ကျင့်ကစားနေကျ တင်းနစ်ကုတ်လေးနဲ့ ကပ်ရက်မှာ ခုံတန်းလေးနှစ်ခုရှိတယ်လေ။ အဲဒီခုံတန်းပေါ်မှာ ဂါဝန်ပန်းနုရောင်လေးနဲ့ ဆံပင်နှစ်ဖက် ခွဲချည်ထားတဲ့ ပါးဖောင်းဖောင်းနဲ့ ကလေးမလေးတစ်ယောက် တစ်အားလွှဲစီးနေတာကို ရှင်မြင်တော့…

"ဖြည်းဖြည်းလွှဲလေ"လို့ လှမ်းအော်သတိပေးတယ်။

ကောင်မလေးက သိပ်ဂရုမစိုက်ဘူး။ လူတစ်ကိုယ်လုံးမြောက်နေအောင် အားကုန်လွှဲစီးနေတုန်းပဲလေ။

ရှင်က တအောင့်လောက်ကြာတော့ လေ့ကျင့်ကစားလို့ပြီးသွားတယ်။ အဲဒီအချိန်မှာ ကလေးမလေးကလည်း မောလို့ခုံပေါ် ငြိမ်ငြိမ်ဆိတ်ဆိတ်လေး ထိုင်နေပြီ။

လက်ထဲက မရမ်းပေါင်းထုပ်ကိုလည်း ဖြည်စားနေတာ





ပေါ့။

ရှင်က လှမ်းပြောင်ပြတယ်။ ချစ်စဖွယ်ကောင်မလေးကို ကလေးလို ချစ်စနိုးဖြစ်လို့ နောက်ပြောင်တဲ့ အမူအရာလေးက သိပ်ကြည့်ကောင်းနေခဲ့တယ်လေ။

"ဟော့…ကိုကြီးကို နည်းနည်းကျွေး"

တရင်းတနှီးနဲ့ ကလေးလက်ထဲက မုန့်ကို နည်းနည်းကျွေးဖို့ တောင်းဆိုပြီး မရမ်းပေါင်းတစ်လုံး နှိုက်ယူစားခဲ့တဲ့ ရှင့်ကို ကလေးမလေးက တအံ့တသြ ချစ်ခင်ရင်းနှီးသွားခဲ့တယ်။

ရှင့်ကို ခင်မင်သဘောကျသွားခဲ့တယ်။

ယေးငယ်နုနယ်သေးတဲ့ သူ့အသည်းနှလုံးမှာ အမှတ်ရစွဲထင်သွားခဲ့တယ်။

အဲဒီတုန်းက ရှင်က တက္ကသိုလ်ကျောင်းသားတစ်ယောက်ထင်ပါရဲ့။

ညာကတော့ ငါးတန်းအောင်ပြီး ခြောက်တန်းတက်မယ့်ဆဲဆဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးတိမ်"

"ဗျာ"

ကောင်မလေးက ချိုအေးနွဲ့သော အသံလေးနှင့် တရင်းတနှီးခေါ်သည်။

"အခုရော တင်းနစ်ကစားသေးလား"

"ဗျာ"

မိုးတိမ်တောက် မျက်မှောင်ကုပ်သွားရသည်။ သူ တင်းနစ်ကစားခဲ့တာ ကျောင်းသားဘဝတုန်းကပါ။

"မင်းဘယ်လိုသိတာလဲ"

ကောင်မလေးက ပြုံးတုံ့တုံ့နှင့် မဖြေပါ။

"ပြောစမ်းပါ…မင်းကြည့်ရတာ ကိုယ့်ကိုသိနေတယ်"

"ဟင့်အင်း…မသိပါဘူး"

ကောင်မလေးရဲ့ ခေါင်းယမ်းငြင်းဆန်ပုံကို သူမယုံ။

ရွှေဝါက ဒါရိုက်တာ မိုးတိမ်တောက်နှင့် ညွာတို့ ရယ်မောစကားပြောနေတာမြင်တော့ ခပ်လှမ်းလှမ်းက စောင့်ကြည့်အကဲ





ခတ်ရင်းက အားတက်ရဲတင်းလာသလို သူတို့နားသို့ လျှောက်လာပါသည်။

ညွာက မဆိုး။

မိတ်ဆက် မိတ်ဖွဲ့တဲ့နေရာမှာ ရဲတင်းသွက်လက်သည်။ နိုင်ငံခြားမှာ နေထိုင်ဖူးလို့လည်း ဖြစ်နိုင်သည်။

မိုးတိမ်တောက်နှင့် စိတ်လက်ပေါ့ပါးစွာ ခပ်ပြုံးပြုံးမျက်နှာလေးနှင့် စကားဆိုနေပုံမှာ အခုမှ မိတ်ဖွဲ့တာနှင့်ပင်မတူပါ။

အရင်ကတည်းက ရင်းနှီးပတ်သက်ပြီးသား လူတွေလို ရင်းနှီးနွေးထွေးပြီး တစ်သားတည်း ဟန်ပေါက်နေသည်။ စကားတွေပင် လက်ဆုံကျနေသလိုပုံစံနှင့်။

တစ်ခွန်းနှစ်ခွန်းနှင့် ပြီးမသွား။ လှည့်မပြန်။

"ဒါက ညွာ့သူငယ်ချင်း ရွှေဝါတဲ့၊ သူတို့က ကိုမိုးတိမ်ကို လေးစားနေတာ၊ ကိုမိုးတိမ်ရဲ့ အနုပညာပရိသတ်တွေပေါ့၊ ရိုက်တဲ့ကားတိုင်း အားပေးနေတာ"

"ဟုတ်ကဲ့…ကျေးဇူးပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ညှာတခိုင်ရယ်…ရှင်လည်း သူရိုက်တဲ့ကားလေးတွေ သစ်ရုပ်အဆင့်မြင့်တယ်လို့ ချီးမွမ်းတာပဲ"

"ဟုတ်ပါတယ်၊ ညှာကဘာပြောလို့လဲ"

မိုးတိမ်သည် ညှာတခိုင်ဆိုတဲ့ မိန်းကလေးကိုသာ မလွှဲတမ်း အကြည့်စိုက်နေမိသည်။

ကိုယ် မိန်းကလေးတွေကို စေ့စေ့မကြည့်မိတာ ကြာပြီ။ အလုပ်သဘောအရ ဆက်ဆံပတ်သက် ခင်မင်နေသူတွေ များစွာရှိသော်လည်း ပုဂ္ဂိုလ်ရေး ရင်းနှီးမှုနှင့် ဘယ်မိန်းကလေးကိုမှ မရော။

အခုခဏလေးမှာမှ သူကလေးကို နှစ်လိုစွာ ဘာကြောင့် နောက်ပြောင်နေမိမှန်း ကိုယ့်ဘာသာပင် မတွေးတတ်။

ရွှေဝါ အနားရောက်လာတော့ မိုးတိမ် မျက်နှာက စောစောကလောက် မပြုံးဘဲ ဣန္ဒြေနှင့် တည်တံ့သွားပါသည်။

သူ့နဂိုပုံစံက ထိုပုံစံပါ။

"ကိုမိုးတိမ်…အလုပ်ရှိသေးလား၊ အားရဲ့လားတောင် မသိဘူး၊ ဟင်း…ဟင်း"





ရွှေဝါက အားနာစကားဆိုသည်။

"ပြီးသွားပါပြီ၊ ရှူတင်ဖြတ်ပေးလိုက်ပြီ၊ နေလည်းဝင်သွားပြီလေ၊ တော်ကြာ မှောင်ရိပ်သန်းလာတော့မှာ၊ ဒီအလုပ်က နေရောင်ရှိမှဗျ"

သူ့စကားသံက ဘာမှမဟုတ်ဘဲ ညှာ့နားထဲ နားထောင်ကောင်းနေသည်။

သူ ဘာလေးပြောပြော နှုတ်ခမ်းအဖွင့်အပိတ်ကို ငေးမိသည်။ ပိရိသေသပ်စိုရဲနေဆဲ ထိုနှုတ်ခမ်းထူထူလေးဟာ အရင်ကနှင့် ဘာမှပြောင်းလဲမသွား။

သူ့ခန္ဓာကိုယ်ပုံစံ၊ ဆံပင်ပုံစံ၊ မုတ်ဆိတ်ရေးရေးလေးထားတဲ့ပုံစံ စသဖြင့် အားလုံးပြောင်းလဲသွားပေမယ့် လှပသော ထိုနှုတ်ခမ်းတစ်စုံကိုတော့ သူ ပြောင်းလဲမပစ်နိုင်ပါဘူး။

မျက်လုံးအကြည့်တွေကတော့ ဟိုအရင်တနှင့် ဘာမှမဆိုင်အောင် ပြောင်းလဲရင့်ကျက်ဆုံးဟု ဆိုနိုင်မည်ထင်သည်။

တည်ငြိမ်ပျော့ပျောင်းသော်ငြား စူးရှအားမာန်ရှိသည့် သူ့



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများနှင့် ဆုံရာ ညှာ ရင်ခုန်မြန်လာပါသည်။ နွေးထွေးနှစ်လို ခြင်းတွေက ညှာ့ထံမှာ အရှိန်ပြင်းဆဲ။

"လာပါ…ခင်ဗျားတို့ သူငယ်ချင်းတွေလား၊ ခေါ်ပါဗျာ၊ အားနာစရာမရှိပါဘူး၊ ဘာလို့ရပ်ကြည့်နေတာလဲ၊ ကျွန်တော် မင်းသားမဟုတ်ဘူးနော်၊ ဟား…ဟား အခုမှ မင်းသားလုပ်မလား လို့ စိတ်ကူးနေတုန်း"

သူက ဖော်ဖော်ရွေရွေ တဟားဟားရယ်နေတော့ ရွှေဝါ တို့ သူ့ကို ရှိန်မနေတော့ဘဲ ပြောရဲဆိုရဲ ဖြစ်လာပါသည်။

"မင်းသားထက် ရှင်က ပိုမိုက်နေတာ"

"ဟုတ်ရဲ့လား၊ ရှူး…တိုးတိုး၊ ဟိုကောင်ကြားသွားဦး မယ်၊ နောက်တစ်ကားကျရင် ဒီကောင့်ခေါ်မသုံးတော့ဘူး သိလား"

"ဟင်း…ဟင်း…ဟင်း"

သူ့အမူအရာ မျက်လုံးပြူးပြပုံကြောင့် ရယ်မိကြသည်။

"တစ်ခုခုသွားစားရအောင်၊ လာပါ၊ အကျော်ဖြစ်ဖြစ်ပေါ့"

"ကျွန်မတို့က လေးယောက်နော်"





"ရပါတယ်၊ ကျွေးနိုင်ပါတယ်"

"အိုကေ…ပြန်ကြွားလို့ရပြီ၊ ဒါရိုက်တာ မိုးတိမ်တောက် က ကျုပ်တို့ကို ဘူးသီးကြော် ဧည့်ကျွေးတယ်လို့"

"ကြွားလေဗျာ…ဗီစီဒီရိုက်ဖို့ အတင်းခေါ်တယ်လို့ပါ ထည့်ပြော"

"ငယ်သေးရင်တော့ ရှင့်ကို အပူကပ်ပါတယ်၊ အဟုတ်"

"အခုလည်း ငယ်သေးတာပဲ"

"ဒီရုပ်တွေလေ…အဟီး…ဟီး"

"သူတို့က (C.S.M city) စတူဒီယိုက ကိုမိုးတိမ်ရဲ့ ကိုယ်ပိုင်အလုပ်အကိုင်တွေနဲ့လေ"

"ဟုတ်လား…ဒါဆို ညှာကရော"

ညှာ့မျက်နှာလေးကို ဖျတ်ခနဲ ကြည့်ကာ မေးလိုက်ပုံ ကြောင့် ရင်ထဲ ရုတ်တရက် လှုပ်ရှားသွားရကာ အကြည့်လွှဲရင်း…

"ညှာမပါဘူးလေ၊ နာမည်ကိုက C.S.M လေ သူတို့ နာမည်ပဲပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား…ဒါတော့ ဘယ်မှုတမလဲ၊ ညွှာနာမည်ကို ထုတ်ဖယ်ထားတယ်ပေါ့"

"ဟင့်အင်း…အစကတည်းကကို မပါတာ"

"ဘယ်ပါမလဲရှင်၊ သူက ခုမှ မဲလ်ဘုန်းက ပြန်လာတာလေ၊ ဆယ်တန်းအောင်ကတည်းက မြန်မာပြည်က သူငယ်ချင်းတွေကို စွန့်သွားတော့ အခုမှ ဘာစိတ်ကူးပေါက်ပြီး ပြန်လာသလဲ မသိပါဘူး"

ညွှာက ခေါင်းလေးမော့ပြီး ရယ်နေသည်။ ထိုရယ်ပုံလေးကပင် မိုးတိမ်ရင်ထဲသို့ ရောက်သည်။

"မြန်မာပြည်ကလူပဲ ပြန်ယူမယ်တဲ့"

"ဟင်…အဲဒါ ကျုပ်မပြောပါဘူး"

အလန့်တကြားပုံစံလေးနှင့် ငြင်းလိုက်ပုံက ချစ်စရာ။

မိုးတိမ်သည် သူ့စက်အဖွဲ့တွေ၊ တပည့်တွေကို ခဏထားကာ အခုမှသိရသည့် ကောင်မလေးတွေနှင့် မိတ်ဖြစ်ခွေဖြစ် အကြော်ဆိုင်မှာ အတူထိုင်ကာ စားသောက်ရင်း အဖွဲ့ကျနေပါသည်။





သူနှင့်ရှိနေတဲ့ လေးယောက်စလုံးမှာ ခပ်ချောချောလေးတွေဖြစ်ရာ မချောလေးယောက် ကိုယ်တစ်ယောက်ပုံစံမို့ ဖြတ်သွားဖြတ်လာတွေက ကြည့်ကြည့်သွားကြသည်။

ခပ်လှမ်းလှမ်းကနေ ကွက်ကြည့်ကွက်ကြည့် လုပ်နေတဲ့ တပည့်ဖြစ်သူတွေကလည်း လှုပ်လှုပ်ရွရွနှင့် သိပ်ဂဏာမငြိမ်ပေ။

ညွှာသည် မမျှော်လင့်ဘဲ သူနှင့်ခင်မင်ရသဖြင့် မယုံနိုင်အောင် ကြည်နူးချမ်းမြေ့နေသည်။

ညွှာထင်တာက အင်းလျားကန်ပေါင် ရောက်ရင် သူတို့အဖွဲ့ရှိနေသေးရင် အလွန်ဆုံး စကားတစ်ခွန်းနှစ်ခွန်း သွားပြောမိတ်ဆက်ရုံလောက်သာ အခွင့်အရေးရမည်လို့ပါ။

အခုတော့ အခြေအနေက ညွှာထင်တာထက် ပိုမိုတိုးတက်ကောင်းမွန်ပြီး ချောမွေ့နေသည်။ သူ့အကြည့်သည် ညွှာ့မျက်နှာလေးပေါ်သို့သာ မကြာခဏ ရစ်ဝဲနေတာမို့ ရင်တုန်ရလွန်းပါဘိ။

သူ ဘာကြောင့် အဲလို ဖျတ်ခနဲ ဖျတ်ခနဲ ဝေ့ဝဲကြည့်နေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝါက ဆိုင်လိပ်စာကဒ် ထုတ်ပေးတော့ သူက တစ်ချက်ကြည့်ပြီး…

"သတို့သမီးဝတ်စုံက ကိုယ်တိုင်ဝတ်ပြီး ဘာလို့မကြော်ငြာတာလဲ"

"အဟဲ…ကျိန်းကြေသွားမှာစိုးလို့"

"ဟောဗျာ…ဒါဆို မဝတ်ရသေးဘူးပေါ့"

ရွှေဝါတို့မျက်နှာ ရှုံ့မဲ့သွားကြပြီး…

"ရှင်က ကျွပ်တို့ကို အိမ်ထောင်သည်မိန်းမတွေပုံလို့ ပြောတာပေါ့လေ"

"ဟာ…မဟုတ်ပါဘူး၊ မပြောရပါဘူး"

သူလက်ဝါးနှစ်ဖက်လုံး ထောင်ကာပြီး ပျာပျာသလဲငြင်းဆိုသည်။ ရယ်ကျဲကျဲ မျက်နှာလေးက ကြည်လင်နေ၏။

"ဟွန်း"

ရွှေဝါက မျက်စောင်းထိုးရင်း…

"ဒါပေမယ့် ရှင်ပြောတာ မယ်အုန်းကတော့ နီးစပ်နေပြီ"





မယ်အုန်းဆိုသော ကောင်မလေးက ပြုံးရုံပြုံးသည်။ ရွှေဝါ့စကားကို မငြင်း။

"သူက အင်ဂေ့ချ် လုပ်ထားတယ်လေ"

"ဒါဆို စားရခါနီးပြီဆိုပါတော့"

"ဟုတ်ပ…ပြီးရင် စီစီအလှည့်"

"အို…အဲဒါမသေချာသေးပါဘူး"

"ဒါပေမယ့် နီးစပ်နေပါပြီ၊ ရှင်ကလည်း ရုတ်မနေပါနဲ့၊ ကိုမိုးတိမ်က လူရင်းဖြစ်သွားပြီပဲ"

သူတို့စကားကို မိုးတိမ် စိတ်လှုပ်ရှားစွာ နားထောင်နေမိတာဟာ ဘာကြောင့်လဲ။

သူမကလေးမှာ ဆိုင်သူရှိပြီးသား ဖြစ်နေမှာစိုးရိမ်မိလို့ကလွဲရင် ဘာမှမဖြစ်နိုင်။

နေစမ်းပါဦး…ကိုယ်က ညာကို ဘာကြောင့်ပိုင်ရှင်မရှိသေးသူလေးတစ်ယောက် ဖြစ်စေချင်ရတာလဲ။

လျှပ်တစ်ပြက်မှာ လွတ်လပ်သူလေးဖြစ်နေဖို့ ဘာကြောင့်



www.burmeseclassic.com

ချော်လင့်မိတာလဲ။

မိုးတိမ် သူကိုယ်သူပင် အံ့အားသင့်မိသည်။

ကိုယ်ဘာဖြစ်သွားတာလဲ၊ ဒီလောက် ချက်ချင်းအချိန်ခဏလေးမှာ သူမအပေါ် စိတ်တွေ တိမ်းညွှတ်ယစ်မူးသွားမိပြီလား။ မဖြစ်နိုင်ဘူးလို့လည်း သူထင်သည်။

သို့သော် သူကိုယ်သူလည်း ညာမရ။

သူမ ကိုယ်နားလာရပ်ပြီး ပြုံးပြလိုက်ကတည်းက တစ်စုံတစ်ရာဟာ သူ့နှလုံးသားကို ဝင်ဆောင့်လှုပ်နှိုးပစ်လိုက်တာ သေချာသည်။

"ကိုမိုးတိမ်ကရော"

"ဗျာ"

ဖွင့်လင်းသော ရွှေဝါရဲ့အမေးမှာ သူ မျက်စိမျက်နှာ ပျက်သွားသည်။

ဒီလောက်ချက်ချင်းတော့ သူ့အကြောင်းကို ဖွင့်မပြောချင်ပါ။ သို့သော် ညာလေးကို သိလည်းသိစေချင်သည်။





"ဘာကိုမေးတာလဲ"

သူက အူကြောင်ကြောင်လုပ်ကာ ပြန်မေးလိုက်သည်။

"ဘယ်တော့စားရမှာလဲဆိုတာ"

"ကျွန်တော်လား"

သူက ရယ်ကျဲကျဲလေး လုပ်ပြီးမှ နှုတ်ခမ်းတစ်ချက်ကိုက်ပြီး ခေါင်းဆတ်သည်။

"အင်းပေါ့...အမှန်အတိုင်းပြောနော်"

ရွှေဝါကလည်း မိုးတိမ်နှုတ်က ပြောသော ကိုယ်ရေးကိုယ်တာ အရေးကြီးကိစ္စကို သိချင်ဟန်တူသည်။

"ကျွန်တော်က ပြီးသွားပြီ"

"ရှင်...ဟုတ်လား၊ သိတောင်မသိဘူး။ အင်တာဗျူးဖြေရင်း အိမ်ထောင်ရေးအကြောင်းလည်း မပါဘူး၊ မိန်းမအကြောင်းလည်း တစ်ခါမှမပြောဘူး၊ လျှို့ထားတာပေါ့လေ ဟုတ်လား"

ရွှေဝါ့မျက်နှာလေး တစ်မျိုးဖြစ်သွား၏။

ချက်ချင်းလို ကိုယ်ရှိန်သတ်ပြီး ငြိမ်ကျသွားသည်။

www.burmeseclassic.com



သူတို့ ထိုအကြောင်းကို မသိတာပါ။ မိုးတိမ်တောက်ကို လူရိုးဒါရိုက်တာလို့ပဲ တထစ်ချမှတ်ယူထားတာ။

"ကြာပါပြီ၊ ဒါရိုက်တာမလုပ်ဖြစ်ခင်ကတည်းက အိမ်ထောင်ကျခဲ့တယ်"

မိုးတိမ်က တိုးတိတ်စွာဖြေရင်း ညာ့မျက်နှာလေးကို မရဲတရဲ ကြည့်မိသည်။ အားလုံးထဲမှာ ညာက အံ့ဩဟန်မပြ။ သူမ မျက်နှာမှာ ဘာမှမပြောင်းလဲ။ သူမအတွက် သတင်းထူးဖြစ်ဟန် မတူ။

ဘာကြောင့်လဲ။

"ညာ...ကျွန်တော့်အကြောင်းသိလား"

ရုတ်တရက် မေးမည်မထင်ဘဲ မေးတော့ ညာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

"ရှင်"

"အို...သူက ပိုတောင်သိမှာမဟုတ်ဘူး၊ ပြန်ရောက်တာတောင် တစ်လလောက်ပဲရှိသေးတဲ့ဥစ္စာ"





ရွှေဝါက ညာမဖြေချင်သော မေးခွန်းကို သွက်သွက်လက်လက် ဝင်ဖြေပေးတာ ကျေးဇူးတင်ရ၏။

"ဟုတ်လား"

မိုးတိမ်က တစ်မျိုးသောအဓိပ္ပါယ်လေးနှင့် ညာ့မျက်နှာကို တစ်ချက်ကြည့်ပြီးမှ အဝေးကိုအကြည့်ပို့ရင်း...

"လက်ထပ်ပြီးတော့ တစ်နှစ်လောက်မှာပဲ ပြန်ကွဲသွားတယ်ဗျ"

"ဩော်"

သူမတို့က အားနာသလို တိတ်သွားသည်။

"သူက တခြားလူတစ်ယောက်ဆီ ရောက်သွားတယ်ဆိုပါတော့ဗျာ၊ ကျွန်တော်က အဲဒီကိစ္စမှာ ဘုရတ်ကင်းဖြစ်သွားတော့ နည်းနည်းတော့ စိတ်ဓာတ်ကျတာအမှန်ပဲ။ ဟိုဒီလျှောက်သွားလေလွင့်ခဲ့သေးတယ်။ ခုနောက်ပိုင်းမှ ဒီအလုပ်ကို ဇောက်ချဖြစ်တော့မှ ကျွန်တော့်ဘဝ ပြန်အနေညထိုင်လာတယ်၊ အေးအေးဆေးဆေး ဖြစ်သွားတယ်၊ ခင်ဗျားတို့ကို ခင်လို့ပြောပြတာပါ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တော်နဲ့တော်မှုဆို အဲဒီအကြောင်းကို ပြန်မသွားဘူး၊ မေ့ထားတာကြာပြီလေ၊ အခု ဒီအတိုင်းပဲ ကျွန်တော်ပျော်နေတာ"

"စိတ်မကောင်းစရာပဲ"

"အဟား...ကျွန်တော်က မေ့လိုက်ပြီ"

သူတကယ်မေ့နိုင်သလား၊ မမေ့နိုင်သလား ညွှာ အကဲမခတ်တတ်။ လောလောဆယ် သူမျက်နှာတော့ နာကျင်ကြေကွဲ ရိပ်တွေ ယှက်သန်းမနေ။

မိုးတိမ် ဟန်ဆောင်ကောင်းလို့လည်း ဖြစ်နိုင်ပါသည်။

"အချစ်ကနေလည်း အမုန်းဖြစ်သွားနိုင်တယ်နော်"

ရွှေဝါ မှတ်ချက်ချရာ သူက...

"မသိဘူးဗျ...အချစ်တွေ အမုန်းတွေ ကျွန်တော် နားမလည်တာအမှန်ပဲ၊ အစကလည်း အမေသဘောတူလို့ လက်ထပ်ဖြစ်သွားတာ၊ လမ်းခွဲတော့လည်း အမေက မတားပါဘူး၊ ကျွန်တော်တို့ နှစ်ယောက်က မဆုံသင့်ဘဲ ဆုံတာလို့ပဲ ပြောရမယ်ထင်တယ်၊ အခုတော့လည်း အားလုံးပြီးသွားပါပြီ"





ပြီးသွားပြီဆိုတော့ တစ်ကနေ အစကနေ ဘဝတစ်ခုပြန်စမယ်ဆိုတဲ့ သဘောလား။

ရွှေဝါက ထပ်မမေးတော့ဘဲ နှုတ်ဆိတ်နေလိုက်သည်။

သူ့နှုတ်ကနေ သူကိုယ်တိုင် အတိတ်က မိန်းမရှိခဲ့ဖူးတာ ဝန်ခံထားပြီမို့ ဆက်လည်းမမေးချင်တော့ပါ။

ပြီးတော့ မိုးတိမ်မျက်လုံးတွေက သိသိသာသာ ညှာဖက် ပိုရောက်နေတာ ရွှေဝါ သိသည်။ လက်သင့်လည်း ခံနိုင်သွားပြီ။

အခုနကတော့ ရွှေဝါ့ဆီ ပိုအာရုံရောက်စေချင်မိတာ ဝန်ခံပါသည်။ အခုတော့လည်း စိတ်က ချက်ချင်းပြောင်းလဲ သွေးအေးသွားသည်။

သူ့ဘာသာ ဘယ်သူ့ပိုဂရုစိုက်စိုက်လေ။

ရွှေဝါ စိတ်မဝင်စားတော့ သူဟာ ရွှေဝါ့အတွက်မှ စိတ်ဝင်စားစရာမကောင်းတော့ပါ။

ညှာရင်ထဲ ဘာဖြစ်မဖြစ်တော့ သူမလည်း မသိ။ နွေးထွေးသော ညှာမျက်လုံးလေးတွေ ပြောင်းလဲအေးစက်သွားမှာပဲလို့ မိုးတိမ်

www.burmeseclassic.com



ထင်ထားပေမယ့် သူအထင် မှားယွင်းခဲ့သည်။

ညွာရဲ့အကြည့်မှာ လေးစားသော၊ စာနာနားလည်ပေးနိုင်သော အရိပ်အငွေ့လေးပင် ပိုလာသည်ဟု ထင်ရသည်။

တကယ်လည်းပဲ အခုမှတွေ့ရတဲ့ မိတ်ဆွေမိန်းကလေးတွေအပေါ် သူမညာဘဲ အမှန်အတိုင်း ဖွင့်ပြောဝန်ခံခဲ့တာကို ညွာတလေးတစား အသိအမှတ်ပြုရပါသည်။

တကယ်ဆို သူမပြောဘဲထားလည်း ရတာပဲ။ ပြီးသွားပြီဖြစ်တဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲဥစ္စာ။ ရွှေဝါ မေးခွန်းကို နောက်သလို ပြောင်သလို ရောချလိုက်လည်း ရတာပဲမဟုတ်လား။ အခုတော့ သူက ပွင့်ပွင့်လင်းလင်း အမှန်အတိုင်း ပြောပြခဲ့သည်။ ထိန်ချန်ကွေ့ဝိုက်မသွား။

ရှင်ဟာ ညွာအထင်ကြီးလေးစားရတဲ့ ယောကျ်ားမျိုးထဲပါတယ် ကိုမိုးတိမ်။

ရှင့်ဘဝမှာ ဘာတွေပဲ ကြုံခဲ့ကြုံခဲ့ ညွာ ရှင့်အပေါ်ထားတဲ့ စိတ်တွေ ပြောင်းလဲယိုင်နဲ့သွားမှာ မဟုတ်ပါဘူး။





ညွာတခိုင်ရဲ့ အလေးအနက်ပုံစံလေးကို စီစီတို့ကလည်း သတိထားမိသည်။

ဟိုဖက်ကတော့ အိမ်ထောင်ပျက်ဖူးသူလို့ ဆိုနေပြီ။ ဒါကိုပင် မိညွာလေးက စိတ်ပျက်သွားပုံမရပါလား။

အကဲခတ်မိကာ နည်းနည်းတော့ ရင်လေးသွားရသည်။

အံဒီရွှေဝါမ စတဲ့ဇာတ်လမ်းပေါ့။

သူဆက်ခေါ့ပြီး သွားမိတ်မဖွဲ့ရင် ညွာနှင့် မိုးတိမ် ဆုံမှာမဟုတ်။ အခုတော့ ခင်မင်ရင်းနှီးလို့ ဖုန်းနံပါတ်တွေတောင် အချင်းချင်း အပြန်အလှန် လဲလှယ်ထားပြီးပြီ။

ရွှေဝါ၊ စီစီနှင့် မယ်အုန်းကတော့ သူ့ကို စီးပွားရေးအရ လူမှုရေးအရသာ ပတ်သက်ခင်မင်မှာမို့ ပြဿနာမရှိလှ။ စိတ်ပူရတာ ညွာလေးအတွက်ပါ။

ကိုယ့်သူငယ်ချင်း အပျိုစင်လေးကို အိမ်ထောင်သည်ဖြစ်ဖူးသူ တစ်ခုလပ်နှင့် မဆုံစေချင်တာကတော့ ရင်ထဲက စေတနာပဲဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှိန်နှင့်လူမျိုးဆိုရင်တော့ မတားလိုပါဘူး။

သို့သော် ဒါက ညာသဘော၊ ညာဆုံးဖြတ်ရမှာပဲ။

ညနေစောင်းသောအခါ ကိုမိုးတိမ်က သူ့အဖွဲ့သားတွေနှင့် မြန်သွားသလို ညာကလည်း စီစီတို့ကားနှင့်သာ လိုက်ပါလာသည်။

"ရှင့် အရမ်းသိသာတယ်နော် ညာ"

"ဟင်…ဘာကိုလဲ"

"အံမယ်…သူက ဟန်များဦးမယ်၊ ပဲများဦးမယ်၊ ကြည့်"

ညာက အရှက်ပြေ ခပ်တိုးတိုး ရယ်လိုက်သည်။

"မစဉ်းစားပါနဲ့ဟယ်၊ ဘာလုပ်မှာလဲ"

"ညာက ဘာကိုစဉ်းစားနေလို့လဲ"

"ရှင်နဲ့ မိုးတိမ်တောက်နဲ့ မလိုက်ပါဘူး"

"ဩော်…ရှင်တို့ကလည်းနော် သူကဖြင့် ဘာမှမပြောရသေးဘူး"

"မီးသေးရှောင်၊ မလောင်ခင်တားတဲ့"





ညာ့ရင်ထဲမှာ လှုပ်ရှားသွားသည်။

တစ်ကြိမ်လေး ဆုံတာနှင့် သူတို့ ဘာကြောင့် ကြိုတင် တားမြစ်နေတာလဲ။

"ဟုတ်တယ်…ရှေ့ရေးကို ကြိုမြင်နေရတယ်၊ သူ့ဖုန်း ဆက်ရင် ရှင်မအီနဲ့နော်၊ အပြတ်သာခြင်းပစ်လိုက်"

"အဟင်း…ဟင်း"

"ဘာရယ်နေတာလဲ"

"ရှင်တို့စိတ်ပူနေတာ ရယ်ရတာပေါ့"

"သဘောမတူဘူးပေါ့…ဒါကြောင့်"

"စောပါသေးတယ်"

"အို…မစောဘူး၊ ကြည့်နေတာ မျက်စိတွေ ကျွတ်ကျတော့မယ်"

"ရွှေဝါနဲ့ စကားတွေပြောနေတာပါ"

"အံမယ်…မဆိုင်ဘူးနော်၊ ကျုပ်ကို ဆွဲမထည့်နဲ့ ညာရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူအရင် မိတ်ဆက်တာလဲ"

"အဲဒါက တစ်ကဏ္ဍပါ၊ ရှင်နဲ့ မိုးတိမ်နဲ့သာ ချိတ်နေကြတာ"

"ဘာချိတ်တာလဲ ရှေ့ဝါရယ်၊ ရှင်းရှင်းပြောမှပေါ့"

ကားလေးထဲ စကားသံ ရယ်သံတို့ ညံစီနေသည်။

"မျက်လုံးချင်းလေ"

"အင်းလေ...ဟုတ်ပါ့"

"ညှာ...သူ့ကို သဘောကျတယ် မယ်အုန်းရဲ့"

"ဘုရားရေ"

"တွေ့တာ တစ်နာရီမှပြည့်ရဲ့လား"

"ချက်ချင်းကြီး ဒီလောက်ဖြစ်စရာလား"

ညှာက ပြုံးစိစိလေးသာ ငြိမ်နေသည်။ အခုအချိန်မှာ ဒီထက်ပိုပြီးလည်း မပြောချင်။

သူ့ဖက်က ဘာမှန်းသိသေးတာလဲ မဟုတ်။

သဘောကျတယ်လို့ တစ်ခွန်း လွှတ်ခနဲ ထွက်သွားမိတာ





ပင် လွန်လှပြီ။

ရှေ့ဆက်ဝန်ခံလို့တော့ မဖြစ်ချေ။

နှုတ်ခမ်းလေးကိုက်ကာ ညှာက တိတ်သွားသည်။

"ကဲပါလေ...ဘာပဲဖြစ်ဖြစ် ရှင် ကျုပ်တို့နဲ့တော့ တိုင်ပင်ဦးနော်၊ ညှာရေ...တစ်ယောက်တည်းတော့ ကြိတ်ပုန်းမခုတ်နဲ့၊ မိုးတိမ်ဖက်က ဖုန်းဆက်ရင် တစ်ခုခုထူးခြားရင် ကျုပ်တို့ကို ပြောပြရမယ်၊ ဒါပဲ"

"အင်းပါဟယ်...ညှာ့မှာလည်း ရှင်တို့ပဲရှိတဲ့ဥစ္စာ"

ညှာက သူမမိခင်ကိုထားပြီး တစ်ယောက်တည်း ပြန်လာခဲ့တာ။ အခုလည်း သူ့တိုက်ခန်းမှာ ကလေးသာသာ အဖော်ကောင်မလေးတစ်ယောက်ခေါ်ပြီး နေနေတာလေ။ သူငယ်ချင်းတွေအိမ်တစ်လှည့်စီနေပါ့ဆိုတာ ပြောမရ။

ဒီမိန်းမက တစ်ဦးတည်း လွတ်လွတ်လပ်လပ် နေရတဲ့အရသာကို ကြိုက်နေပြီလေ။ နေသားလည်း ကျနေခဲ့ပြီးသား။ ဟိုမှာတုန်းကလည်း သူ့အမေက တစ်နေရာ သူက တစ်နေရာ။

www.burmeseclassic.com



ဝိတ်ရတ်တွေမှသာ အတူတွေ့ဆုံချက်ပြုတ်စားရတာတဲ့။

ပြောရမည်ဆိုလျှင်တော့ ညာတနိုင်သည် ခေါင်းမာမာနှင့် တစွတ်ထိုးဆန်သူလေးပါ။

ဒါကြောင့်လည်း သူတို့မှာ ဝိုင်းဝန်းသတိပေးနေရတာ။ ဈေးဝယ်တာ မမှားအောင်လေ။

သူတို့ထင်တာက ညာနှင့် မိုးတိမ်ဟာ ဒီညနေမှ အမှတ်မထင် တွေ့ကြတာပဲရယ်လို့လေ။

အမှန်တော့ မိုးတိမ်နှင့် ညာတို့ရဲ့ ပတ်သက်ဆက်နွယ်မှုမှာ သူတို့မသိသေးတာတွေ အများကြီးပဲရှိပါသေးသည်။



အမှန်အတိုင်းဝန်ခံရမည်ဆိုလျှင် ထိုညက ကိုမိုးတိမ် ဖုန်းဆက်မှာပဲဟု တထစ်ချထင်နေမိတာ ညာက သူ့ဖုန်းကိုစောင့်မျှော်နေခဲ့မိသည်။

သူပုံက ညာကို ယုံကြည်ချက်ထစ်ခု ရှိစေလို့ပါ။

သူသည် ဒါရိုက်တာ လူငယ်လေးပီပီ လှုပ်ရှားမှုတွေ များလည်းအကဲခတ်တတ်လို့ပဲ ပရိယာယ်ကြွယ်နေသလား မသိပေ။

ထိုညက လုံးဝဖုန်းမခေါ်။

ညာကလည်း တင်းထားသည်။ ကိုယ်တခြီး ဆက်သွယ်သူ မဖြစ်ချင်။ ဟင်းနှိဆက်လေးကို လက်ထဲဆုပ်ထားပြီး ညာအတန်ကြာ ချီတုံချတုံ ဖြစ်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတမင် ညှာ့ကို ကလိချင်လို့ပဲ မဆက်သွယ်တာလား။

ဒါမှမဟုတ် အကြောင်းမရှိ အကြောင်းရှာပြီး ဖုန်းပြောရမှာ ရှက်သလို ဝန်လေးသလို ဖြစ်နေလို့လား။

နောက်တစ်ချက်ကတော့ ညှာ့စိတ်တွေကို တွေဝေပျော့ညံ့စေတဲ့ အကြောင်းရင်းပေါ့။

သူဟာ အိမ်ထောင်ပျက်တစ်ယောက်ဆိုပြီး သူ့ကိုယ်သူ အားငယ်ပြီး တွန့်ဆုတ်တွေဝေ တုံ့ဆိုင်းနေတာမျိုးလား။

အဲလိုတော့ မဖြစ်စေချင်။

ဒါပေမယ့် သူလည်း စဉ်းစားမှာပင်။ ညှာ့အပေါ် တလေးတနက် မေတ္တာသက်ဝင်မိပြီဆိုတာနှင့် သူ့ရဲ့သမိုင်းကြောင်းကို သူပြန်လှေ့လာသုံးသပ်မှာပဲလေ။

အို…နေစမ်းပါဦး ညှာက ဘာလို့ မေတ္တာသက်ဝင်နေပြီလို့ ထင်ရတာတုန်း။ အခုမှ တစ်ခါလေး တွေ့ဆုံစကားပြောဖူးရုံလေး ရှိသေးတာကို။

ညှာတခိုင်သည် သူမကိုယ်သူမ ရှက်သွားမိကာ ဖုန်းလေး





ကို စားပွဲမှာချထားလျက် ဝရန်တာဆီ ထွက်ခဲ့သည်။

ညသည် တိတ်ဆိတ်ငြိမ်သက်နေ၏။ သူမတို့ ဝရန်တာကျယ်ကျယ်မှ လှမ်းကြည့်လျှင် ဟိုဖက်မှာ အထက်တန်းကျောင်းဝင်းကြီးကို မြင်နေရသည်။

လမ်းရဲ့ဟိုဖက်ခြမ်းမှာ ကျောင်းပဲရှိသည်။ သစ်ပင်ကြီးငယ်တို့ အုံ့ဆိုင်းနေသဖြင့် ပိုမိုတိတ်ဆိတ်ငြိမ်သက်ကာ မှောင်နေသည်။ လေပြေလေးကတော့ တသုန်သုန်တိုက်ခတ်လျက် ရှိနေတာမို့ ရင်ထဲအေးမြငြိမ်းချမ်းစေသည်။

ညှာသည် ဂုတ်သိုင်းကြိုးပါသော လီနင်ပိုးသား ဂါဝန်ပျော့ပျော့လေးနှင့်မို့ ချက်ချင်းလို ပခုံးသားတွေ အေးစက်လာသည်။ သူမဆံနွယ်ပျော့စင်းစင်းလေးတွေက လေမှာ ဝဲလွင့်နေသည်။

ဒီလို အေးမြသာယာလှတဲ့ ညချမ်းလေးမှာ သူမ တမ်းတမိတာ ကိုမိုးတိမ်ရဲ့ စကားသံလေးတွေပါ။

လူအနားကို ရောက်မလာလျှင်တောင် ဖုန်းထဲကတော့ အသံကြားချင်သေးတာပေါ့။



www.burmeseclassic.com

အို…ဒါကလည်း ရှုံးသွပ်မှုတစ်မျိုးပဲပေါ့နော်။ ဟိုးအရင်ကတည်းက ညှာ့ရင်ထဲမှာ ရှိနေတဲ့ ဆန္ဒ အခုအချိန်ထိလည်း ပြောင်းလဲသေးပါ။

ကိုမိုးတိမ်နှင့် ပတ်သက်လျှင် သူမရဲ့ နှလုံးသားဟာ ထေင်မှတ်လောက်အောင်ပင် ညွတ်နူးပျော့ပျောင်းပြီး အလွန်စိတ်ရှည်စွာ မြတ်နိုးပျော်ဝင်လေသည်။

အပျိုပေါက်စလေးရဲ့ ပထမဦးဆုံး ရင်ခုန်သံဖြစ်ခဲ့လို့များလား။

ညှာ့စိတ်ကူးထဲက ပထမဦးဆုံး ဓာတ်လိုက်ဆိုတာ သူပဲပေါ့။ အချစ်ဆိုတာ ဘာမှန်းမသိ ညှာမှန်းမသိဘဲ သူ့အပေါ် စတင်စိတ်လှုပ်ရှားခဲ့ရတာလေ။

ညှာတို့ ကျောင်းသွားရင် အဲဒီတင်းနစ်ကွတ်လေးက လမ်းမကနေပဲ ဖြတ်လျှောက်သွားရတာမို့ ညှာ်က အမြဲပဲ သူရှိနိုး လှည့်လှည့်ကြည့်ရတာ အမောပါ။

တစ်ခါတစ်ရံ သူရှိနေသည်။ ညှာကို အဝေးကနေ လက်ပြ





နှုတ်ဆက်တတ်သည်။

သူဟာ သူ့ပတ်ဝန်းကျင်မှာ လူပြောများသော လူကြိုက်ပေါသော ကောင်လေးတစ်ယောက်ဆိုတာ ညှာ နောက်မှသိရသည်။

"မိုးတိမ်တောက်က တင်းနစ်ချန်ပီယံဟဲ့၊ သီချင်းလည်း အဆိုကောင်း၊ ဂစ်တာတီးလည်း အရမ်းတော်၊ တမှာလည်း မည့်သူနော်၊ ဘီအီး(ဆေးဗယ်လ်)တက်နေတာတဲ့၊ သူ့အမေကလည်း ယော့ရှော့ဟဲ့သိလား၊ သူနဲ့ဆို မောင်နှမလိုပဲ၊ သူ့အမေက အေရိုးဆ်ဆရာမလေ၊ အန်တီဒေဝီဆိုတာ နာမည်ကြီးပဲ"

"သူ့အဖေကရော"

"မရှိတော့ဘူးတဲ့"

"သူက တစ်ဦးတည်းသောသားပေါ့"

"အင်း"

ညှာက အတန်းနည်းနည်း ရလာသောအခါ မိုးတိမ်တောက်အပေါ် ပိုမိုစိတ်ဝင်စားလာခဲ့သည်။

ညှာတို့ ကျူရှင်မှာ သူ့ကို ကောင်းကောင်းသိနေသော

www.burmeseclassic.com

မေသက်ထားကို သူ့အကြောင်းတွေ မေးမြန်းကြည့်ရတာလည်း

အခေါ၍။

"မေသက်တို့နားက သီချင်းရေးဆရာဆီကို သူ့အမြဲလာ

တယ်သိလား"

"သူတစ်ယောက်တည်း လာတာလား"

"အင်း..ညဖက်ဆို အဲဒီဝရန်တာမှာ သူတို့သီချင်းတွေ

အော်ဆိုနေကြရော၊ နားထောင်လို့တော့ ကောင်းပါတယ်၊ နောက်

တစ်ခါ သူတို့အဖွဲ့တွေလာရင် မေသက် နင့်ဆီ ဖုန်းဆက်ပေးမော်

သိလား"

"အို...ဘာလုပ်ဖို့လဲ"

"ငါတို့နှစ်ယောက် စာအတူကျက်ရင်း နားထောင်ရအော

ပေါ့လို့၊ နင့်အမေက ငါ့ဆီ စာလာကျက်မယ်ပြောရင် လွှတ်မှာပါ"

"အင်း"

သူမ "အင်း"ကလေးက အသံရှည်ဆွဲသွားရသည်။

ခုတလော အိမ်မှာ ဖေဖေနှင့်မေမေ အဆင်မပြေ။ မကြာ





...တာ စကားများကြ၊ ရန်ဖြစ်ကြနှင့် ဝုန်းဒိုင်းကြဲနေကြသည်မဟုတ်

...လား။

ညာတခိုင်သည် ထိုအကြောင်းတွေ မေသက်ကိုလည်း

...မပြောချင်။ အိမ်တွင်းရေးတွေ ဘယ်သူ့ကို တိုင်ပင်ပြောပြရမလဲ

...ဆိုတာ သူမမသိ။ စိတ်ညစ်တာပဲသိသည်။

မေသက်ပြောသလို သူ့အိမ် စာသွားကျက်ရမလား။

...ညာတခိုင်ကသာ ဖေဖေနှင့် မေမေတို့ ပြဿနာကြောင့် စိတ်အနှောင့်

...အယှက် ဖြစ်နေရပေမယ့် ညာတခိုင် အစ်မ ရေခဲငွေ့ကတော့ဖြင့်

...ပျော်ပျော်နှင့် ပူပင်ကြောင့်ကြမှုမဲ့စွာ နေတတ်လေသည်။

သူနှင့်ညာက ဘယ်တော့မှ စိတ်ချင်းမနီးစပ်။

မနီးစပ်ဆိုတာလည်း သူစိမ်းကနေ ညီအစ်မတော်ရတာ

...ပြီး။

ရေခဲငွေ့က ဖေဖေနှင့် ပါလာသော သမီးကြီး၊ ညာက

...မေမေ့ဖက်ကပါလာသော သမီးငယ်။

ဖေဖေနှင့်မေမေဟာ လက်ထပ်တော့ ကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စီ ပါလာပြီးသားလေ။

မီသားစုလေးယောက်အဖြစ် ပေါင်းစပ်စုစည်းသွားပေမယ့် အိမ်မှာ မေမေနှင့် ရေခဲငွေ့က တစ်ဖက်၊ မေမေနှင့် ညှာက တစ်ဖက် အမြဲပဲ ပဋိပက္ခလေးတွေ ရှိကြသည်။

"မေမေ…ညှာကို မမငွေ့လွယ်တဲ့ ကျောပိုးအိတ်မျိုး ဝယ်ပေးနော်"

"အို…နေစမ်းပါ၊ သူထက်သာတဲ့ဟာမျိုး မေမေ ဟိုက နေ မှာပေးမယ်၊ ခဏလေးစောင့်၊ သူ့လိုအိတ်မျိုးက ဒီမှာ ဈေးပေါ ပါတယ်၊ မမက်စမ်းပါနဲ့"

သူ့သမီးအတွက်သာ သူဝယ်သော ဦးသိန်းဆွေကို မေမေ က မကျေနပ်။ သမီးနှစ်ယောက်ရှိတာ တန်းတူဝယ်ခြမ်းပေးသင့် တာပေါ့။ အခုတော့ သူက ကောင်းမွေညွှန်မွေဆိုတာတွေ ရေခဲငွေ့ အတွက်ချည်းပဲ ဝယ်လာသည်။ အငယ်မ ညှာအတွက်ဆိုရင် သူမ ကပဲ ဝယ်ပေးခြမ်းပေး ဆင်ပေးဆိုတဲ့သဘော။

လက်ဝတ်ရတနာတွေဆိုလည်း သူ့သမီး ရေခဲငွေ့အတွက်





ချည်းပဲ။

အမွေအားလုံးလည်း ရေခဲငွေ့ကိုပဲ ပေးမယ်ဆိုတာ အခု ကတည်းက ကြေညာထားသည်။

မေမေ့ရဲ့ မိဘဆွေမျိုး အသိုင်းအဝိုင်းတွေက နိုင်ငံခြား ရောက်နေကြတာများသည်။ မေမေတစ်ယောက်ပဲ ရန်ကုန်မှာ ကျန်နေခဲ့တာ။ မေမေ့အမေ ညှာ့အဘွားက အသက်ကြီးပြီ။ အားထားစရာ အဖော်အလျော်အဖြစ် မေမေ့ကို ခေါ်ယူချင်တာ ကြာပြီလေ။

မေမေက ဖေဖေ့ကြောင့် မသွားနိုင်။

သူမဖက်က ပေးဆပ်ခြင်းများစွာနှင့် အနစ်နာခံပြီး ချစ်ရ သလောက် ဦးသိန်းဆွေက သူမအပေါ် မတုံ့ပြန်ပါလားဟု ညှာ အမေက ခံစားရသည်။

သမီးလေးညှာကို ရေခဲငွေ့နှင့် ခွဲခြားပြီး ချစ်တာကိုတော့ သူမ အခံပြင်း၊ အနာကျင်ရဆုံးဖြစ်သည်။

"အန်တီထား ဖေဖေ့ကို အော်စရာမလိုဘူး၊ မကျေနပ်ရင်



www.burmeseclassic.com

www.burmeseclassic.com



အန်တီထားဆင်းသွားပေါ့၊ ဒါပဲရှိတာပဲ"

ရေခဲငွေက မေမေ့ကို ခံပက်တတ်၊ အော်ငေါက်တတ်တာ ညှာ အဆုန်းဆုံးပါပဲ။

လင်မယားချင်း စကားများလည်း သူမက အဖေဖက်က ဝင်ပါသည်။ ညှာကတော့ အိမ်မှာ ကိုယ်က ကလေးမို့ ပြောချင်ရင်တောင် ဝင်မပြော။ မိဘအပေါ် ရှိသေသမှုထားသည်။ ဦးသိန်းဆွေကိုလည်း ဖေဖေဟုသာခေါ်ပြီး အဖေရင်းလိုပဲ သဘောထားကာ လေးစားရိုကျိုးသည်။

မမရေခဲငွေကတော့ မေမေ့ကို 'အန်တီထား'ဟုသာ ခေါ်ရုံမက-မိခင်လို သဘောမထားဘဲ မိထွေးကဲ့သို့ ပမာမခန့် ဆက်ဆံတတ်သည်။ သို့သော် မေမေက ဖွေမယူအပြစ်မဆို။ မမရေခဲငွေ့ရဲ့ သည်းညည်းကို ခံယူဖို့ ဆုံးဖြတ်ထားသလိုပုံစံနှင့် ခပ်ပေပေနှင့် ငြိမ်နေတတ်သည်။

ညှာက နှုတ်ပိတ်သည်းခံတတ်လွန်းသော မေမေ့ကို အသည်းယားလှသည်။ မေမေ့ရဲ့ အလျှော့ပေးသလို ဆက်ဆံရေး





ကိုလည်း စိတ်မကောင်းဖြစ်ရသည်။

ထိုသို့ စိတ်ပျက်ဖွယ်သော အိမ်တွင်းရေး ပဋိပက္ခတို့ကြားမှာပဲ ညှာတခိုင် ဆယ်တန်းရောက်လာသည်။

အရေးကြီးသော်နှစ်မို့ သူမက စာကိုကြိုးစားပမ်းစား ဖိလုပ်နေတုန်းမှာပဲ ဖေဖေနှင့် မေမေတို့ရဲ့ အိမ်ထောင်ရေးအက်ကြောင်း ပိုမိုကြီးကျယ်ပြင်းထန်လာခဲ့သည်။

"မေမေရေ··ညှာပြန်လာပြီ"

ကျောင်းကအပြန် ညှာကအော်ပြီး အိမ်ထဲဝင်လာတော့ မမရေခဲက ခါးထောက်ရပ်ကြည့်ရင်း···

"ဟဲ့···အော်မနေနဲ့၊ နင့်အမေမရှိဘူး"

"ဘယ်သွားလဲဟင်"

"အို···ငါလည်းဘယ်သိပါ့မလဲ၊ ဖေဖေနဲ့ စကားများပြီး ထွက်သွားတာပဲ"

"ဒါဆို ဖေဖေရော"

"ရှိသားပဲ···အပေါ်ထပ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းဆွေက ညနေပိုင်းဆို သူ့အပေါင်းအသင်း တစ်ဦး ဦးနှင့် အိမ်ပေါ်ထပ် လသာဆောင်မှာ ဘီယာသောက်ရင်း အပန်းဖြေတတ်သည်။

မေမေနှင့် အိမ်ကအဖော် ဒေါ်ကြီးတို့က စားစရာအမြည်း တို့ တစ်ခုပြီးတစ်ခု စီစဉ်ပေးရသည်။ အမေနှင့် အဆင်မပြေတဲ့ရက် ဆို ဦးသိန်းဆွေက အပြင်က ရက်စဘောရင့်တွေမှာ သွားသောက် တတ်တာပါ။ အခု ဒီတစ်ခါမှ ဘာစိတ်ကူးပေါက်သလဲမသိ။

အခုတလော ဦးသိန်းဆွေက သူ၏အမျိုးသမီးအဖော် တစ်ယောက်နှင့် တတွဲတွဲလုပ်နေသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး မေမေ ပေါက်ကွဲတာပဲဖြစ်လိမ့်မည်။

ညွှာသည် မျက်နှာလေးပျက်သွားရင်း မမငွေ့ကို ဘာမှ ဆက်မမေးတော့ဘဲ သူမအခန်းထဲသို့ ဝင်လာသည်။

ကျောင်းအင်္ကျီကို လဲလှယ်ကာ အိမ်နေရင်းဝတ်စုံ စပန့် သားဝမ်းဆက်လေးကို ဝတ်လိုက်သည်။

စိတ်တွေ ညစ်ညူးပင်ပန်းလာတဲ့အခါ သူမ စာကြည့်စားပွဲ





မှာရှိနေတဲ့ ဓာတ်ပုံလေးတစ်ပုံက အားဆေးပါပဲ။

ဓာတ်ပုံထဲက ပြုံးရယ်စိုက်ကြည့်နေသူကို ညွှာ ဖွဖွလေး ပြုံးပြလိုက်သည်။

"ဗိုက်ဆာနေပြီ၊ ညွှာ ထမင်းသွားစားဦးမယ်"

သူ့ကို အဖော်တစ်ဦးလိုပဲ ညွှာက တိုးတိုးနှုတ်ဆက်သည်။

ပြီးတော့ အခန်းထဲက လှည့်ထွက်မည်ပြင်နိုက်... "

"မိညွှာ"

သူမတံခါးဝမှာ ပေါ်လာသူက မမငွေ့။

"ဟင်"

"ငါ့မှာ လက်သည်းဖျက်ဆေးကုန်နေလို့ နင့်မှာရှိရင် ပေးစမ်းပါဦး"

"အင်း...အင်း"

ရေခဲငွေ့က အခန်းတွင်းသို့ လှမ်းဝင်လာရင်း သူမရဲ့ စားပွဲပေါ်က ဓာတ်ပုံကို မြင်သွားပြီး...

"ဟဲ့...ဒါက ဘယ်သူတုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာကိုပိုက်ပြီး ရယ်ဟဟမြုံးချိချိ ကြည့်နေတဲ့ရုပ်ကို ငွေ့က မဲ့ပြုံးလေးနှင့် တစ်ချက်ကြည့်ရင်း မေးခွန်းထုတ်လိုက်တာကြောင့် မှန်တင်ခုံနားမှာ ရှိနေတဲ့ ညာက ဖျတ်ခနဲ လှည့်ကြည့်ရင်း ရှက်ရွံ့လန့်ဖျပ်သွားရပါသည်။

"ဘယ်သူမှ မဟုတ်ပါဘူး၊ ညာတို့ကျောင်းမှာ ဆရာကန်တော့ပွဲတုန်းက သီချင်းလာဆိုတဲ့သူပါ"

"နင်က သူ့ဓာတ်ပုံကို ဘာလုပ်ဖို့လဲ"

"ဘာမှမလုပ်ပါဘူး"

"ကောင်မလေးနော်"

ရေခဲငွေ့က လက်ညှိုးထောင်ရင်း ကြိမ်းသည်။

ညာ့ပုံစံလေးကို အကဲခတ်သလို ဟန်နှင့် ခပ်တင်းတင်းစူးရှရှလည်း စိုက်ကြည့်သည်။

ညာက မလုံမလဲ ဟန်ပန်လေးဖြင့်...

"သူက မေသက်နဲ့သိတာပါ၊ ညာနဲ့ မသိပါဘူး"

"ဩော်...မသိတဲ့ယောက်ျားလေးတစ်ယောက် ဓာတ်ပုံ





ကို နင်က ဘာကိစ္စနဲ့ တယုတယ သိမ်းထားရတာလဲ၊ ညာနော် အသက်က ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်၊ စိတ်ကူးယဉ်ဖို့ မစဉ်းစားနဲ့ ဟွန်း"

ညာတခိုင် မျက်နှာလေး ပျက်သွားရသည်။

သူမကို စွက်စွက်ဖက်ဖက် ဆုံးမလိုက်သော ရေခဲငွေ့ပုံစံခပ်တင်းတင်းကိုလည်း မနှစ်မြို့နိုင်အောင် ဖြစ်သွားရပါသည်။

တကယ်ဆို ညာ့ကိုယ်ရေးကိုယ်တာ ကိစ္စက သူနှင့်ဘာများဆိုင်လို့လဲ။

"ငါ့ကို ဘုကြည့်ကြည့်မနေနဲ့နော်၊ အန်တီ့ထားနဲ့ တိုင်လိုက်မှာ"

"တိုင်ဘရိုင်ပေါ့...ဘာဖြစ်သေးလဲ၊ မေမေက ညာ့ကိုဆူမှာမဟုတ်ပါဘူး၊ သူကသာ ကြားထဲက အတို့အထောင်လုပ်ချင်နေတာ"

ညာက မှုန်တေ်တေလေးသာ ကြည့်နေမိသည်။

"နေစမ်းပါဦး...ဒါ ဘယ်သူလဲ၊ နင်သိလို့လား ညာ"



www.burmeseclassic.com

www.burmeseclassic.com



ရေခဲငွေ့ မေးလိုက်ပုံက အံ့ထက်စီးနင်းဆန်၏။ ဆံနွယ်ကောက်ကောက်တွေ တစ်ချက်ခါယမ်းရင်း မခိုးမခန့်လေး ပြုံးလိုက်သေးသည်။

"မသိရင်မှတ်ထား၊ သူနာမည်က မိုးတိမ်တောက်တဲ့၊ သီချင်းရေးတဲ့ တိမ်တောက်ဆိုတာ သူပဲလေ"

"ဟင်…မမငွေ့ ဘယ်လိုသိတာလဲ"

ညွှာက မျက်ခုံးလေးပင့်ရင်း အံ့ဩသွားရသည်။

"မသိအဲနေမလား…ဟင်း…ဟင်း တိမ်တောက်အမေက ငါတို့ရဲ့ အေရိုးဗစ်ဆရာမဥစ္စာ၊ သူတို့အိမ်မှာ ထမင်းတစ်ဝိုင်းတည်း လက်ဆုံစားနေကြ၊ အန်တီဒေဝီက သူ့သားကို သိပ်ချစ်တာ၊ သူငယ်ချင်းလိုပေါင်းတာ၊ ကောင်မလေးလှလှမြင်ရင် သူက သူ့သားကို ကြိုက်လားမေးပြီး စ,စနေတာ။ အဟင်း…သူတို့သားအမိက ရယ်ရတယ် သိလား၊ အရှမ်းလည်း ပွင့်လင်းတယ်၊ သဘောလည်းကောင်းတယ်၊ တကယ့်ရှိုင်ရယ်ဖယ်မလီထဲကပဲ၊ နင်ဘာသိလို့လဲ"

ခပ်ပြုံးပြုံးနှင့် သဘောတကျ ချီးမွမ်းနေပြီးမှ ညွှာကို





တစ်ချက်ပြန်ပြီး လေသံတင်းလိုက်သည်။

"မိုးတိမ်ကိုကြိုက်တဲ့ ကောင်မလေးတွေမှ အများကြီး၊ အန်တီဒေဝီက ငါ့ကိုတောင် ချွေးမလို့ စကားခေါ်နေတာ သိရဲ့လား"

"မမငွေ့မှာ ရည်းစားရှိတာပဲ"

"အံမယ်…ရည်းစားရှိတာနဲ့ ဘာဆိုင်လဲ၊ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်တဲ့၊ မကြားဖူးဘူးလား"

ဆတ်ခနဲ မကျေမနပ် ခွန်းတုံ့ပြန်ပုံကြောင့် ညွှာရင်ထဲလေးလံမွန်းကြပ်လို့ အားငယ်သွားရသည်။

မမငွေ့မျက်နှာကိုလည်း နားမလည်စွာ ငေးကြည့်နေမိသည်။

သူ့ ရည်းစားများတာ သိပေမယ့် အခုတလော ခြေငြိမ်ငြိမ်ချက်သားကောင်းနေတာကြောင့် မေမေကပင် ဒီတစ်ယောက်နှင့် ရေခဲငွေ့တော့ အဆင်ပြေပြီထင်ပါရဲ့ဟု ဆိုနေသေးတာ။

အခုတော့ မမငွေ့ရဲ့ပုံကို ကြ ည့်ရတာ တည်ငြိမ်သေးဟန်



www.burmeseclassic.com

www.burmeseclassic.com



မတူပါလား။

"ဟွန်း…မိုးတိမ်ကို ကြိုက်ချင်ရင်များ အလွယ်လေး"

သူကိုယ်သူ ယုံကြည်မှုအပြည့်နှင့် ခပ်မော့မော့ပြောပုံက အမြင်ကပ်စရာကောင်းလှသည်။

ညာက မသိမသာလေး ရှုံ့မဲ့ရင်း…

"မမငွေ့ဘာသာ ဘယ်သူကြိုက်ကြိုက် စိတ်မဝင်စားပါဘူး"

"အဲ့မယ်…နင်က"

"ဒီမှာ remover-ရပြီ၊ ရော့"

လက်သည်းဖျက်ဆေးဗူးကို မမငွေ့ရှေ့ချပေးပြီးတာနှင့် ညာက အောက်ဆင်းဖို့ ရည်ရွယ်ကာ…

"ညာ ဗိုက်ဆာနေပြီ၊ ထမင်းသွားစားတော့မယ်"

ဟု ဆိုလိုက်သည်။

"ဟဲ့…မိညာ နေဦး၊ ဒီဓာတ်ပုံကို သိမ်းထားလိုက်စမ်း နောင်တစ်ခါ မမြင်ချင်ဘူးနော်၊ လူပုံကြည့်တော့ဖြင့် ခွေးပစ်တဲ့





တုတ်ကလေးလောက်ရှိတာ၊ သူကများ အပျိုကြီးစတိုင်လ်နဲ့… ဟွန်း"

ရေခဲငွေ့က အခုတလော သိသိသာသာ အရပ်မြင့်ပြီး လှပချောမောလာတဲ့ ညာတခိုင်ကို အလိုလိုကြည့်မရဘဲ မနာလို ဖြစ်နေမိသည်။

ဒီအိမ်မှာ သူများတွေ ကြည့်ချင်စရာ၊ ပိုးပန်းစရာ အပျိုလေးဆိုလို့ ရေခဲငွေ့တစ်ဦးတည်းသာ ရှိချင်ပါသည်။

ညာတခိုင်ကိုတော့ သူမက ကလေးဘဝကနေ တက်မလာစေချင်။ တက်လာလည်းပဲ လှရေးလှရာမသွင်းချင်ပါ။ ရေခဲငွေ့က လောဘကြီးသည်။ ဘယ်တော့မဆို အကောင်းဆုံးအရာက သူမအတွက်သာဖြစ်စေချင်သည်။

မိုးတိမ်တောက်ဆိုသော ကောင်လေးကိုပင် ညာက တသသအထင်ကြီး သဘောကျပုံရတာကြောင့် သူမဖက်က စတင် စိတ်ဝင်စားလာခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ညာသည် ဝရံတာလေးမှာ ထွက်ထိုင်ရင်း ဘယ်လောက်တောင် အတွေးလွန်သွားသည်မသိ။ တစ်ကိုယ်လုံး အေးစက်ပြီး တုန်ယင်လာသည်။ သူမ ချမ်းတောင်ချမ်းနေပြီ။

ဆွယ်တာတစ်ထည် ပြေးယူပြီး အမြန်ထပ်ဝတ်ရ၏။

တိုက်ခန်းလေးမှာ မအိပ်သေးဘဲ နိုးထလှုပ်ရှားနေတာ သူမပဲရှိသည်။

သူမရဲ့ လမ်းလျှောက်တဲ့ ခြေသံတရှပ်ရှပ်ကိုပင် ပြန်ကြားနေရသည်။

အတူနေသော ကောင်မလေး ဖွက်ဖွက်ကလည်း သိုးနေအောင် အိပ်ပျော်နေပြီ။

ညာသည် အချမ်းပြေ ကော်ဖီပူပူတစ်ခွက်လောက်



www.burmeseclassic.com

www.burmeseclassic.com



သောက်ချင်လာသဖြင့် မီးဖိုခန်းဖက်သို့ လျှောက်လာခဲ့သည်။

ဓာတ်ဗူးထဲမှာ ရေနွေးရှိသေးသဖြင့် နက်စ်ကော်ဖီတစ်ခွက်

ဖျော်လိုက်သည်။ သူမက ကော်ဖီကြိုက်သူမို့ ပန်းကန်လုံးနှင့်

မသောက်ဘဲ မတ်ခွက်နှင့်သာ ဖျော်သည်။

ပြီးတော့ ကော်ဖီခွက်နှင့် ဝရံတာသို့ ပြန်ထွက်လာသည်။

ညဥ့်လေပြည်အေးအေးကို သူမ သဘောကျသည်။

ကော်ဖီခါးစိမ့်စိမ့်ကို တစ်ငုံချင်း အရသာခံသောက်နေမိ

ခပ်ဝေးဝေးမှ ဂစ်တာသံပါးပါးနှင့်အတူ သီချင်းဆိုလိုက်သံ ကြား

ရ၏။

တကယ်ကို လွမ်းတယ်နေနိုင်အောင် နေထိုင်နေလည်း

လေ×××

မင်းမရှိတဲ့အချိန်များ ကြာပြီမဟုတ်လား×××

နှစ်ရှို့နေလည်း ××× အချစ်ရေလွှမ်းတယ် ×××

သူတို့ဆိုနေတဲ့ 'စည်းတစ်ဖက်ခြား'သီချင်းမှာ ညာ

ပါခံစားမိသည်။





ပြန်လာချိန်ဆိုတာ မျှော်လင့်နေ ×××

ချမ်းခိုက်တဲ့ဆောင်းတွေနဲ့ ×××

နွေရာသီ ××× စည်းတစ်ဖက်ခြားပြီလား ×××

ခြေရာတွေချန်ထား××× ဒဏ်ရာညများစွာ ×××

ရွှေစင်လို လမင်းကို ပိုင်ဆိုင်ချင်သော်လည်း ××

တားဆီးထားတဲ့ စည်းများရဲ့ကြားမှာ ×××

ခြားနားခဲ့ပြီမဟုတ်လား ×××

အချိန်မြစ်ကြီးထဲမျောပါ ×××

အချိန်မြစ်ကြီးထဲမျောပါ×××တဲ့။

ဟုတ်တယ်နော်...။

ညာတို့တွေလည်း အဲလိုမျောပါခဲ့ကြတာပဲ။

မိုးတိမ်နှင့် မမငွေ့တို့ ဘယ်အချိန်မှာ ချစ်သွားတာလဲ ညာ မသိခဲ့။ ထိုအချိန်မှာ ညာလည်း မြန်မာပြည်မှာ မရှိတော့ဘူးလေ။

မေမေနှင့်အတူ ဩစတြေးလျ ရောက်သွားပြီးနောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ညာ သူ့ကို စိတ်ထဲကပဲ မှန်းဆပုံဖော်နိုင်တော့သည်။ တစ်ခေါက်ပြန်ရောက်တုန်းကလည်း မိုးတိမ်နှင့်မဆုံခဲ့။

မေသက်က ဖုန်းဆက်တော့ မိုးတိမ်နဲ့ နှင့်အစ်မ ရေခဲငွေနဲ့ ယူကြတော့မှာဟု သတင်းပေးသည်။ မေမေနှင့် ဖေဖေလည်း ကွဲသွားကြပြီမို့ အဆက်အသွယ်ဖြတ်သွားပြီဖြစ်ရာ ငွေ လက်ထပ်တော့မည်ဆိုတာလည်း ညာတို့ မသိခဲ့ရပါ။

အစကလည်း ညာက ရေခဲငွေ့နှင့် ညီအစ်မဆိုတာ ဘယ်သူ့ကိုမှ သိပ်မသိစေချင်ခဲ့။ သူမတို့နှစ်ယောက်က အဖေပါနှင့် အမေပါ ညီအစ်မဆိုတာ မရှင်းပြချင်ခဲ့လို့ စီစီတို့ ရွှေဝါတို့ကိုပင် အသိမပေးခဲ့။

ညာနေတာ ဆွေမျိုးတွေအိမ်ဟုသာ ပြောခဲ့တာ။

ဦးသိန်းဆွေဟာ မေမေရဲ့ နောက်ယောက်ျားဟု ပြောရမှာ ညာက ရှက်လို့ပါ။ အဲဒါဆို အရောင်းက ဘယ်မှာလဲ၊ ဘယ်သူလဲဟု မေးဦးမှာ။ ထိုအခါ အဲဒီဇာတ်လမ်း ဇာတ်ရှုပ်တွေအကြောင်း ကိုယ့်ဘာသာ အထုပ်ဖြေသလိုဖြစ်ရဦးမှာမို့ မသိတဲ့သူတွေကိုဆို





ရှင်းပြမနေတော့ပါ။

သူငယ်ချင်းတွေနှင့် စကားပြောဖြစ်ရင် ညာက မေမေ့အကြောင်းပဲ ပြောသည်။ ဦးသိန်းဆွေနှင့် မမငွေ့တို့ကို ချန်လှပ်ထားသည်။

ထို့အတူ ရေခဲငွေ့ကလည်း ညာဟာ သူ့အဖေမိန်းမရဲ့သမီးဆု ဘယ်သူ့ကိုမှ အရေးလုပ်မိတ်ဆက်မပေး။

ဆွေမျိုးတွေဟုသာ ထင်ချင်ထင်ပစေ ထားလိုက်တာမျိုးပါ။

ပြီးတော့ သူတို့သားအဖနှင့် ညာတို့သားအမိ အတူတူအပြင်ထွက် လည်ပတ်စားသောက်တာမျိုးကလည်း ခပ်ရှားရှားမို့သား။

အဖေနှင့်အမေဟာ လက်တွဲမည့်သာ တွဲလိုက်တာ။ ရုတ်နှာကြောက သိပ်တည့်တာမဟုတ်။

နောက်ပိုင်း အိမ်မှာပင် ခပ်ခွာခွာနေကြလေရာ သူတို့ကိုလည်း လင်မယားလို့တောင် မထင်ရပါ။



www.burmeseclassic.com

www.burmeseclassic.com



အစည်းပြေနေခဲ့ကာ မိသားစုက ငိုသားစုနှင့်လည်း မတွေ့တော့ပါ။ ပြိုင်ဆိုင်ကြ၊ ငြင်းခုန်ကြ၊ ရန်လုပ်ကြ၊ မာနထားကြနှင့် နောက်ဆုံးတော့ မေမေက ညာ့ကိုခေါ်ပြီး ပြတ်ပြတ်သားသား လမ်းခွဲထွက်လာခဲ့တာဖြစ်သည်။

မေမေနှင့် ဩစတြေးလျ ထွက်ရတော့မည်ဆိုတာသိတော့ ညာ သူ့ကိုနှုတ်ဆက်ချင်လိုက်တာ။

နှုတ်ဆက်ရအောင်လည်း သူက ညာ့ကို မှတ်မှတ်မိမိ သတိထားမိပုံမရပါ။

ပိန်ညှောင်ညှောင်နှင့် ကလေးသာသာ ချာတိတ်မလေး တစ်ယောက်ကို အရေးတယူ ခေါင်းထဲမှတ်ထားပုံပင်မရပါ။ သူနှင့် ညာတို့ရဲ့ တွေ့ဆုံမှုဟာ တကယ့်ကို သာမန်လေးမို့ သူ့ဖက်က မေ့မေ့ပျောက်ပျောက် သဘောထားလည်း မှားသည်မဆိုသာ။

ညာ့ရင်ထဲက လေးနက်မှုကို သူမှမသိတာပဲ။

ပြီးတော့ သူက မမငွေ့နှင့် ရင်းနှီးခင်မင်သည်ဆိုတော့ ညာ ပိုပြီးအားငယ်ရ၊ ကိုယ်ရှိန်သတ်ရတာအမှန်ပါ။





ဘာပဲဖြစ်ဖြစ် ညာ သူ့ကို ဖုန်းလေးထဲကတစ်ဆင့်ဖြစ်ဖြစ် တစ်ခွန်းလောက်တော့ နှုတ်ဆက်ချင်ပါသည်။

သို့သော် တကယ်တမ်းမှာ ထိုစိတ်ကူးကိုပင် အကောင်အထည်မဖော်ဖြစ်ခဲ့ပါ။

မိုးတိမ်တောက်ဆိုသော မင်းသားလေးတစ်ပါးဟာ တကယ်တော့ ညာ ရင်ထဲမှာပဲ သိမ်းဆည်းထားခဲ့ရတာ။

အခုအချိန်ပြန်ဆုံတဲ့အထိလည်း ညာက မြိုသိပ်ဖုံးကွယ်ထိန်းချုပ်ထားဆဲပါလေ။

သူ ဖုန်းမဆက်ဘဲတော့ ညာ ဘယ်တော့မှမဆက်ချင်။



www.burmeseclassic.com

www.burmeseclassic.com

သုံးရက်ခန့်ထိသာ မျှော်လင့်မိပေမယ့် နောက်ရက်တွေကျ သူ ဖုန်းဆက်မှာမဟုတ်ပါဘူးလေဟု ညာက စိတ်လျှော့ကာ တွေးထားလိုက်သည်။

မိုးတိမ်တောက်က အလုပ်များတဲ့သူပဲလေ။

သို့သော် ဘယ်လောက်ပဲ အလုပ်များတဲ့သူဖြစ်ပစေ သူ့နှလုံးသားက အချစ်နှင့်ပတ်သက်ပြီး မခုန်မလှုပ်ဘူးရယ်လို့ ရှိမလား။

ညာတစ်ယောက်တည်း နှုတ်ခမ်းလေးစူ၊ မျက်မှောင်လေး ကုပ်ကာ ဘာကိုအလိုမကျမှန်း မသိချေ။

ဘယ်အရာမှ ကိုယ်ထင်သလိုတော့ တစ်ထစ်ချဖြစ်လာတာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်မှာ ညှာ သူတို့ရဲ့ (C.S.M city)စတွေဒီယို ရောက်သွားတော့ ရွှေဝါက သတိရနှင့်…

"ကိုမိုးတိမ် နင့်ဆီ ဖုန်းဆက်တယ်မို့လား" ဟု မေးသည်။

သူ့ စကားစ,တာနှင့် ညှာ့ရင်ထဲ ကသိကအောက်နှင့် စိတ်တိုရပါသည်။

"မဆက်ပါဘူး"

"တကယ်"

ရွှေဝါက သိပ်မယုံချင်။

"ဟုတ်ရော ဟုတ်လို့လားဟယ်၊ မယ်အုန်းရေ လောင်းထားရင် ရှင်ရှုံးပြီနော်၊ တွေ့လား"

သူတို့ကလည်း ညှာ့လိုပဲ ထင်နေကြတာကိုး။

"ညှာရော…မဆက်ဘူးလား"

"အို…ကျုပ်က ဘာလို့ဆက်ရမှာလဲ"

"ရှင်…သတိတော့ရနေတယ်မဟုတ်လား"

ဒါကိုတော့ ညှာက မရပါဘူးဟု မညာချင်။





"စီစီရေ…နင့်ကိုကြီးရဲ့ သူငယ်ချင်း ဘယ်သူ ကိုစိုင်း ဆိုတာလေ၊ ညှာနဲ့ မိတ်ဆက်ပေးမှဖြစ်တော့မယ် ထင်တယ်၊ နောက်ရက်ခေါ်လိုက်ဟာ၊ ကျုပ်ကို့ကို မုန့်ကျွေးခိုင်းလိုက်တော့"

"အံမယ်…ဘယ်သူက မိတ်ဆက်မယ်ပြောလို့လဲ"

"ရှင့်မိုးတိမ်ထက် သာပါတယ်နော်"

စီစီတို့က ခုထိစိုးရိမ်နေဆဲ…

"ဟုတ်တယ်…စီစီလည်း အဲဒါပဲ စဉ်းစားနေတာ၊ ကိုစိုင်းကလည်း ကျုပ်ကို အပူကပ်နေတာ အတော်ပဲ၊ ဒီဆန်းဒေး တစ်နေရာ ရာသွားရအောင်"

"အိုကေ"

သူတို့သုံးယောက် တက်ညီလက်ညီ ထောက်ခံသည်။ ညှာ တစ်ယောက်သာ နှုတ်ဆိတ်နေမိသည်။

"ရှင်တို့တွေ ရွှေဝါ့ကိုပဲ အရင်အောင်သွယ်လုပ်ပေးဦး"

"ဟဲ့…ကိုစိုင်းက ရှင့်ကိုကြိုက်တာ ညှာရဲ့၊ လေယာဉ်ကွင်း လာကြိုတဲ့နေ့ကတည်းက ဟော့ထိထိသွားတာ၊ ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ငါးကြင်းမကို မကြိုက်လို့ပေါ့၊ ကြိုက်ရင် ပေးစားပစ်လိုက်ပြီ နော်…ရွှေဝါရယ်”

“ကြည့်စမ်း”

ရွှေဝါက စီစီကို လက်သီးနှင့်ထုၿပီ။

သူတို့ရဲ့စကားဝိုင်းလေးမှာ ရယ်သံတို့နှင့် ဆူညံသွားသည်။

ကောင်တာမှာ ဘောက်ချာရေးတဲ့ ကောင်မလေးနှစ် ယောက်တောင် ဒီဖက်ကို လှမ်းကြည့်သည်။

ညာတို့က ဧည့်သည်တွေလာရင်ထိုင်ဖို့ ခင်းထားတဲ့ ကြိမ် ဆက်တီလှလှကြီးတွေမှာပဲ ဝိုင်းဖွဲ့ထိုင်နေကြတာ၊ မှန်စားပွဲပေါ်မှာ စားလက်စ လက်ဖက်ပန်းကန်၊ တို့ဟူးကြော်ပန်းကန်၊ ငါးဖယ်သုပ် ပန်းကန်နှင့် လက်ဖက်ရည်ပန်းကန်တို့ ရှုပ်ယှက်ခတ်နေသည်။

“အဲဒီတော့ ကိုစိုင်းက ပရိုပို့စ်လုပ်ရင် ရှင် စဉ်းစားပေး ရမယ်၊ ဘယ်လိုလဲ”

“ညာမှမကြိုက်တာ”

“ချောပါတယ်ဟဲ့…သဘောလည်းကောင်းသားပဲ၊ မဆိုး





ပါဘူး၊ ရှင်က ဘယ်လိုစိတ်ကူးထားလို့လဲဟျာ၊ ဟိုကိုပြန်ပြီး ရှင့်အမေ ပေးစားတဲ့ ယောကျ်ားပဲယူရမှာလား”

“ဟင့်အင်း…မသိဘူးလေ”

“အူကြောင်ကြောင် လုပ်နေတာ ကြည့်”

“အလကား…သူ ကိုမိုးတိမ်ကို နှယ်ချင်နေတာ”

“ရှင်တို့ဘာသာ လျှောက်ပြောနေတာပါပါဟယ်၊ ဟိုက ညာဆီ ဖုန်းတစ်ချက်တောင် ဆက်ဖော်ရတာမဟုတ်ပါဘူး”

“သူ့အကြောင်းမပြောပါနဲ့တော့ ထားလိုက်ပါ”

“ရှင်…ထားနိုင်ဖို့ပဲ အရေးကြီးတာပါနော်”

“ညာက ဘာများဖြစ်နေလို့လဲ”

သူတို့ကို ရန်စွာစွာလေး မေးလိုက်ပေမဲ့ တကယ်တမ်း ရင်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ညာကိုယ်ညာ အသိဆုံးပါ။

မိုးတိမ်တောက်နှင့် ပတ်သက်လျှင် ညာ့စိတ်တွေ ကိုက တင်းမထားနိုင်ပဲ ပျော့ညံ့အားငယ်သွားတတ်သည်။

“မဖြစ်ရင်ပြီးရောလေ ရှင့်ကို မဟုတ်တာနဲ့ မတွေ့စေချင်



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ”

“အိမ်ထောင်ပျက်ဖူးတာကလွဲရင် သူ့မှာ ပြစ်ချက်မရှိပါဘူး”

“အဲ့ဒါ ပြစ်ချက်အကြီးကြီးပေါ့ပဲ”

“အေးလေ…ညာက တစ္ဆတ်ထိုးကြီး ခေါင်းမာ နေတာ”

“ရှင်တို့မသိပါဘူး”

“ဘာမသိတာလဲ”

ညာက သက်ပြင်းတစ်ချနှင့် ခေါင်းလေးသာယမ်းလိုက်ပါသည်။ ရှေ့ဆက်ပြီး ဘာဖြစ်လာမှန်း မသိသေးတဲ့ အခြေအနေမှာ သူတို့ကိုလည်း ရှင်းမပြချင်တော့ပါ။

“ညာ့အတွက် ဘာမှမစိုးရိမ်ပါနဲ့၊ ညာစဉ်းစားတတ်ပါတယ်၊ ရှင်တို့ စိုးရိမ်စရာလည်း ဘာဆိုဘာမှ မရှိသေးပါဘူး”

“ရှင့် မျက်နှာနဲ့ ရှင့်လေသံကိုပဲ သဘောပေါက်ပြီး စိတ်ပူနေတာ သိရဲ့လား၊ ဟိုကစပြီဆိုတာနဲ့ ရှင်ပါသွားတော့မှာ





ဒါကိုမြင်နေလို့”

“မြင်တဲ့အတိုင်းပဲ ဖြစ်ပါစေဦး”

“တွေ့လား…ဒီလောက်ပြောနေ တားနေတဲ့ကြားက ဒီခိန်းမက ရှေ့ဆက်မယ် ဆိုတာချည်းပဲ”

သူတို့နှင့် စကားနိုင်မလုတော့ပဲ ညာက အသံလေးထွက်အောင်ပင် ရယ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆယ်ရက်ခန့် ကြာသွားပြီးသော နံနက်ခင်းတစ်ခုမှာ ဆောင်မှတ်ဘဲ သူမရှေ့သို့ ဘွားခနဲ ရောက်လာသူမှာ စွဲမက်ရင်ခုန် နွယ် ကောင်းလှသည်။

ညာက အိပ်ရာနိုးပြီး မျက်နှာသစ်ပြီးစပဲ ရှိသေးသည်။ အုန်ရွက်က ဈေးဖက်ခဏဆင်းသွားသဖြင့် တံခါးဘဲလ်တီးသံကြား တော့ ညာက ငွက်ငွက်ပဲထင်ပြီး တံခါးရွက်ကို ဆွဲဖွင့်လိုက်တာ။

ဟင်...

သံပန်းတံခါး အပြင်ဖက်မှာ ရပ်နေသူကို ဖြန်းခနဲတွေ့ တော့ ညာ မယုံနိုင်အောင်ပင် လှိုက်ခနဲ ဝမ်းသာပျော်ရွှင်သွား သည်။

သူတကယ်ပဲ ညာ့ရှေ့မှောက်သို့ ရောက်လာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

ရက်တွေကြာသွားပေမဲ့ ညွာကိုသူမမေ့။

တစ်ယောက်ကိုတစ်ယောက် မှင်သက်စွာ ကြည့်နေမိ

သည်။

"ညွာ"

"လာပါ ကိုမိုးတိမ် ဝင်ပါ"

ညွာက ဖိတ်ခေါ်လိုက်ရာ သူကညင်ခန်းလေး

လျှောက်လာပြီး ဆိုဖာဆက်တီမှာ အသာထိုင်လိုက်ပါသည်။

"ဘယ့်နှယ့်လဲ မထင်မှတ်တဲ့ ဧည့်သည်မှ ဟုတ်

လား"

သူက သက်တောင့်သက်သာ ဆိုဖာမှာ ကျောမှီရင်း

ရယ်မြူးရိပ်နှင့် မေးသည်။

"ရောက်လာမယ် မထင်ဘူးလေ"

"ဒါပေါ့…ကျွန်တော်သိသားပဲ၊ ညွာ ကျွန်တော့်

မြင်ရင် အံ့အားသင့်သွားမှာပဲလို့ ဒါကြောင့် ဖုန်းတောင်ကြိုမ

တာ၊ မသိပဲနဲ့ ကြိုပြီးမပြင်ဆင်ပဲနဲ့ ညွာ့ကို အဲလိုမျိုးတွေ့ချင်





ါ၊ ညွာအခုမှ အိပ်ရာနိုးတာလား"

"အင်း"

"ကျွန်တော် ညွာတို့နဲ့တွေ့ပြီး နောက်နေ့ပဲ မန္တလေး

မြင်ဦးလွင် တက်သွားရတယ်လေ၊ ဒါကြောင့် မလာဖြစ်တာ

န်းတစ်ခါတော့ ခေါ်ကြည့်သေးတယ် ပိတ်ထားတယ်ဗျာ"

"ဟုတ်လား…ညွာပြန်ဖွင့်ဖို့ မေ့နေတာဖြစ်မယ်"

"စကားပြောတာ မတ်တပ်ပဲရပ်နေမှာလား ဒီမှာလာထိုင်

လေဗျာ"

သူက သူ့အနီးမှ ထိုင်ခုံကို ညွှန်ပြရင်းပြောသည်။

"မဟုတ်ဘူးလေ…ကိုမိုးတိမ် အချိန်ရမယ်ဆိုရင်

ခဏလေးစောင့်၊ ညွာအဝတ်အစား လဲလိုက်မယ်၊ ပြီးရင် ဘရိတ်

ဖတ်စ်သွားစားကြမယ်လေ"

"အိုကေ…ကောင်းသာပဲ"

"သိပ်မကြာပါဘူး…ခဏလေး"

"ရပါတယ် အေးဆေးလုပ် စောင့်မှာပေါ့ဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့က ညှာအပြင် ထွက်သွားမှာစိုးလို့ စောစောစီးစီး လာထ ခါးခေါက်တဲ့သူပဲ”

သူပြောပုံက တရင်းတနှီး။

ညှာသည် ကိုယ်တောင့်တတဲ့ဆုတစ်ခု လျှင်မြန်စွာ ပြည့်မြောက်လာတာကို ကြည်နူးပြီး မယုံမရဲဖြစ်နေရသည်။

သူမက အလှပြင်နေပြီး ကိုမိုးတိမ်က ဧည့်ခန်းကနေ စောင့်ဆိုင်းနေသော အဖြစ်အပျက်လေးဟာ ဘာမှ မထူးဆန်းပေ ဘူးလို့ ထင်ရပေမယ့် ညှာ့အတွက်တော့ မမျှော်မှန်းရဲ မယုံရဲသော ဆုလာဘ်တစ်ခုပါပဲ။

ဒီအခြေအနေမျိုးလေးဟာ ဘယ်မျှ ရင်ခုန်ကျေနပ်စရာ ကောင်းသလဲ။

ညှာ့ နှုတ်ခမ်းတွေ အလိုလိုပြုံးနေရသည်။

Two Way cake လေးမြန်မြန်ရိုက်၊ အိုင်းလိုင်နာလေး ခြယ်ပြီး ချော့ကလက် ရနံ့သင်းတဲ့ Lip Gloss လေးကို နှုတ်ခမ်းမှာ စုတ်တံနှင့် ဆိုးလိုက်သည်။ ဆံပင်ကတော့ မယောက်ဂနီရောင် ...





...ပြောင်ပြောင်လေး ဖြစ်ပြီးသားမို့ ဘီးနှင့်ပဲ ဖြီးလိုက်ရုံပါ။

အားလုံးပြီးသွားတာ ဆယ်မိနစ်ပင်မကြာ။

သူမက အမြန်နည်းနှင့်သာ အလှပြင်တတ်သူ မှန်တင်ခုံမှာ အကြာကြီး ထိုင်ပြင်နေရမှာ စိတ်မရှည်သူပါ။

အဝတ်အစားကိုလည်း ချိတ်မှာအသင့်ချိတ်ထားတဲ့ ...ယ်ဒီမိတ် အသားပျော့ပျော့ ပုံဆန်းလေးကို စွပ်ပြီးစကဒ်က ...ရိုးယားစကဒ် မရမ်းပျော့လေးနှင့် တွဲလိုက်တာ။

ပြီးတော့ ရေမွှေးဆွတ်ပြီး အခန်းအပြင် ထွက်လာခဲ့သည်။

“ဟာ…ပြီးပြီလား မြန်လှချည်လား၊ ကျွန်တော့် မိဒယ် ...တွေ မင်းသမီးတွေ ညှာ့လိုမြန်ရင် သိပ်ကောင်းမယ်၊ သူတို့ ...တ်ကပ်လိမ်းရင် တစ်နာရီအသာလေးဗျာ”

“သြော်…သူတို့ကတော့ ကြာမှာပေါ့”

သူက ညှာထံပဲ စိုက်ကြည့်နေမိတာကို အားနာသလို အကြည့်လွှဲကာ ဧည့်ခန်းလေးဆီ မျက်ဝန်းပို့ရင်း…

“ဒီမှာနေတာ ကြာပြီလား ညှာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…အခုပြန်ရောက်မှ ဖွင့်နေတာ၊ အခန်းက တော့ ဝယ်ထားတာကြာပြီလေ၊ နေစရာကတော့ အဆင်ပြေ ပါတယ်"

"ဒါဆိုဘာက အဆင်မပြေတာလဲ"

"စီးစရာကားပေါ့၊ တက္ကစီခတွေ နေ့တိုင်းကုန်နေတာ၊ ညှာက အားနေတော့လည်း ဟိုဒီလည်ပတ်နေတာပေါ့နော်၊ စီနီကို လည်း အမြဲလိုက်ပို့နိုင်းရတာ အားနာတယ်၊ ပြီးတော့ သူတို့မှာ ဆိုင်ကတစ်ဖက်နဲ့လေ"

"ဟုတ်တာပေါ့"

မိုးတိမ်က ညှာ့မျက်နှာကလေးကို ချစ်စနိုးကြည့်နေမိပြန် သည်။ ညှာစကားပြောပုံ ပြုံးရယ်ပုံလေးတွေက သူ့ကို အကြည့်မလွဲ နိုင်လောက်အောင် ဆွဲဆောင်ဖမ်းစားနိုင်သည်။

"ကားဝယ်ရအောင်လည်း ဈေးတွေက အရမ်းမြောက်နေ ပြီနော်၊ ညှာတို့ ဒီမှာ ရှိတုန်းကဆို စူပါဆယ်ပွန်းတောင် ဆယ်သိန်း မပြည့်ဘူး၊ ပြန်လာတော့ မေးကြည့်တော့ ညှာအံ့သြနေတာ၊ အဲဒါ





စီစီတို့ကို ကားကောင်းကောင်းတစ်စီး ငှားပေးပါလို့ ပြောထားတာ၊ ငှါးပဲစီးလိုက်တော့မလို့လေ"

"ကောင်းသားပဲ…ဒါဆို ကျွန်တော့်ကို ငှါးလေ"

"ကိုမိုးတိမ်က နောက်ပြီ၊ ညှာက တကယ်ပြောနေတဲ့ ဥစ္စာ"

"ကျွန်တော်လည်း တကယ်ပဲ ငှါးမှာလေဗျာ၊ ကျွန်တော့် မှာ မော်ဒယ်မြင့် ဟွန်ဒါလေးတစ်စီး ရှိသေးတယ်၊ နှစ်ရာကျော် သုံးရာတော့ ရှိမှာပေါ့"

သူမက မျက်လုံးလေး ဝိုင်းပြုပြီး…

"အဲဒါကို ဘယ်လောက်နဲ့ ငှါးမှာလဲ"

သူက ညှာ့အမေးကို ရယ်ချင်သလိုပုံစံ ပြုံးစိစိနှင့်…

"ထောင့်ငါးရာနဲ့"

သူဒီလို နောက်မည်ဟု ညှာမထင်၊ မျက်နှာတစ်ပြင်လုံး နွေးခနဲ ဖြစ်သွားမိပြီးမှ…

"တစ်နာရီကို ထောင့်ငါးရာလေ ဟင်း…ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"တစ်သက်လုံးကို"

"အို…ရှင်အရမ်း နောက်ပါလား"

"ဟ…ဘယ်နှယ်နောက်ရမှာလဲ"

သူ့ကို အေးစက်စက် မြဲစိစိ အဆွေးသမားလို့ ထင်ထားတာ ကြည့်ပါဦး အခုဘယ်မှာဟုတ်လို့လဲ။

တွေ့တာမကြာသေးတဲ့ ညာ့ကို သူပြောပုံဆိုပုံက တဆိတ်တော့ အတင့်ရဲမနေလွန်းဘူးလား။

"ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ဗျာ၊ ညာ့စိတ်ထဲ တစ်မျိုးတော့ထင်ရင်ထင်လိမ့်မယ်၊ ကျွန်တော်လေ ခရီးသွားတဲ့ တစ်ချိန်လုံး စဉ်းစားနေတယ်၊ ညာ့ဆီကို လာသင့်မလာသင့်ဆိုတာ၊ ဒါပေမဲ့ ကျွန်တော် မလာပဲမှ မနေနိုင်တာဗျာ၊ အထင်သေးလို့ လက်မခံနိုင်ဘူး ကျွန်တော့်ကို ငြင်းမယ်ဆိုလည်း ဒါ ကျွန်တော့်ကံပဲလို့ တွေးလိုက်တယ်၊ စိတ်ဝင်စားမိတဲ့ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားတယ်လို့ ပြောဖို့အခွင့်အရေးတော့ ရှိရမှာပေါ့၊ မဟုတ်ဘူးလား ညာ စိတ်ဆိုးလား၊ ဒီလူကြီး ငါ့အိမ်ပေါ်တက်လာပြီး ရည်းစားစကားပြောရဲတာ လွန်လှချည်လားလို့ မထင်နဲ့နော်၊ တကယ်တမ်းတော်တော်သံသယ္တိမွေးရတာပါ၊ လွယ်တာမဟုတ်ဘူး၊ ညာ အိမ်ထဲမှာ ဘယ်သူရှိလဲ၊ အခုနတက်လာတဲ့ ကလေးမလေးပဲ ရှိတာလား၊ ကျွန်တော်ဗျာ ဒီမှာ ပြောမယ်တော့ ရည်ရွယ်တာ မဟုတ်ဘူး အပြင်ဆိုင် တစ်ခုခုမှာ ညာနဲ့ နှစ်ယောက်တည်း တွေ့မှ ဖွင့်ပြောမလို့ပါ"

သူက အခုမှ အတွင်းဖက်ကို လှမ်းကြည့်ရင်း စိတ်လှုပ်ရှားသံနှင့်ဆိုသည်။

ညာ ဒုတိယမ္ဘိ အံ့သြရပြန်သည်။

ဤမျှ ချက်ချင်းလက်ငင်း သူ့ထံက ချစ်စကား ကြားရမည်ရယ်လို့ ဘယ်သူထင်မှာလဲ။

ဖြန်းစားဒိုင်းစားကြီး ပြောချလိုက်တာ။

မယုံနိုင်စွာ သူ့ကို မရဲတရဲကြည့်နေမိသည်။

သူ့မျက်လုံးထဲမှာ နက်ရှိုင်းသော သေချာမှုတစ်ခုနှင့် ရဲရင့်နေတာ တွေ့ရသည်။






www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ပြောလက်စနဲ့ မထူးတော့ပါဘူး ဆက်ပြော ခွင့်ပေးလိုက်ဗျာ နော်၊ ညွှာ့ကို ကန်ပေါင်မှာ စတွေ့ကတည်းက အရမ်းချစ်သွားတယ်၊ ဘာဖြစ်လို့လဲမသိဘူး ညွှာက ကျွန်တော့်ရှေ့ တည့်တည့်လာရပ်ပြီး ပြုံးပြလိုက်တော့ ရင်ထဲမှာ ဘာဖြစ်သွားမှန်း မသိဘူးဗျာ၊ တကယ်ပါ၊ ကျွန်တော့်ရှေ့က ပြန်ထွက်သွားမှာတောင် ကြောက်မိတယ်၊ ညွှာ မော်ပညာတွေ ကဝေပညာတွေများ တတ် သလား အဲဒီတုန်းက ဘာလုပ်ခဲ့တာလဲ"

"အို"

သူ့အနားကပ်ကာ မေးလိုက်သဖြင့် ညွှာ့ မျက်နှာလေးနီ ရောင်ပြေးကာ ရှက်သွားရသည်။

"တစ်ခုခု လုပ်လိုက်ပါတယ်ဗျာ...မညာပါနဲ့"

"ဩော်...မဟုတ်တာ"

"ဒါဆို ကျွန်တော့်ဖက်က ညွှာ့ကိုဘာကြောင့် စွဲလမ်းသွား ရတာလဲ"

"မသိဘူးလေ"





"ချစ်တာယုံလား"

"မသိဘူး"

"ဘယ်လိုထင်လဲ"

"ညွှာ...မပြောတတ်ဘူး၊ ကိုမိုးတိမ်က ညွှာ့အကြောင်း ကို သိလို့လား"

"ယောကျ်ားမရှိဘူးလေ ရည်းစားလည်းမရှိဘူး"

"ဘယ်သူပြောတာလဲ"

"စီစီတို့ ရွှေဝါတို့"

"ကျွန်မက ဒီမှာနေတာမှ မဟုတ်တာ"

သူ့ချက်ချင်းလို မျက်နှာပျက်သွားပြီး...

"ကျွန်တော် ရင်ပူအောင် မလုပ်နဲ့ဗျာ၊ ညွှာ့နားမှာ ဘယ်သူ မှ ရှိခွင့်မပေးနိုင်ဘူး"

အခုကိုပဲ ကောက်ခါငင်ကာ သဝန်တိုတော့မယ့်ပုံပါလား။ ဟွန်း...ပိုင်စိုးပိုင်နင်းပါလားနော်။

"ဒီတစ်ကြိမ်မှာတော့ ကျွန်တော် ကံကောင်းချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဗျာ''

သူပြောပုံလေးက ဆွေဆွေးနင့်နင့်။

''ညှာမှာ ရည်းစားမရှိဘူးမို့လား၊ ရှိလည်းဖြတ်လိုက်ပါ မဆက်သွယ်နဲ့တော့၊ ကျွန်တော့်လောက်လည်း ချစ်နိုင်မှာ မဟုတ်ပါဘူး၊ ညှာ လက်ခံပေးပါ၊ ချစ်ကြည့်လိုက်ပါ၊ ကျွန်တော်က ညှာထင်တာထက် ညှာကို ပိုချစ်မယ့်သူပါ ယုံကြည်လိုက်စမ်းပါဗျာ နော်''

အို...ဘယ်လို ဖွတ်တရွတ်မှန်း မသိတော့ပါ။

ညှာသည် ပေးဝေးကနေသာ သူ့အကြောင်း တစေ့တစောင်းကို သိဖူး ကြားဖူးရပေမယ့် ဒီလိုနီးနီးစပ်စပ် မကြုံဖူးဘူးလေ။

''အမှန်ဆိုရင်...ကျွန်တော် အချစ်အကြောင်း မစဉ်းစားတာကြာပြီ၊ အိမ်ထောင်ရေးဆိုရင် ပိုတောင်ဝေးသေးတယ်၊ ဘယ်လိုပြောရမလဲ စိတ်ဓာတ်တွေ ယုံကြည်မှုတွေ ပျက်ပြားသွားတယ်ခေါ်မလား၊ ကျွန်တော် မိန်းမဆိုရင် အထင်မကြီးသလိုပုံစံ ဖြစ်သွားတယ်၊ ကျွန်တော့်အရင် ဇနီးက ကျွန်တော့်ကို ဒီဒဏ်ရာတွေ ပေး





သွားတယ်၊ သင်ခန်းစာပဲ ဆိုပါတော့၊ လန့်လည်းလန့်မိတာ အမှန်ပဲ သစ္စာရှိဖို့လည်း မမျှော်လင့်ရဲတော့ဘူးဗျာ...

ဒါပေမဲ့ အဲဒါတွေအားလုံးက ညှာ့ကို တွေ့လိုက်တဲ့အချိန်မှာ ထူးထူးဆန်းဆန်း ကျွန်တော့်ရင်ထဲက ပျောက်နေတယ်၊ သေသွားပြီလို့ထင်တဲ့ အချစ်တွေက ရုတ်တရက်ကြီး ပြန်ရှင်လာတယ်ဗျာ၊ ရှင်ဖို့လုံးဝမရှိဘူးလို့ တွက်ထားတာပါ၊ ညှာနားလည်အောင် ကျွန်တော် ရှင်းပြတာမှာ မဟုတ်ဘူး၊ ဘယ်လိုစိတ်ထားမျိုးနဲ့ ချစ်ခွင့်တောင်းမိတာလည်း ညှာတွေးတတ်မှာ မဟုတ်ဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော်တော့ သိတယ်၊ ဒီလောက်မြန်မြန်နဲ့ မိန်းကလေးတစ်ယောက်အပေါ် စူးစူးနစ်နစ်ချစ်သွားဖို့ဆိုတာ မလွယ်ဘူးဗျ၊ တကယ်တော့ အတော်လေး ထူးဆန်းတာ၊ ကျွန်တော်က အနုပညာသမားမို့လို့ ပိုခံစားတတ်တာလားတော့ မဆိုနိုင်ဘူး၊ ကျွန်တော့်နှလုံးသားထဲက ရှင်လာတဲ့ အချစ်တစ်ခုကို ကျွန်တော် အရမ်းတန်ဖိုးထားတယ်၊ ဒါကြောင့် အချိန်တောင်မဆွဲတော့ပဲ ဖွင့်ပြောလိုက်တာ၊ အဲဒီအချစ်ရဲ့တန်ဖိုးကို ညှာလည်းသိရင် ကောင်းမယ်ဗျာ၊ ပါးစပ်က



www.burmeseclassic.com

www.burmeseclassic.com

လွယ်လွယ်လေး ပြောလိုက်တာမဟုတ်ပါဘူး၊ ညှာ့ဖက်မှာ ဘယ်လို အခြေအနေရှိတယ်ဆိုတာ မသိဘဲနဲ့ ကျွန်တော် စွန့်စားတာဝါ၊ ကျွန်တော့်ဖက်က အလေးအနက်ထား မြတ်နိုးတဲ့ ကိစ္စမို့လို့ ညှာ့ ဖက်က ပေါ့ပေါ့ဆဆ သဘောမထားဖို့ ကြိုပြီး တောင်းပန်ပါတယ်၊ စဉ်းစားမယ်ဆိုရင်လည်း သေသေချာချာလေး စဉ်းစားပေးပါ"

သူသည် ခံစားမှုအပြည့်ဖြင့် ထိုစကားတွေကို ရင်ထဲက လာသောအသံဖြင့် ပြောနေကြောင်းကို ညှာ ကောင်းစွာယုံကြည်မိ သည်။

"ကျွန်တော် စိတ်မကောင်းဖြစ်မိတာတစ်ခုကတော့ လူ့ရဲ့ လူလွတ်ဘဝတုန်းက ညှာနဲ့ ဘာလို့မတွေ့တာလဲ၊ စောစောစီးစီး တွေ့ခဲ့ကြရင် ဘယ်လောက်ကောင်းမလဲလို့ဗျာနော်၊ ညှာ့အတွက် လုံးဝအပြစ်အနာအဆာကင်းတဲ့ ဘဝမျိုးပဲ ပုံပေးချင်ပါတယ်ဗျာ၊ တကယ်ပါ၊ အဲဒီစေတနာကိုတော့ ကျေးဇူးပြုပြီး ယုံပေးပါ"

ညှာသည် သူ့မျက်လုံးတွေကို စိုက်ကြည့်ရင်း...

"ညှာတို့တွေ့ခဲ့ပါတယ် ကိုမိုးတိမ်ရယ်၊ ဖူးစာသာမဆုံ





တာပါ"

"ဗျာ...ဘယ်လို တွေ့ခဲ့တယ်ဟုတ်လား၊ ဘယ်တုန်းက ဘယ်မှာ တွေ့ခဲ့တာလဲ၊ ညှာ ကျွန်တော့်ကို သိကိုသိနေတယ်၊ ပြောစမ်းပါ"

"ရှင်တကယ်မမှတ်မိတာပဲနော်"

သူက ရုတ်တရက် စိတ်လှုပ်ရှားသွားရသလို ညှာ့လက် ဖမိုးလေးကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်၏။

"မမှတ်မိဘူး"

သူ သံယောင်လိုက်ရေရွတ်ရင်း ညှာ့မျက်နှာလေးကို စူး စေးကြည့်ကာ အဖြေရှာနေသည်။

"ရှင် တင်းနစ်လေ့ကျင့်တဲ့ ကစားကွင်းနားက ဒန်းပေါ် မှာ ထိုင်တတ်တဲ့ ချာတိတ်မလေးလေ၊ ရှင်တောင် တစ်ခါက ရေမ်းပေါင်း နှိုက်ယူစားလိုက်သေးတာ"

"ဟာ...အဲဒါ...အဲဒါ ညှာလား၊ ပိန်ပိန်သေးသေး၊ အရပ်ရှည်ရှည် ကလေးမလေးကလေ"

မိုးမိုး ◆ တာပေ
www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မျက်စောင်းတစ်ချက်ရွယ်လိုက်မိသည်။

"ဟာ…ညှာရယ်၊ ညှာက ဒီလောက်လှလာတာ မှ ပါမလား၊ ဒေါင်းမလေးလို အရောင်တွေပြောင်းပြီး ချစ်စရာ နေတာ၊ ကျွန်တော် ဘယ်လိုဆက်စပ်မိပါ့မလဲ၊ ဒါပေမယ့် မျက်လုံးလေးတွေက ခင်မင်ပြီး နွေးထွေးနေတယ်လို့ ထင်တ အင်းလျားမှာ တွေ့ကတည်းက ပြောလိုက်ရောပေါ့ကွာ"

သူက မချင့်မရဲနှင့် ညှာ့လက်ကလေးကို တိုး၍ ဆုပ်ကိုင်ထားသည်။

"မပြောပါဘူး"

"ဟောဗျာ"

"အမြင်ကတ်လို့ပေါ့"

"ညှာရယ်…စိတ်မဆိုးပါနဲ့၊ ဆောရီး…ဆောရီး"

"သွားပါ"

"မမှတ်မိလို့ စိတ်ကောက်တာပေါ့"

"ကိုမိုးတိမ် ညှာတို့ကျောင်းမှာလည်း သီချင်းလာဆို



တယ်"

"ဟုတ်လား၊ အဲဒီတုန်းက ညှာရှိလား"

"အင်း"

"မခေါ်ဘူးဗျာ၊ ရက်စက်တယ်"

"အံမယ်…သူကများ ကောင်မလေးတွေ ဝိုင်းနေပြီးတော့၊ တဟဲဟဲနဲ့ သဘောကျနေတာ၊ ချိုနေတဲ့မျက်နှာကြီးများ ပုရွက်ဆိတ်တောင် တက်တော့မယ်၊ ဟွန်း"

"ဝိုင်းနေတဲ့ ပရိသတ်ထဲမှာ ညှာမပါတာ ဆိုးတာပဲကွာ"

"ဘာလို့ပါရမှာလဲ"

"ကြိတ်ပြီးတော့တောင် နည်းနည်းမှ သဘောမကျခဲ့ဘူးပေါ့"

"ရှင်နော်"

"ကျွန်တော်က ချစ်လို့စ,တာပါ၊ ပျော်လည်းပျော်နေတယ်၊ ရင်တွေလည်း ခုန်နေတယ်၊ စမ်းကြည့်လိုက်၊ ဒုတ်…ဒုတ်နဲ့ တွေ့လား"

www.burmeseclassic.com

www.burmeseclassic.com



ညွှာလက်ဖဝါးကို သူ့ရဲ့ဝဲဖက်ရင်အုံပေါ် တင်ပြီး စမ်းသပ်စေသည်။

"ဒါ ပုံမှန်ပဲလေ"

"ဟာဗျာ…ဒုန်းဒုန်းနဲ့ မြည်နေတာကို"

ညွှာက လက်ကလေးပြန်ရုပ်တော့ သူက လွှတ်မပေးချင်ဘဲ…

"ကျွန်တော့်ကိုချစ်လား"

"အဖြေမတောင်းသေးဘူးဆို"

"လူရင်းတွေပဲ၊ တောင်းလိုက်တော့မယ်"

ညွှာက မျက်နှာလေး ရှက်စနိုးလွှဲသွားလျှင် သူက…

"အပျိုလေးဆိုပြီး ကျွန်တော်နဲ့မတန်ဘူးလို့ တွေးနေရောလား"

"အဲလိုတွေးရင် ရှင့်ရှေ့ကို ရောက်လာမှာတောင် မဟုတ်ဘူး"

"ကျွန်တော့်ဆီလာတုန်းက ညွှာ ကျွန်တော့်အကြောင်း





သိပြီးသားလား၊ ဘယ်လိုသိနေခဲ့တာလဲ"

စကားမှားသွားပြီလားဟု ညွှာ ထိတ်ခနဲ လန့်ဖျပ်သွားမိသည်။

သူ့ကို အလန့်တကြားလေး မျက်လွှာပင့်ကြည့်မိ၏။

"ဒီလိုပဲကြားတာပါ"

မမငွေ့နှင့် ပတ်သက်ပြီး ညွှာ အမှန်အတိုင်းမပြောရဲသေးပါ။ ညွှာ့အပေါ် အမြင်စောင်းမှာလည်း ကြောက်သည်။ သူက ရှေခဲ့ငွေ့နှင့် ပတ်သက်လျှင် အတော်ကြီး စိတ်ပျက်အထင်သေးနေပုံရတာကြောင့်လည်း ပို၍ဖွင့်မဟရဲအောင် ဖြစ်ရသည်။

မမငွေ့က သူ့အပေါ် အပြစ်ကျူးလွန်ခဲ့တာလေ။

ညွှာက ကြားကနေ မျက်နှာပူ အနေခက်ရသည်။

အားနာပြီး ကရုဏာသက်ရသည်။

သူ့အထင်လွဲမှာလည်း ညွှာ ကြောက်သည်။

ဟိုးအရင် ရှေးကတည်းက သန့်စင်စွာ ခင်တွယ်စွဲမက်ခဲ့ရသော ကိုမိုးတိမ်ကို ချက်ချင်းကြီး စိတ်အနှောင့်အယှက် မပေးချင်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှပဲ တဖြည်းဖြည်း အသိပေးဖို့ ညှာ ဆုံးဖြတ်သည်။

"ဒါဆို သိပြီးသား၊ ခွင့်လွှတ်ပြီးသားပေါ့၊ ချစ်လိုက်တော့ အိုကေ"

"ဟင်း"

ညှာ လှည့်ထွက်မည်ပြင်တော့ သူက လက်ကောက်ဝတ် လေးကို ခပ်မြန်မြန် ဆုပ်ကိုင်ဆွဲယူသည်။

"ချ…ယ်နော်"

"ချစ်ပါဘူး"

"ဒီနေ့ ချစ်သူတွေဖြစ်တဲ့ အထိမ်းအမှတ်နဲ့ လျှောက်လည် ရအောင်"

"ချစ်သူ…ဟုတ်လည်းမဟုတ်ဘဲနဲ့"

"မရဘူးကွာ…ချစ်လိုက်တော့"

"မင်းသားနဲ့ မင်းသမီးကိုပဲ အခ်ိန့်ပေးလို့ရမယ်"

"အခု…ညှာက ဒါရိုက်တာပါ၊ ညှာ့လက်ထဲက တစ်ဘဝလုံး အပ်နှံပါတယ်ကွာ၊ ဘယ်လို…ဲ"





"သိပ်လောတာပဲ"

"နောက်ကျမှာစိုးလို့ပါ"

"ဒါကြောင့် ရွှေဝါတို့က ပြောတာ"

"ဘာကိုလဲ"

"သူက ဆရာကြီးနော်တဲ့၊ သွားမကြိုက်နဲ့တဲ့"

"ကြားစကားတွေပါဗျာ၊ အဖျက်သဘောဆောင်တယ်၊ သွားမယုံနဲ့"

ညှာက ခပ်တိုးတိုး ရယ်လိုက်သည်။

သူတို့တားဆီးလည်း မမှီနိုင်ပါ။

လွန်လေပြီးသောအခါကတည်းက သူ့ကို ချစ်ခဲ့တာပဲ။ အခုမှတားလို့လည်း မရတော့ဘူးလေ။

"ကိုမိုးတိမ်"

"ဗျာ"

"ဒီမနက် အပြင်ရော ထွက်ဖြစ်ဦးမှာလား"

"ညှာ ဗိုက်ဆာနေပြီလား၊ ဟုတ်သားပဲ အချစ်တွေပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျေးနေမိတယ်''

''သွား''

ညာက ထုတော့မလို လက်ရွယ်သည်။ သူက ညာ့

လေးကို နွေးထွေးစွာ သိမ်းဖက်လေသည်။ ညာနှင့်သူဟာ ဘယ်

ကြောင့် ခုလို တသားတည်း တစ်ထပ်တည်း ကျအောင် ခဏ

မှာ နွေးထွေးနီးကပ်တွယ်ငြိသွားရတယ်ဆိုတာ နားမလည်နိုင်အောင်

ဖြစ်ရသည်။

အချိန်တန်ခဲ့ပြီမို့လို့လား။

ဒီအချိန် ဒီနေရာလေးမှာမှ ဒီနှစ်ယောက် ပွင့်ပွင့်လင်းလင်း

ချစ်သွားကြဖို့ ရှိခဲ့လို့လား။

ဟိုးအရင် ကာလများစွာကတည်းက လိုချင်တမ်းတ

သော အချစ်တွေ…။

ဒီမနက်မှာ မမျှော်လင့်ဘဲ ရလိုက်ပြီ။

ချစ်မိသွားတော့လည်း ခဏလေး။

အရင်က ကြာခဲ့တဲ့ အချိန်တွေပင် နှမြောစရာ။





ညာက ဝရန်တာလေးမှ မြင်နေရသော နံနက်ခင်းရဲ့ တောက်ပလာတော့မည့် ကောင်းကင်ပြင်ကြီးကို လှမ်းကြည့်လိုက်သည်။

ညာ့ နှလုံးသားတစ်ဝိုက်မှာလည်း အမှောင်ထဲက လွတ်မြောက်လို့ လင်းဖြာချမ်းမြေ့သွားရပြီ။

ပြီးပြည့်စုံသော ရင်ခွင်တစ်ခုကို ချီးမြှင့်ခံရပြီ။

သိမ်းပိုက်သော သူ့လက်တို့နှင့် ဘောင်ခတ်ထားသော အကျယ်အဝန်းလေးက အင်မတန် နှစ်လိုဖွယ်ကောင်းသော နယ်နိမိတ်လေးပေါ့။

ညာ ဟန်မဆောင်ချင်။

ကြည်ကြည်နူးနူးလေးပဲ သူ့ရင်ခွင်မှာ ပါးအပ်လို့ ပြုံးရယ်နေမိသည်။

ဒါဟာ အိပ်မက်ထဲက နေ့လေးပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းလက်ရုံး၏ အကျိုးဆောင် ကုမ္ပဏီရုံးခန်းသို့ ရေခဲငွေ့ တစ်ဦးတည်း ဝင်လာသည်။

ဘုန်းလက်က စာရင်းစာအုပ်ထဲ တစ်စုံတစ်ရာ ခေါင်းငုံ့ ရှာဖွေကြည့်ရှုနေ၏။

စာကြည့်မျက်မှန်ကိုလည်း တပ်ထားသည်။ ဝတ်ထားတာက အဖြူပေါ် မရမ်းရောင်စင်း သေးသေးကျဲကျဲ ရှပ်အင်္ကျီကို လက်ရှည်ချဝတ်ပြီး စတိုင်လ်ဘောင်းဘီ အနက်ရောင်ပွပွနှင့်ပါ။

ဘုန်းလက်ရုံးရဲ့ ကိုယ်ဟန်က ခပ်ပိန်ပိန်ဖြစ်သော်လည်း အရပ်မြင့်ပြီး ယောကျ်ားပီသသော သဏ္ဌာန်ဖြစ်သည်။

အထူးသဖြင့် သူ့မျက်နှာမှာ စိတ်ရှုပ်သဘောကောင်းသော အရိပ်အယောင်များနှင့် နူးညံ့စွာ ပြုံးနေတတ်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မေးစေ့မှာ အချိုင့်လေးတစ်ခုနှင့် သူဟာ သူ့ပတ်ဝန်းကျင်က မည်သူ့ကိုမဆို အနှစ်နာခံ အလျှော့ပေးတတ်၏။

သဘောမနောကောင်းသော ဘုန်းလက်ကို ရေခဲငွေ့က အနိုင်ယူနေကျ ဖြစ်သည်။

သူမလှမ်းဝင်လာတာ တွေ့လျှင် ဘုန်းလက်က…

"ဟော…ငွေ့ပါလား"

ဘုန်းလက်က သူမကို မော့ကြည့်ပြုံးပြလိုက်သည်။

ငွေ့သည် သူ့ရှေ့က ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

သူ့တပည့်လေးက ရုံးခန်းတံခါးများပိတ်၍ သိမ်းစရာရှိတာများကို သိမ်းနေ၏။

"အို…ဘယ်ကလှည့်ဝင်လာတာလဲ"

"သူငယ်ချင်းဆီလာရင်းနဲ့၊ ပြီးတော့ ငွေ့မှာ ကားမပါဘူးလေ"

"သြော်…ဒီလိုလား၊ ရပါတယ်ကွာ၊ ဒါနဲ့ ငွေ့မှာ တခြားကိစ္စရောရှိလား"





"မရှိပါဘူး"

"ဒါဆို အတူတူပြန်ကြတာပေါ့၊ ကဲ…ကားပေါ်တက်၊ သြော်…မောင်စိုးနိုင်လည်း တက်လေ၊ တစ်ခါတည်းပို့ခဲ့မယ်"

"ကျေးဇူးပဲဆရာ"

သူ့တပည့်အိမ်ကို အရင်ဦးဆုံးပို့ပြီးမှ ဘုန်းလက်က တစ်နေရာသွားရအောင်ဟု ဆိုကာ ကန်တော်ကြီးဥယျာဉ်ထဲသို့ ကားဝိတ်ဖက် တံခါးပေါက်မှ ဝင်လာသည်။

ရေပြင်ဆီမှ တိုက်ခတ်လာသော လေနုအေးကြောင့် လန်းဆန်းကြည်လင်သွားရသည်။

"ငွေ့"

"ရှင်"

"ပြောစရာရှိတယ်"

"ပြောလေ"

"ရှင်းရှင်းပြောရရင်တော့ ငွေ့ကို ကိုယ် စိတ်မချဘူး၊ လူကြီးတွေ ဖွင့်ပြောပြီး စေ့စပ်ထားကြရင် မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ရေခဲငွေ့က စဉ်းစားဟန်တစ်ချက်ပြုပြီးမှ ခေါင်းလေးယမ်းတာ…

"ဟင့်အင်း…မကောင်းဘူး"

"ဘာလို့လဲ"

ဘုန်းလက်ရုံးက ရေခဲငွေ့ရဲ့ မျက်နှာလှလှလေးကို ငေးကြည့်နေမိသည်။

ထိုမိန်းကလေးကို သူချစ်သည်။

ချစ်သူတွေဖြစ်တာလည်း ကြာခဲ့ပြီ။

ခြံချင်းကပ်လျက်နေတာကြောင့် ရင်းနှီးကျွမ်းဝင်မှုလည်းရှိသည်။

သူ့အမေနှင့် ရေခဲငွေ့တို့ အမေကလည်း စီးပွားရေးနှင့်ပတ်သက်ပြီး လက်တွဲဖော်တွေပါ။ လုပ်ငန်းတချို့ အကျိုးတူလုပ်ထားတာပင်ရှိသည်။

"ပြောလေ"

ရေခဲငွေ့က ရှက်စနိုးလေးပြုံးကာ ခေါင်းငုံ့ရင်း…





"ကိုဘုန်းလက်ကလည်းနော်…လက်ထပ်ချင်ပြီလို့ပြောရင် ဟုတ်တုတ်တုတ်"

"ဟာ…ငွေ့က လက်ထပ်ချင်ပြီလား"

ကြည့်လေ…မေးပုံက…

"ဖြေလေကွာ"

သူမက စိတ်မရှည်လှသလို…

"ရှင့်သဘောပဲ"

"ဟာ…တကယ်"

ငွေ့ ခေါင်းညိတ်လိုက်မိတော့သည်။

မိန်းမသားမို့ သည်ထက်ကြာကြာ တွဲနေဖို့လည်း မကောင်းတော့ပါ။

ဘုန်းလက်က ပျော်သွားသည်။

လွတ်လွတ်လပ်လပ် အနေအထိုင်ကင်းကင်း နေတတ်သော ငွေ့ကို လက်ထပ်ခွင့်တောင်းဖို့ ခက်ခဲမည်ဟု သူထင်တာ။ တစ်ခါတစ်ခါ ငွေ့ရဲ့စိတ်က ဆန်းသည်။

www.burmeseclassic.com



လက်ထပ်ဖို့က မငြင်းတာပဲ ကျေးဇူးတင်ရသေးသည်။

လက်မထပ်သေးဘူးဆိုရင်လည်း ဘုန်းလက် အတင်းအကျပ် တောင်းဆိုလို့ရမှာမဟုတ်ပါ။

ငွေ့က အဓိကပါပဲ။ သူက အရာရာ ငွေ့သဘောကျလိုက်လျောရတာ မဟုတ်လား။

အမေ့ကိုဖွင့်ပြောပြီး မိန်းမတောင်းခိုင်းရမည်။ ဘုန်းလက်က ဝမ်းသာအားရပင် ငွေ့ကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်၏။

"အို"

သူမပါးပြင်လေးကို နမ်းလိုက်မိ၏။

ငွေ့က ခေါင်းငုံ့ချလိုက်သည်။

သူ မချင့်မရဲဟန်နှင့် ရယ်ရင်း သူမလက်ဖမိုးလေးကိုလည်း ဆုပ်ညှစ်လိုက်သည်။

ပြီးတော့ အချိန်ကြာမြင့်စွာ တစ်ဦးကိုတစ်ဦး ကြည့်နေမိသည်။

"ငွေ့ရယ်...မောင်နဲ့ ငွေ့နဲ့ တကယ်ဆုံရမှာပါနော်"





သူ့အပြောကြောင့် လှစ်ခနဲ ပြုံးမိသွားသည်။

"ငွေ့တို့မှ မဆုံရင် ဘယ်ချစ်သူတွေရော ဆုံနိုင်ပါ့မလဲ"

"ဒါပေါ့မောင်ရဲ့...ငွေ့နဲ့ မောင်နဲ့ လက်ထပ်ပြီးရင် အစတြေးလျှကို ဟန်းနီးမွန်းထွက်ကြမယ် မကောင်းဘူးလား"

"အင်း"

"ငွေ့ရယ်...မောင်ချစ်လိုက်ရတာ"

"အို...ဖယ်ကွာ"

သန်မာသော သူ့လက်တွင်းမှ ငွေ့ကိုယ်လေး ရုန်းမထွက်နိုင်ပါ။

ဘုန်းလက်က ငွေ့ကို တစ်ရှိုက်မက်မက် နမ်းရှိုက်သည်။

သူမ၏ နှုတ်ခမ်းလေးတွေက ကြည်နူးစွာ ပြုံးနေပါသည်။

"ငွေ့"

"...."

"မောင့်ကိုချစ်လား"

ငွေ့ ခေါင်းညိတ်ပြတာကိုပင်...



www.burmeseclassic.com

www.burmeseclassic.com



"ဒီနှုတ်ခမ်းလေးက ပြောစမ်းပါကွာ၊ ကြားချင်လို့ပါ"

ငွေ့က ရှက်ရယ်ရယ်ရင်း...

"ချစ်တာပေါ့...အရမ်းချစ်"

"ဟား"

သူက နားထဲအရသာရှိသွားသလို ချိုစိမ့်သွားသလိုဟန်မျိုးရှာ လုပ်ပြ၏။

"ငွေ့ရယ်"

သူ စိတ်ရှိလက်ရှိ ထပ်နမ်းသည်။

ပြီးလျှင် မချင့်မရဲနှင့် နဖူးချင်းတိုက်လိုက်သေး၏။

"ဝမ်းသာတယ်ကွာ..ဒီနေ့အရမ်းပျော်တယ်"

"မောင်"

"ဗျာ"

"ငွေ့အိမ်မှာ ကြိုပြောထားရမလား၊ အို...မပြောသေးဘူး၊ မောင်တို့လာတော့မယ်ဆိုမှ ပြောလိုက်မှာပေါ့နော်"

သူမလည်း စိတ်လှုပ်ရှားနေပုံရသည်။





"မောင်...တကယ် မိန်းမရတော့မှာလား၊ ရင်ခုန်စရာကြီးကွာ...နော်"

"သွား"

ချစ်သူနှစ်ဦး၏ ကျီစယ်ပျော်မြူးသံလေးက ရေပြင်ဆီသို့ လွင့်စင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

မိုးတိမ်က လက်ထဲက ကားသော့ကို လှည့်ပတ်ကစားရင်း ဆိုက်ထဲသို့ ဝင်လာခဲ့သည်။

မာမီနှင့်သူနှင့် နှစ်ယောက်သာရှိသော အိမ်ကလေးက ခြောက်သွေ့ပါ။

မိုးတိမ်နှုတ်က သီချင်းတစ်ပိုင်းတစ်စကို ဆိုညည်းလျက် ခါတိုင်းလိုပဲ တောက်လျှောက် ညည်းခန်းကိုဖြတ်လာတာ။

သတိရနေတုန်း ဘယ်သူများ ငါ့ဆီလာနေပေးမလဲ×××

မျှော်လင့်ချက် အလင်းရောင်လေးတောင်ဝေး××××

ဘဝ ဒီမှာ ငါတစ်ယောက်တည်း စိတ်ဓာတ်ကျတယ်×××

မင်းကိုလွမ်းစိတ်နဲ့ ×××

ဘာတွေနဲ့ နှစ်သိမ့်ရမလဲ မခံနိုင်အောင်ပဲရေး×××

www.burmeseclassic.com

www.burmeseclassic.com



ငါလွမ်းတဲ့စိတ် ×××

နင် ရင်မှာချည်ခဲ့တဲ့ အိပ်မက်ကြိုး×××

ဖြတ်ခဲ့ပါတော့ ×××အကောင်းဆုံးလမ်းကို ရွေးချယ်အနိုင်နဲ့ပိုင်းခွင့် မင်းယူပါ×××

စောစောတုန်းက သူငယ်ချင်းဝင်းလွင်ရဲ့ ကားထဲ ကြားခဲ့ရသော သီချင်းကိုဆိုရင်း မိုးတိမ်က ရေစိုနေသော သူ့ရဲ့စွပ်ကျယ်ချိုင်းပြတ် ချွေးကလက်ရောင်ကိုပါ စိတ်မြန်လက်မြန် ဆွဲချွတ်လိုက်သည်။

"မာမီရေ…ဗျို့…မာမီလေး"

"ဟယ်…သားပြန်လာပြီ"

နှုတ်က အော်ခေါ်ရင်း ထမင်းစားခန်းဆီ ဝင်လာသည်။

"ဟိုကောင်တွေကွာ…သားကို ရေလောင်းလိုက်တယ် မာမီ၊ မနက်ဖြန်မှ အကြိုက်ကိုဗျာ"

မိုးတိမ်ရဲ့ ပြောလက်စစကားက ရပ်တန့်သွားကာ သူ့မျက်နှာပင်လို့ အမ်းတမ်းတမ်းဖြစ်သွားရသည်။





"ရေခဲငွေ့ ရောက်နေတာကိုး"

"ဟုတ်တယ် သားရေ…ငွေ့က မာမီနဲ့အတူတူ ရွှေတောင်ခေါက်ဆွဲ ဝိုင်းကူချက်နေတာ၊ သားကြိုက်တဲ့ ရွှေချည် ဘာလဝါတော့ရပြီ၊ ဒီမှာ လာမြည်းကြည့်ဦး"

အိမ်နေရင်း ဂါဝန်ပန်းရောင်လေးနှင့် နပျိုနေသော မာမီ အားမှာ ဂျင်းဘောင်းဘီ အကျပ်ကလေးနှင့် အင်္ကျီခါးပေါ် ရှပ်ယက်ခတ်လေးနှင့် ဆံပင်ကို ကျစ်ဆံမြီးသေးသေးလေးတွေ ကျစ်ထားသော ချစ်စရာမိန်းကလေးက သူ့ကို ပြုံးစစလေး လှမ်းကြည့်သည်။

ရေခဲငွေ့က အတော်လှသည်။ ဆွဲဆောင်မှုရှိသော မျက်နှာလေးကိုလည်း ပိုင်ဆိုင်သည်။

အပေါ်ပိုင်းက စွပ်ကျယ်ကို ချွတ်ထားမိကာ မိုးတိမ် ရုတ်တရက် ရှက်အမ်းအမ်း မျက်နှာပူမိသည်။

ရေခဲငွေ့ ရှိနေမယ်လို့ သူမထင်ဘူးလေ။

သူစိမ်းမိန်းကလေးရှေ့ အင်္ကျီဗလာနှင့် ဘယ်လိုမှမသင့်တော်။



www.burmeseclassic.com

www.burmeseclassic.com



ရေခဲငွေ့သည်လည်း ရဲတင်းခေတ်မီသော သမီးပျိုလေး ဆိုပေမယ့် လူပျိုယောကျ်ားလေးတစ်ယောက်ရဲ့ ရှက်ကိုးရှက်ကန်း အမူအရာမှာ ရုတ်တရက် စိတ်လှုပ်ရှားသွားရသည်။

ကြွက်သားတို့ ဖုထစ်ကာ အနေတော်ကြည့်ကောင်းဖွံ့ဖြိုး ကျစ်လစ်သော သူ့ရင်အုပ်တွေ၊ ပခုံးတွေကို အမှတ်တမဲ့ ကြည့်မိ သွားသည်။

ရင်ဘတ်အလယ်ကောင်မှာ မွှေးညှင်းနုနုလေးနှင့် စိမ်းနေ တာကို ဖျတ်ခနဲ အကြည့်လွှဲရင်း အမှတ်မထင် ရင်ခုန်မိသည်။

ငွေ့ တကယ် ဘာဖြစ်သွားမှန်း မသိပါ။

သူ့ရဲ့မိခင်လည်း ငွေ့အနားမှာ ရှိနေသားနှင့်…။

နှစ်ယောက်သား မျက်နှာပူပူ အနေခက်သွားမိရင်း…

“နောက်မှပြည်းမယ်ဟမီ၊ သားရေပြေးချိုးလိုက်ဦးမယ်”

“ဩော်…အေး…အေး”

သူ ပြန်လှည့်ပြေးလျှင် မာမီက ရယ်သံနှင့်…

“တွေ့လား သမီးရေ၊ သူက အရင်ရှက်နေတာ၊ အဲဒါပဲ





ကြည့်၊ ဒီကောင်လေး လူကသာထွားနေတာ ကလေးလိုပဲ”

“အဟင်း…ဟင်း”

ရေခဲငွေ့က ရှက်စနိုး ခေါင်းငုံ့ရပ်လိုက်သည်။

သူတင် လှုပ်လှုပ်ရှားရှား ဖြစ်တာမဟုတ်ပါဘူး။ ငွေ့ရင်ထဲ လည်း လှိုင်းထဖိုခွေးကျန်ခဲ့တာပါ။

အန်တီဒေဝီက ငွေ့ဟန်ပန်လေးကို အကဲခတ်မိသည်။ မျက်စိထဲ သားနှင့် အချောညီညီ လိုက်ဖက်တဲ့ ကောင်မလေးလို့ မြင်ထားမိသည်။

တစ်ဦးတည်းသော သမီးလေးလည်းဖြစ်၊ ချမ်းသာပြည့်စုံ သူလေးလည်း ဖြစ်တော့ သားနှင့် လက်တွဲကြမယ်ဆိုရင်လည်း ကန့်ကွက်စရာမမြင်။

ပြီးတော့ ဒီကလေးမလေးက စူးရှထက်မြက်ပြီး အရည် အချင်းရှိသည်။ သွက်လက်ပြီး အကင်းပါးသည်။ သားက ခပ်အေး အေးဆိုတော့ ဒီလိုအသွက်ကလေးနှင့် နီးစပ်မှ။

“အန်တီဒေဝီ့သားက ကလေးမဟုတ်ပါဘူးနော်၊ သူ



www.burmeseclassic.com

www.burmeseclassic.com



သီချင်းအဆိုကောင်းပါတယ်၊ ကောင်မလေးတွေ ရူးတ်ထားတာမှ အများကြီးပါ၊ သူက ဇာတ်လမ်းမင်းသား''

''ဟုတ်လား၊ ဘယ်သူတွေတုန်း မသိပါဘူး၊ သမီးဘယ်က သိလာတာလဲ၊ ပြောပါဦး''

အမှန်တော့ ရေခဲငွေ့က ညှာလေးတို့ ကောင်မလေးတစ်ဖွဲ့က စိတ်ဝင်စားနေတာကိုကြည့်ပြီး မလိုတမာပြောလိုက်တာပါ။

ခုတလော မိုးတိမ်တောက်ကို ပစ်မှတ်ကျနေသော ငွေ့စိတ်တွေဟာ ထိန်းရခက်နေသည်။ တစ်ဖက်မှာလည်း ချစ်သူဖြစ်တဲ့ ဘုန်းလက်ရှန်းကို သနားမိသည်။

မောင့်အပေါ် သစ္စာပျက်ရမှာလည်း အားနာသည်။ စိတ်ထဲမလုံသလို ခံစားမိသည်။

ဒါပေမယ့် အေးဆေးရိုးသားတဲ့ မိုးတိမ်တောက်ကို လက်တကမ်းအကွာကနေ နောက်ဆုတ်လိုက်ရမှာကလည်း နှမြောစရာဖြစ်နေသည်။

ယစ်မူးဖွယ်ကောင်းလှတဲ့ သူ့ရင်ခွင်လေးမှာ တစ်ခဏဖြစ်





ဖြစ် မှီနွဲ့ဖူးချင်သေးသည်။

ဒါဟာ လှေနှံနှစ်ဖက်နင်းချင်တဲ့ စိတ်ပဲလား။

ငွေ့ မသိတော့။ ရင်ထဲမှာတော့ ထိုသို့တောင့်တမိတာ အမှန်။

ရေခဲငွေ့သည် မိုးတိမ်တောက်နှင့် ချစ်ဖူးချင်သည်။ သူမ အတော်ပင် စိတ်ကစားပျော်ဝင် နှစ်သက်နေတာ။

ဒါကြောင့်ပဲ သကြိန်မကျခင် အန်တီဒေဝီတို့အိမ် လာလာလည်နေတာ။ ပြီးတော့ သဘောကောင်းသော သူ့မိခင်ကလည်း ငွေ့ကို ဘုမသိဘမသိနှင့် သဘောတွေကျနေသည်။

ဒေါ်ဒေဝီက ရေခဲငွေ့ရဲ့ အပေါ်ယံဟန်ဆောင်မျက်နှာဖုံးလေးကိုသာ မြင်ပြီး ပေါ့ပေါ့ပါးပါးလေး ကြည်ဖြူနေတာမျိုးဖြစ်သည်။

တကယ်တမ်း ငွေ့အကြောင်းကို သိရင် ဒီလိုသဘောထားနိုင်တော့မည် မထင်ပါ။

ငွေ့ကလည်း လက်ထပ်ဖို့ သေချာပြီဆိုမှ ဖိတ်စာကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



**[illegible]ချင်သည်။** အဲဒီတော့မှ သိပစေတော့ပေါ့။

အခုလောလောဆယ် သတင်းမထွက်စေချင်ဘူးလေ။

ဒီတော့ သိုသိုသိပ်သိပ်လေးပဲ လျှို့ဝှက်ထားသည်။

ငွေ့မှာ ရည်းစားရှိတာ သူတို့မသိလေ ကောင်းလေမဟုတ်လား။ တစ်ခါတလေလည်း မိုးတိမ် သူမဖက် ပါမပါကို စမ်းသပ်ကြည့်လိုက်ချင်သည်။

မိုးတိမ်တောက်က သူမကို ရဲရဲကြည့်ရဲသူတောင် မဟုတ်။ သူမရဲ့ညို့ချက်မှာ အသာကလေး ပါလာမယ့်ရုပ်ပါ။

အို…မောင့်ကြောင့်သာမဟုတ်ရင်တော့ ရှေ့တစ်လှမ်းတိုးပစ်လိုက်ပြီ။

သူ့ရင်ခွင်ထဲ ခေါင်းမှေ့ပစ်လိုက်ပြီး…

ရေခဲငွေ့က ပင့်သက်ကလေး ခိုးရှိုက်လို့ စိတ်တွေချိုတုံချတုံ ရှေ့တိုးခက် နောက်ဆုတ်ခက် ဖြစ်နေသည်။ နောက်ဆုတ်ဖို့က ခက်တာမဟုတ်။ သူမက စိတ်မပြတ်နိုင်ဘဲ ဖြစ်နေတာ။

ထိုနေ့က ထမင်းစားပွဲမှာ သုံးယောက်အတူတူ ဝိုင်းဖွဲ့စား



www.burmeseclassic.com



သောက်ရင်း ဆူညံပျော်ရွှင်နေခဲ့သည်။

အသံကောင်းသော မိုးတိမ်တောက်က ဂစ်တာတီးပြီး သီချင်းဆိုပြသည်။

အန်တီဒေဝီက သူ့သားရဲ့ ရှက်တက်တက် အမူအရာကို သဘောတကျ ရယ်မောမဆုံး။

ငွေ့က မိုးတိမ်မျက်နှာလေးကို နှစ်သက်မက်မောစွာ စိုက်ငေးကြည့်နေမိသည်။

မောင့်လို သံယောဇဉ် မတင်းကျပ်ဖူးဆိုပေမယ့် မိုးတိမ်က သူမကို ခပ်ပြင်းပြင်း ဆွဲဆောင်နေတာအမှန်ပင်။

ရူးရှတဲ့ မျက်လုံးအကြည့်လေးတစ်ချက် ဝေ့လာတိုင်း ရင်ကို လှုပ်ခတ်ချင်သည်။

ဂစ်တာငုံ့တီးနေပုံလေးကို စွဲဆောင်သဘောကျ နှစ်သက်မိသည်။

အင်းလေ…မိညှာလို လူလားမမြောက်တမြောက် ချာတိတ်မလေးပင် သူ့ကို အထင်ကြီး စိတ်ကူးယဉ်ချင်သေးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူဆိုနေတဲ့ ဝိုင်ဝိုင်းသီချင်းလေးတွေက ထိရှရှချိုမြိန်သလို ရေခဲငွေ့စိတ်တွေလည်း ချိုမြိန်စွာ အရည်ပျော်လာသည်။

"နောက်ကျလည်း ဘာဖြစ်လဲနော်၊ မိုးတိမ်လိုက်ပို့ပေးမှာ ပဲဥစ္စာ"

"အင်းလေ…သားပို့ပေးမှာပေါ့၊ ညနေထိနေ"

သူတို့သားအမိနှင့် ရောနေ့ကျိုစယ်နောက်ပြောင်ရင်း ထို တစ်နေ့လုံး မိုးတိမ်မျက်နှာကို အရိပ်လိုကြည့်နေမိသည်။

မောင်နှင့် လက်ထပ်ဖြစ်ခဲ့ရင်လည်း ကြည်နူးနှစ်သိမ့်ခဲ့မှု တာလေးတွေက အမှတ်တရပေါ့။

ငွေ့ဘဝရဲ့ မမေ့နိုင်စရာ နေ့စွဲလေးတစ်ခုပေါ့နော်။



ရေခဲငွေ့ရဲ့ ဆင်ခြင်တုံတရားတွေနေရာမှာ ရုတ်ခြည်း ဒေါသနှင့် ပူလောင်ဝန်တိုမှုတွေ ဝင်ရောက်လာရတဲ့အကြောင်းရင်း ကတော့ ဘုန်းလက်ရှန်းရဲ့ အိမ်မှာ မယ်မိဆိုတဲ့ ခပ်လှလှမိန်းက လေးတစ်ယောက် မုံရွာကနေ ရောက်လာခဲ့ခြင်းကြောင့်ပဲ ဖြစ်သည်။

"ဒက်ဒီ့တူမဝမ်းကွဲပါ၊ ဆွေမျိုးတွေပါ၊ မိဘမဲ့မို့လို့ ဆက်ပြီး ကျောင်းထားပေးမှာ၊ ကောင်မလေးက ဆယ်တန်းအောင် ထားတယ်လေကွာ"

"အို…ဘာပဲဖြစ်ဖြစ် သူ မောင်တို့အိမ်မှာ လာနေတာ ငွေ့ မကြိုက်ပါဘူး"

"ဟ…ဒါက ဒက်ဒီ့အိမ်လေကွာ၊ သူခေါ်ချင်တဲ့တူမ ခေါ်မှာပေါ့၊ မောင်သွားပြောလို့ ရမလား"

ရေခဲငွေ့ ခေါင်းယမ်းလိုက်သည်။ မကျေနပ်ပါဘူး ဆိုပင်



www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည် ကျောအပြည့်နှင့် အသားညိုစိုစို အရပ်မြင့်မြင့် ကိုယ်လုံးလှလှနှင့် ထိုမိန်းမကို မောင်နှင့် တစ်မိုးအောက်ထဲ နီးနီးစပ်စပ်မရှိစေချင်။

လှပပြီး ဖျားယောင်းတတ်မည့် ပုံပေါ်တဲ့ မယ်မိကိုလည်း မောင်နှင့်စိတ်မချ။

ငွေ့တို့လက်ထပ်ဖို့ထက် ထိုအကြောင်းက နှစ်ယောက်သားကြားမှာ ကတောက်ကဆ ဖြစ်စရာ အငြင်းပွားစရာ ရန်လုပ်စရာ ဖြစ်လာရသည်။

"မနေ့က မြို့ထဲက နာမည်ကြီး ရွှေဆိုင်တွေကို နှစ်ယောက်တည်း သွားခဲ့တာရော ဘာသဘောလဲ မောင်"

ဘုန်းလက်ရှန်းက စိတ်ပျက်သလို မျက်မှောင်ကုပ်လျက်စိုက်ကြည့်ရင်း...

"ဒက်ဒီက ရွှေလေးဘာလေး ဝယ်ဆင်ပေးချင်တယ်ဆိုလို့လိုက်ပို့ပေးတာ"

"သူ့မှာ အဖော်ဆိုလို့ မောင်ပဲရှိတာလား"





"အင်းလေကွာ"

ငွေ့က ရွဲ့မေးတာကို သူက အတည်ကြီး ခေါင်းညိတ်သည်။ ရေခဲငွေ့မှာ သူ့ကိုကြည့်ပြီး ဒေါသတွေ အရှိန်တက်လာရ၏။

"ဒါဆိုလည်း တစ်သက်လုံး အဖော်လုပ်ပေးလိုက်လေ၊ ငွေ့ကို လက်မထပ်နဲ့ အဲဒီကောင်မကိုပဲ ယူလိုက်"

"ဟာကွာ...မင်းဘယ်လို စကားကိုပြောတာလဲ စည်းလွတ်ဝါးလွတ်ကွာ မင်း"

"အဲဒီစည်းဝါးလွတ်တဲ့ ဇာတ်ကို ရှင်ပဲ ခင်းနေတာလေ၊ သူစိမ်းမိန်းမနဲ့ တစ်အိမ်တည်း နေနေတာ ဟိုဒီလိုက်ပို့ပြီး စုံတွဲခုတ်နေတာ"

"မယ်မိက သူစိမ်းမဟုတ်ဘူးကွ"

"အမျိုးနည်းနည်းပါးပါးတော်တော့ ပိုကောင်းတာပေါ့ရှင်အိမ်ပေါ်တင်ထားဖို့ အကြောင်းပြချက်ရတာပေါ့၊ အဖေယူယူ သားယူယူပေါ့၊ အဖေ့ဆီက ချိုင်ပြီး သားကိုအပိုင်ကိုင်မယ် ထင်ပါရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဟင်း…ဟင်း နောက်ဆို ကုမ္ပဏီပါ နေ့တိုင်းခေါ်သွား၊ အလုပ်သင်ပေးမယ်ဆိုပြီး ရှင့်ဘက်သိမ်းသွင်းလိုက်ပေါ့''

''အေး…ခေါ်မယ်ကွာ၊ ခေါ်မယ် ဒက်ဒီက ရုံးမှာ အလုပ်ပေးဖို့ ပြောနေတာကြာပြီ၊ အခုမင်းကပါ တိုက်တွန်းတယ်ဆိုတော့ အဆင်ပြေတာပေါ့၊ မင်းပြောလို့ ငါခေါ်မှာနော် နောက်မှ ပြဿနာမရှာနဲ့''

''ခေါ်လေ သေတဲ့အထိ အနားမှာခေါ်ထား၊ ရှင့်ကောင်မလူလည်ကျတာလောက်များ ပွင်းသေးတယ်၊ ရေခဲငွေ့ ဘာလုပ်မလဲလို့ ရှင်စောင့်ကြည့် ဘုန်းလက်ရုန်း၊ နောက်မှ နောင်တမရနဲ့၊ ရှင်နဲ့လက်ထပ်ဖို့ အစီအစဉ်ကိုလည်း အခုအချိန်ကစပြီး ဖျက်သိမ်းတယ်ဒါပဲ၊ ရေခဲငွေ့ယောက်ျားက ရှင်မဖြစ်နိုင်တော့ဘူး သိလား၊ နားစမ်းပါ နားလိုက်စမ်းပါ ဂရုမစိုက်ဘူး၊ ဟွန်း''

မောင်က သူမကို ပါးစပ်အဟောင်းသား ကြည့်နေခဲ့သည်။

တစ်ယောက်တစ်ခွန်း စကားများရင်း အခြေအနေတွေက





မထင်မှတ်ဘဲ ပြင်းထန်လာခဲ့သည်။ တင်းမာအေးစက်လာခဲ့သည်။

မောင်က လမ်းခွဲစကား ပြောဖို့မရည်ရွယ်ပေမဲ့ သူမကတော့ ဖွတ်ကြေညာပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

လောင်မြိုက်နေသော ရေခဲငွေ့ရဲ့ နှလုံးသားပေါ်သို့ မိုးရွာပေးမည့်သူက မိုးတိမ်တောက်မှလွဲ၍ မည်သူမျှမဖြစ်နိုင်။

သူမ မျက်ရည်တွေလည်းကျသည်။ ညသန်းကောင်ကြီးလည်း မိုးတိမ်နှင့် ပြောသည်။ တရေးနိုးလည်း တစ်ခေါက်ထပ်ပြောသည်။

"မိုးတိမ်ရယ်…ရှင်က အသည်းမကွဲဖူးတော့ သိမှာမဟုတ်ဘူး၊ ငွေ့လေ ရင်ထဲမှာ သိပ်နာနေတယ်၊ အခုရှင်နဲ့ စကားပြောရတာ သိပ်ပျော်တာပဲ မိုးတိမ် နားထောင်ပေးနော်၊ ငွေ့ရှင့်ကို ရင်ဖွင့်ချင် တယ်၊ ရှင့်ဆီက အားပေးစကားလေး တစ်ခွန်းပဲဖြစ်ဖြစ် သိပ်ကြားချင်တယ်၊ ရှင်က သိပ်ကြင်နာတတ်မယ့် ယောကျ်ားဆိုတာ ငွေ့သိတယ် သိလား၊ ရှင့်မျက်လုံးလေးတွေက ချိုပြီးတော့ အမြဲ

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ညှုံနေတယ်၊ အန်တီဒေဝီသားကိုလေ ငွေ့အစောကြီးကတည်းက ချစ်နေတယ်၊ မအုံညနဲ့နော် အမှန်အတိုင်း ပြောပြတာပါ၊ အရမ်းပွင့်လင်းတဲ့ မိန်းကလေးဆိုပြီး အထင်မသေးပါနဲ့ မိုးတိမ်ရယ်၊ ငွေ့အပေါ် နားလည်ပေးပါနော်''

မိုးတိမ်သည် ငိုသံပါလေးနှင့် ရယ်တတ်သော ထိုအမျိုးသမီးကို နားမလည်နိုင်အောင် ဖြစ်နေရင်းက သူမပြောသမျှ နားထောင်ခဲ့မိသည်။

ဖုန်းချပစ်ဖို့ အားနာမိတာကနေ သူမရဲ့ ညှတ်ကွင်းထဲ ကျရောက်ခဲ့ရတယ်ဆိုရင်လည်း မမှားပါ။

ပထမတော့ ရေခဲငွေ့က စကားတွေ အကြာကြီး ပြောဖြစ်ဖို့ ဆွဲဆောင်သည်။ ထို့နောက် အိမ်ကို မကြာခဏ ရောက်လာရင်း နီးစပ်အောင် ကြိုးစားသည်။ မာမီနှင့် ခင်နေတော့လည်း သူမ အတွက် အဆင်ပြေပြီး ချောမွေ့နေတာပေါ့။

မိုးတိမ်ကို ဟိုဟိုဒီဒီ လိုက်ပို့နိုင်းသည်။

တစ်ခါတစ်ရံ အင်းလျားမှာ သွားထိုင်နေတာ ညမိုးချုပ်ထိ





မပြန်။

မိန်းကလေး တစ်ယောက်တည်း ထားခဲ့ဖို့ကလည်း မသင့်တော်။ ဒီလိုနှင့် ညကြီးမင်းကြီးထိ သူမနှင့် နှစ်ယောက်တည်း ရှိနေခဲ့ရသည်။

အခြေအနေတွေက မိုးတိမ်ကို ရေခဲငွေ့နှင့် နီးစပ်ဖို့ တိုက်တွန်းမိခဲ့သည်။ သူ့ဘာမှ ကြိုးစားအားထုတ်စရာမလိုပဲ ရေခဲငွေ့က သူတို့ချစ်ကြောင်း တဖွဖွပြောနေခဲ့သည်။

မာမီကလည်း သားဖြစ်သူကို အပျော်သဘော ယှဉ်တွဲနေခဲ့တာမို့ တကယ်တမ်း ရေခဲငွေ့ဖက်က အတည်တကျ ချင်းကပ်လာသောအခါ တားမြစ်ဖို့ ခက်သွားဟန်တူပါသည်။

သူတို့ သားအမိကိုက ပျော်ပျော်နေတတ်ပြီး သူတစ်ပါး အပေါ် အကောင်းမြင်စိတ်နှင့် ကူညီပေးမဖို့ ဝန်မလေးတာကြောင့် ရေခဲငွေ့က သူတို့ဘဝထဲသို့ အသာကလေးပဲ ဝင်ရောက်နိုင်ခဲ့သည်။

မာမီ ဆုံးသွားတဲ့ တစ်ရက်မှာ ညကြီးအချိန်မတော် အိမ်ကဆင်းချလာသော ရေခဲငွေ့က မိုးတိမ်တောက်ဆီ ဆိုက်ဆိုက်



www.burmeseclassic.com

www.burmeseclassic.com



မြိုက်မြိုက် ရောက်လာခြင်းကပင် သူတို့နှစ်ယောက်ရဲ့ ဘဝခရီး အစ ဖြစ်သွားခဲ့ပါသည်။

နဂိုကပင် ကြိုတင်အကြံအစည်ရှိသော ရေခဲငွေ့တ ဘာကို ဘယ်လို အကွက်ဖွင့်ရမလဲ တွေးထားပြီးသားပင်။

အန်တီဒေဝီလည်း ဇလွန်က ပြန်ရောက်ရော သူ့သား ကိုယ်တိုင် လက်ခံထားပြီးသား ဖြစ်နေတဲ့ ရေခဲငွေ့ကို မိဘထံဖြ အပ်ကာ လက်ထပ်ထိမ်းမြားပေးဖို့ စီစဉ်ရပါတော့သည်။

မိခင်ရဲ့ သဘောကောင်း ကြည်ဖြူမှုကို ရေခဲငွေ့က အခွင့် ကောင်းသဖွယ် အသုံးချရင်း မိုးတိမ်ကို ပိုင်ပိုင်ရယူ သွားခဲ့ခြင်းသာ ဖြစ်သည်။

မိုးတိမ်တောက်သည် ရှည်းစားပင် သေချာမထားဖူးပါဲ ရေခဲငွေ့ဆိုသော မိန်းမလည်လေးရဲ့ လှည့်ကွက်ထဲ မသိမသာ ကျရောက်နစ်မြုပ်သွားသည် ဆိုလျှင်လည်း မမှားပါ။

ဘယ်လိုပဲဖြစ်ဖြစ် မိုးတိမ်တောက်နှင့် ရေခဲငွေ့တို့ ဖူးစာဖက်ရသည်ကတော့ အမှန်ပင်ဖြစ်သည်။





စီစဉ်ခဲ့တာ ချစ်ခဲ့တာ သံယောဇဉ်ကြီးရတာ ဘုန်းလက်ရုံး ဖြစ်ပေမဲ့ တကယ်တမ်း ရေခဲငွေ့နဲ့ လက်တွဲရတဲ့ အဖော်က မိုးတိမ် တောက် ဖြစ်သည်။

ဘယ်လိုမှ (Type) တိုက်ပ်ချင်းမတူပေမယ့် သူတို့ နှစ်ယောက် အတူတူနေရဖို့က ပျါလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

လင်မယားဖြစ်လာမှ ရေခဲငွေ့ တော်တော်ဆိုးမှန်း သိလာသည်။ သူမရဲ့ အကျင့်စရိုက်တို့ကို မိုးတိမ် ဘယ်လိုမှ မကြိုက်။

နေရာတကာ ဂျီကျပြီး အနိုင်ယူချင်တဲ့ သူမကို မိုးတိမ်ကသာ အလျှော့ပေးရသည်။

လက်ထပ်ပြီးမှတော့ ဇနီးသည်အလိုကျ ကြိုးစားနေထိုင်သည်။

သူစိတ်တိုတာတွေ စိတ်တိုင်းမကျတာတွေ ရှိနေပေမယ့် ရေခဲငွေ့ရဲ့ အပြုအမူ အချွဲအနွဲ့တွေကြားမှာ မေ့သွားရသည်။

"မောင်"

"ဟင်"

"ဒီမှာ ကြည့်စမ်း မောင့်အတွက် မဂ်လာဦး လက်ဆောင်"



www.burmeseclassic.com

www.burmeseclassic.com



ရေခဲငွေ့ပေးတာ ကင်နွန်း (Cannon) အမျိုးအစား ထင်မရာလေးတစ်ခု။

"အံ့သြနေလားဟင် အစေကြီးကတည်းက မောင့်ကို ပေးဖို့ ဝယ်ထားတာ"

သူ ဓာတ်ပုံရိုက် ဝါသနာပါမှန်းသိ၍ ရေခဲငွေ့က သူ့အတွက် လက်ဆောင်ပေးဖို့ ကင်မရာကိုပဲ ရွေးချယ်ခဲ့တာ။

ထင်တဲ့အတိုင်း မိုးတိမ်က သဘောကျသွားသည်။

"ကြိုက်လားဟင်"

"ကြိုက်တာပေါ့"

ရေခဲငွေ့ မျက်နှာလေး ပြုံးသွား၏။

"မောင်က ရေခဲငွေ့ကို ဘာပြန်ပေးရမလဲ"

"ဟင့်အင်း...မလိုပါဘူး ချစ်နေရင်ရပြီ"

ပြီးတော့ ရေခဲငွေ့ရဲ့ အမှုအရာကြောင့် မိုးတိမ်က သူမ၏ နှုတ်ခမ်းလေးကို မက်မက်မောမော နမ်းလိုက်ပါသည်။

ရေခဲငွေ့ကလည်း တုံ့ပြန်၍ နမ်းသေးသည်။

ထိုအခိုက်မှာတော့ မိုးတိမ် အဆင်မပြေတာတွေကို





မေ့လျော့သွားရတာအမှန်။

ရေခဲငွေ့သည် သူမကိုယ်သူမ လှပကြော့မော့အောင် နေထိုင်ဖို့ကလွဲရင် ဘာမှ စိတ်မဝင်စား၊ မီးဖိုချောင်လည်း လုံးဝမဝင် သူ့ဝေယျာဝစ္စလည်း ဘာမှမလုပ်။

သို့သော် နှုတ်ဖျားလေးကတော့ သူ့ကိုချစ်ကြောင်း ခဏ ခဏ ပြောတတ်ပါသည်။

"မောင်ရယ်...ငွေ့မောင်ကို အရမ်းချစ်တယ် သိလား"

သူ့စွဲလမ်းရအောင် တိုးဖွဖွဆိုသည်။

မိုးတိမ် ကျေနပ်စွာပြုံးရင်း ခေါင်းညိတ်သည်။

တကယ်တော့ ရေခဲငွေ့က သူ့ကို အပြောချိုချိုလေးများဖြင့် နှစ်သိမ့်ထားပြီး ကွယ်ရာမှာ ရည်းစားဟောင်းနှင့် ပြန်ဆက်သွယ်နေသော မိန်းမဖြစ်သည်။ ထိုအကြောင်းတွေကို သူ နောက်မှ သိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းလက်ရှန်းသည် ရေခဲငွေ့ရဲ့ မထင်မှတ်သော တုံ့ပြန်မှုကြောင့် အရှိုက်ထိသွားခဲ့ရသည်။

သူနှင့် ပြဿနာဖြစ်ပြီး တစ်လတောင်မကြာသေးတဲ့ အချိန်မှာ ငွေ့က ရင်ခွင်သစ်တစ်ခုထဲ ရောက်သွားပြီလေ။

ဘယ်အချိန်ကတည်းကများ ပတ်သက်ဆက်နွယ်ခဲ့သည် မှသိပါ။

ငွေ့ကို လက်လွှတ်ဆုံးရှုံးရသဖြင့် ဘုန်းလက်ရှန်းမှာ နာလံမထူနိုင်အောင်ပင် ကြေကွဲနေမြောသွားရ၏။

ငွေ့သည် အတော်ရက်စက်နိုင်သော မိန်းမပါပဲ။

ဒီလိုမှန်းသိရင် မယ်မိက သူညီမပဲဆိုတာ ပြောခဲ့မှာပေါ့၊ ယုံပေလျှို့ဝှက်ထားသော ဇာတ်လမ်းကို ဖွင့်မချချင်လို့သာ။

ပြီး ◆ တာပေ

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူတို့နှစ်ယောက် တကယ်ဝေးသွားခဲ့ပြီ။

ဘာမှမတတ်နိုင်အောင် တသီးတခြား ဖြစ်သွားခဲ့ရပြီ။



"အဲဒီရုံးခန်းကို မင်းဘာလို့ သွားသွားနေတာလဲ ငွေ့ ကိုယ့်ကို ရှင်းရှင်းပြောစမ်းပါ"

"သူ့ကို တောင်းပန်စရာရှိလို့ သွားတွေ့တာပါ"

ငွေ့က မဖြေချင်သလို လေသံတိုးနှင့် ဖြေရှင်းသည်။

"ဘာကိုတောင်းပန်တာလဲ"

"မစွပ်စွဲသင့်တဲ့ မိန်းကလေးတစ်ယောက်နဲ့ ငွေ့က စွပ်စွဲ ပုတ်ခတ်ခဲ့မိလို့ပါ၊ အဲဒါ အကြီးအကျယ် မှားသွားတယ်"

ရေခဲငွေ့ ပုံစံက နောင်တတွေ တပွေ့တပိုက်ကြီး ရနေဟန် ပေါက်သည်။

မောင့်အပေါ် ရက်စက်မိတာ ငွေ့ ယူကျုံးမရဖြစ်နေ၏။

မောင့်ကိုသနားစိတ်နှင့် ရင်ထဲနာကျင် ကြေမွနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ထိ အပြစ်ပေးမိတာ ဘာကြောင့်များလဲ။

သွေးအေးလာလေ ငွေ့ စိတ်တွေ တင်းကျပ်မပျော့ပိုက်လေပါပဲ။

မောင်နှင့် စိတ်တူကိုယ်တူ ချစ်ခဲ့ရတဲ့ အချိန်လေးတွေကို ပြန်သတိရမိသည်။

ဆံပင်တွေ ပွယောင်းယောင်းနှင့် မျက်စိတွေ နီရဲကာ သူမကို သွေးမြေ့နှမြောစွာ ငေးကြည့်လိုက်တဲ့ ဘုန်းလက်ရှန်းရဲ့ သဏ္ဌာန်ကို မမေ့။

သူ အရှုံးခံစားရရှာတယ်၊ ဒါဟာ ငွေ့ရဲ့ မဆင်မခြင် လက်တုံ့ပြန် အနိုင်ယူလိုမှုကြောင့်၊ ငွေ့အပြစ်ပါ။

သူ့မှာ ဘာမှအပြစ်မရှိ။ ငွေ့ ဒီလိုလုပ်ရက်လိမ့်မည်ဟု သူ့ခမျာ ထင်တောင်မထင်။

မယ်မိက ဘုန်းလက်ရှန်းအဖေရဲ့ တိတ်တိတ်ပုန်းခိုးမှ ရခဲ့သော သမီးမို့ ဘုန်းလက်ရှန်းရဲ့ အဖေတူညီမလေးပါပဲ။ အခုမှ ပြန်ခေါ်ယူစောင့်ရှောက်တာမို့ ပတ်ခန်းကျင်ကို သမီးဆိုတာ အသိ





။ ဘုန်းလက်ကလည်း ချစ်သူကို ဖွင့်မပြော။

ရေခဲငွေ့ သူ့အပေါ် ဒီလောက်ထိ ဖြတ်သားအေးစက်ကြည်းမယ်လို့လည်း မမျှော်လင့်ခဲ့မိလို့ပါ။

ဒီ့ထက် စိတ်ရှည်ရှည်ထားပြီး ဖြေရှင်းရဦးမှာပဲလို့ န်းလက်က ထင်သည်။ သူက ငွေ့ စိတ်ကောက်ပြီး ပြောချင် ပြောတာပဲလို့ ယူဆသည်။ သို့ပေမယ့် မိုးတိမ်တောက်ကို ပြန်း ကြီး လက်ထပ်လိုက်သောအခါ သူမှာ မယုံနိုင်အောင်ပင် ရင်ကွဲ လက်နှင့် အံ့ဩခဲ့ရသည်။ ငွေ့စိတ်သဘောကိုလည်း သူ ကြောက်သွားခဲ့မိသည်။

အနှစ်နှစ်အလလက မျိုးထောင်ပြုစုလာခဲ့သော သူတို့ရဲ့ ချစ်သစ်ပင်ဟာ တစ်ခဏနှင့် ပြိုလဲသွားတော့သည်။

တကယ်တမ်း ဝေးကွာသွားရပြီဆိုမှပဲ သူဘယ်လောက် ဒီ နက်နက်ရှိုင်းရှိုင်း ချစ်ရသလဲဆိုတာ ဘုန်းလက်ရှန်း သူ့ကိုယ် သူ သိလာသည်။

ရေခဲငွေ့ကို ချက်ချင်း လိုက်မချော့ခဲ့မိတာ၊ မရှင်းပြခဲ့မိ



www.burmeseclassic.com

www.burmeseclassic.com



တာတွေကိုလည်း မချင့်မရဲနှင့် တနုံ့နုံ့တွေးကာ နောင်တ...

သူ့ရုံးခန်းကို တစ်ယောက်တည်း ရောက်လာပြီး ...

ဖိုချလိုက်တော့ ဘုန်းလက်ရှန်းမှာ ခြေမကိုင်မိ လက်မကိုင်...

မှုလယ်ခတ်သွားရသည်။

"ငွေ့မှားသွားတယ် မောင်၊ အထင်လွဲမိတာ ငွေ...

ပါ မောင်ရယ်၊ မောင့်ကို တောင်းပန်ပါရစေနော်"

ဘုန်းလက်ရှန်း စိတ်မကောင်း။

ချစ်သူလေးရဲ့ ပါးပြင်ပေါ်က မျက်ရည်တွေကို သု...

ချင်ပေမယ့် ဒီအတိုင်းပဲ ကြည့်နေရပါသည်။

ပိုင်ဆိုင်သူရှိခဲ့ပြီ မဟုတ်လား။

လက်ကို တင်းတင်းဆုပ်လို့ သူ သက်ပြင်းပဲချ...

အခုမှတော့ ဘာမှလည်း ပြုပြင်ပြောင်းလဲလို့ ...

ပါ။ တိတ်တဆိတ်သာ ငေးကြည့်နေမိသည်။

ဒီအချိန်မှာ ချောမော့နစ်သိမ့်ဖို့လည်း မသင့်တော်...

မိုးတိမ်တောက်က မှိုင်းညို့သွားသော ဇနီးဖြစ်သူရဲ့ ...

...ကြည့်ရင်း တစ်ချက်မဲ့မိသည်။

ဟိုဖက်ကို ဒီလောက်ထိ အကဲပါနေရင်လည်း ကိုယ့်ဘဝ ...ဘာကြောင့် လာဖျက်ဆီးသေးလဲ။

အေးဆေးငြိမ်သက်နေတဲ့ တိမ်တောက်ဘဝကို လှိုင်းထ...တ်အောင် သူမပဲ အတင်းဖွတ်တရွတ် လာဖန်တီးခဲ့တာပဲ။

"အဲဒီတော့ မင်းရဲ့ကောင်က ဘာပြောလဲ၊ ခွင့်လွှတ်ပါ...ခဲ့တဲ့လား"

"ငွေ့လည်း မသိလို့ပဲဥစ္စာ၊ သူ ခွင့်လွှတ်ပါတယ်"

"နောက်ရော ဘာထပ်ပြောသေးလဲ၊ အဆင်မပြေတာရှိ...် သူ့ဆီပြေးလာခဲ့၊ တံခါးဖွင့်ပြီး ကြိုဆိုနေမယ်တဲ့လား"

"ရှင်ဘာပြောတာလဲ မိုးတိမ်"

"ဖြစ်တတ်တဲ့သဘောတွေ ပြောတာပါကွာ"

"ငွေ့ ပြန်သွားချင်ရင် အချိန်မရွေးပါ"

"ဩော်...ဩော် ဟုတ်လား"

"ရှင်းရှင်းပြောရရင် ကျွန်မ ဆုံးဖြတ်ချက်စောသွားတယ်၊ ...အတရက် ဘာကြောင့် ဒီလိုလုပ်မိသလဲတောင် မသိဘူး၊ မှား

www.burmeseclassic.com



တယ်ဆိုတာသိတယ်၊ သိပေမယ့် အဲဒီအမှားထဲမှာပဲ ကျွန်မရှေ

ပါ၊ ကျွန်မကို သံသယဝင်တဲ့ စကားမျိုး လုံးဝထပ်မပြောမိပါစေ

မိုးတိမ်''

ကြည့်ပါဦးဗျာ…သူမိကပဲ မာရေကျောရေ။

လက်ထပ်ပွဲတစ်ခုကို မှားတယ်လို့ ဘွာခတ်လို့ရသလား

သူမရဲ့စကားက တစ်ဖက်သားကို ဘယ်လောက်ထိနိုင်

နစ်နာစေသလဲ သူမ မစဉ်းစား။

''ငါလည်း မင်းလိုမိန်းမမျိုးကို ဘာလို့ယူမိသလဲ မသိ

ဘူး၊ တကယ်ဆို မင်းရဲ့မာယာတွေကို ငါ တွန်းလှန်ပစ်သင့်တယ်

တကယ်တမ်း မင်းက မာမီနဲ့ပေါင်းရတာမှ မဟုတ်တာ၊ ငါနဲ့ပေါင်း

ရတာ၊ မင်းကို စောစောကတည်းက အပြတ်ငြင်းနိုင်ခဲ့ရင် ဒီပြဿနာ

တွေထဲမှာ လက်ဝင်လှုံမိမှာ မဟုတ်ဘူး၊ ငါနဲ့အလွတ်ကြီး၊ မင်း

က ငါ့ကို တည့်တည့်လာဝင်တိုက်တာပဲ''

''အင်းလေ…ထားပါတော့၊ အားလုံး ကျွန်မရဲ့ အပြစ်

သာ ပုံချလိုက်ပါ၊ သူ့ကို ဒဏ်ရာရအောင် လုပ်မိတော့ အခု ရှေ





နှလုံးသားမှာလည်း ဒဏ်ရာရနေပြီ၊ နာကျင်နေပြီ''

''ဟုတ်လား၊ ဟား…ဟား…ဟား''

မိုးတိမ်က သရော်လှောင်ပြောင်ကာ သူမကို မထီမဲ့မြင်

ဆန်ဆန် ရယ်မောလေသည်။

ထိုအချိန်ကစပြီး မိုးတိမ်လည်း ကိုယ့်ဘဝကိုယ် မကျေ

နပ်အောင် ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

မိုးတိမ်က ညှာတနိုင်ရဲ့ လက်ဖျားလေးကို ဆုပ်ကိုင်လျက် ဆော့ကားကျဉ်းကျဉ်းလေးမှ အတူဆင်းလာသည်။

"အဲဒီ ကိုမိုးတိမ်က လျှောက်ကြေငြာတော့တာပဲ၊ ဘာမှန်းလည်းမသိဘူး"

"ချစ်သူမို့လို့ ကျွန်တော့်ချစ်သူလို့ မိတ်ဆက်ပေးတာပဲ၊ အဲဒါ ရှက်စရာလားဗျာ"

ညှာက နှုတ်ခမ်းလေးစူမိသည်။

အခုမှသိရတဲ့ ဖက်ရှင်ဒီဇိုင်းနာ မမကြီးကို ကိုမိုးတိမ်က ညှာတို့ရဲ့ ပတ်သက်မှုကို တန်းပြီးပြောတော့တာပဲ။

"နှစ်ယောက်တည်း လာကတည်းကလည်း သိသာပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျွန်တော် ဘယ်သူနဲ့မှ အဲလိုလာဖူးတာမှ မဟုတ်ဘဲ"

"တကယ်လား"

"မယုံနိုင်ရင် မသဲသဲကို ပြန်သွားမေးကြည့်မလား"

"ဟင့်အင်း…မမေးပါဘူး"

"ဒါဆိုယုံလား"

"အင်းပါ"

မိုးတိမ်က ညွှာဝတ်ဖို့ဆိုပြီး ကချင်ရိုးရာ ချည်ထည်ဝတ်စုံ လေးတွေ လက်ဆောင်ပေးတာမို့…

"ဘယ်မှာချုပ်ရင် ကောင်းမလဲမသိဘူး၊ မယ်ခုန်းက တော့ ချုပ်တတ်တယ်၊ ဒါပေမယ့်…အဟဲ…အခုလောလောဆယ် ညွှာ သူတို့ကို ခဏ အဆက်အသွယ်ဖြတ်ထားတယ် သိလား"

"ဒါဆိုလည်း ကျွန်တော့်အသိ ဒီနိုင်းနော်ရှိတယ်၊ အပ်ပေး မယ်လေ"

ထိုသို့ပြောပြီး သူက မြို့ထဲက မသဲသဲဆီ ခေါ်လာတာ ပါ။





သူလက်ဆောင်ပေးတဲ့ ကချင်မနောဆင်၊ ရစမ်အဆင် ပိုးချည်အရောလေးတွေက အခြင်ဆန်းပြီး လှလွန်းတော့ ညွှာက အလွန်သဘောကျနေမိသည်။

"ညွှာ…ယုံမလားတော့မသိဘူး၊ ကျွန်တော့်ဓနိုးနဲ့တုန်းက တောင် အဲလို အင်္ကျီချုပ်ဖို့ တစ်ခါမှ လိုက်မပို့ပေးဖူးဘူး၊ သူ့ဟာသူ နေ ကျွန်တော့်ဘာသာ ကျွန်တော်နေပဲ၊ ဘယ်ကိုမှ အတူတူမသွား ဘူးဗျ၊ သိလား"

"ဟုတ်လား"

မမဌေးအကြောင်း ပါလာတော့ ညွှာ ရင်ခုန်သံ မြန်လာရ သည်။ သူတို့ သာယာတဲ့အိမ်ထောင်ရေးမျိုး မဟုတ်ခဲ့မှန်းတော့ ညွှာ ရိပ်မိသည်။ မမဌေးကလည်း ပြောပြခဲ့ဖူးတာပဲ။

"မိန်းကလေးတစ်ယောက်ကို တကယ်လိုက်လိုက်လှဲလှဲ ချစ်မိတာဟာ ဘယ်လိုမျိုးလဲ၊ ကျွန်တော် အခုမှသိတယ်၊ ညွှာကို ဘာမဆိုလုပ်ပေးချင်တယ်၊ ညွှာလိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေး ချင်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ညှာ့နှုတ်ခမ်းလေးတွေ ကြည်နူးစွာ ပြုံးမိသည်။

ညှာကလည်း သူ့ကို အားကိုးပြီး တစ်ဘဝလုံး အတူနေချင်တာ အမှန်ပါ။

ချစ်မိကြတာ ရက်ပိုင်းမျှသာ ရှိသေးပေမယ့် မိုးအရင်နှစ်ပေါင်းများစွာက ရင်းနှီးကျွမ်းဝင်ပတ်သက်လာခဲ့ဖူးသူတွေလို ညှာတို့နှစ်ယောက် တစ်သားတည်းကျအောင် နွေးထွေးနားလည်မှုရှိသည်။

အခုမှ နီးစပ်မှုရတာပါလားဆိုတာပင် မေ့မေ့နေသည်။ သူကလည်း ညှာ့အပေါ် ပွင့်လင်းရိုးသားစွာ စိတ်ရင်းအတိုင်း ပြောဆိုဆက်ဆံသည်။

ဟန်ဆောင်မှုမပါ။ ပကတိဖြောင့်သည်။

"သူက ကျွန်တော့်မာမီနဲ့တော့ ပြေလည်တယ်၊ အပြင်သွားစရာရှိရင် မာမီနဲ့ပဲ သွားလိုက်တာများတယ်၊ ကျွန်တော့်မာမီက သဘောအရမ်းကောင်းတယ်၊ ညှာ့ကို နောက်ရက်ကျရင် အိမ်





ခေါ်သွားမယ်"

"ဟင်...မလိုက်ရဲပါဘူး"

"မာမီနဲ့ တွေ့ရအောင်လေဗျာ၊ ကျွန်တော် ချစ်သူတွေ့ပြီလို့ မာမီ့ကို ပြောထားတယ်"

ပြုံးစိစိ သူ့အပြောကြောင့် ညှာက ခေါင်းလေးငုံ့ကာ ရယ်မိသည်။

"ကိုမိုးတိမ်အမေက အဲဒီတော့ ဘာပြောလဲ၊ ရှင့်ကို မဆူဘူးလား"

"မဆူပါဘူး၊ မာမီက ကျွန်တော့်ကို အရမ်းချစ်တယ်၊ အိမ်မှာဆို ကျွန်တော်က ခုထိ ကလေးပဲ၊ မြင်ရင် ညှာ သဘောပေါက်သွားလိမ့်မယ်"

သူတို့နှစ်ယောက် စကားပြောရင်း လမ်းတစ်ဖက်ခြမ်းမှာ ရပ်ထားတဲ့ကားဆီ လျှောက်လာသည်။

"ညှာ ဘယ်သွားချင်လဲ"

သူက တယုတယမေးသည်။ ညှာ ခေါင်းယမ်းရင်း...



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ"

"ဒီနေ့ နားရက်ဆိုတော့ တစ်နေကုန် လျှောက်လည်ပစ်မယ်လို့ အားခဲလာတာ၊ ညာက ကျွန်တော်ဘယ်သွားသွား လိုက်ရဲတယ် မဟုတ်လား"

"ကိုမိုးတိမ်က ဘယ်ကိုခေါ်သွားမှာမို့လို့လဲ"

"အေးအေးဆေးဆေးနဲ့ လွတ်လပ်မှုရှိတဲ့ နေရာမျိုးပေါ့၊ ပိုတယ်တို့ဘာတို့"

"ရှင်နော်"

"ဟား…ဟား အလကားစတာပါ၊ ညာ ရင်ခုန်သွားတယ်ထင်တယ်"

"မခုန်ပါဘူး"

"ဒါပေမယ့် ညာ အလန့်တကြား မော့ကြည့်လိုက်တယ်"

"မဟုတ်ပါဘူးနော်"

"ဒါဆို ကျွန်တော့်ကို မကြောက်ဘူးလား၊ အတွေ့အကြုံရှိတယ်နော်၊ မိန်းမရဖူးတဲ့ လူတစ်ယောက်ဗျ၊ လျှော့တော့မတွက်နဲ့၊

၁။





ဘီယာလည်း တစ်ခါတလေ သောက်တယ်"

"အို…ဘာတွေလျှောက်ပြောနေတာလဲ"

"ကျွန်တော် အရမ်း ဖက်နမ်းမိလိမ့်မယ်ဆိုတာ ကြိုပြီး သတိပေးထားတာဗျ"

ညာမျက်နှာလေး နီစွေးလာတာကို မိုးတိမ် သဘောကျစွာ ငေးကြည့်ရင်း ရယ်နေမိသည်။

သူမဟာ ပြောတော့သာ နိုင်ငံခြားမှာနေတာ။ ရိုးရိုးလေးနှင့် ရှက်တတ်ပုံက မြန်မာဆန်နေဆဲပါ။

"ညာလည်း ရည်းစားတွေအများကြီး ထားဖူးသားပဲ"

"တကယ်လား"

ပြန်စ,တယ်ဆိုတာနှင့် သူ မျက်နှာပျက်ချင်သည်။

ကြည့်လေ…ညာကိုတော့ ရည်းစားတောင် မထားဖူးသေးတဲ့ အသန့်စင်ဆုံးလေး ဖြစ်စေချင်သည်မဟုတ်လား။

ချစ်တတ်သူတိုင်းက သဝန်တိုမှာပဲလေ။

"ဒီရန်ကုန်မှာရော ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တော့ရှိတယ်"

"ဘယ်သူလဲ…ဘယ်မှာနေလဲ၊ အဆက်အသွယ်ရှိလား"

သူက အထိတ်တလန့်မေးတာမို့ ညာ ရယ်လိုက်သည်။

"ရှိတာပေါ့…အခုတောင် သူနဲ့လျှောက်သွားနေတာ"

"ဟာကွာ"

သူမျက်နှာ တောက်ပကြည်လင်စွာ ပြုံးသွား၏။

"ကျွန်တော်တစ်ယောက်ပဲ ရှိတာ သေချာတယ်နော်။ နောက်တစ်ယောက် ပေါ်လာရင်တော့ မလွယ်ဘူး"

"အမယ်လေးနော်၊ ဒီတစ်ယောက်နဲ့ပဲ စိတ်ညစ်နေပါပြီ။ ရည်းစားထားတာ လွယ်တာမှတ်လို့"

"ဟား…ဟား…ဟား"

"စီစီတို့သိရင်တောင် ရှင်နဲ့တွဲရမလားဆိုပြီး ဝိုင်းထုကြမှာ သိလား"

"သူတို့နဲ့ အပေါင်းအသင်းမလုပ်နဲ့တော့၊ အခု ညာမှာ အဖော်ရှိနေပြီပဲ၊ ဘယ်သွားချင်လဲ ကျွန်တော့်ကိုပြော"





"ကိုမိုးတိမ်က အလုပ်အားတာကိုး"

"အားရမှာပေါ့၊ မအားရင်လည်း ညာက ကျွန်တော့် နောက်က လျှောက်လိုက်ပေးပေါ့၊ သွားလေရာ ခေါ်သွားမယ်၊ ဘယ်လိုလဲ"

"အင်း"

"လိုက်မှာလား"

"လိုက်ရမှာပေါ့"

"အိုကေ…ဒါဆို အခု ဘရိတ်ဖတ်စ် သွားစားကြမယ်၊ ပြီးရင် ကန်တော်ကြီးထဲ နားမယ်၊ ညနေကျရင် ရုပ်ရှင်သွားကြည့်ကြမယ်၊ မနက်ဖြန်ကျရင် အစောကြီးလာခေါ်မယ်၊ သန်လျင်မှာ ရိုက်ကွင်းရှိတယ်၊ ပြီးမှ ညာ့ကိုပြန်ပို့မယ်"

သူ့အစီအစဉ်တွေက သူ့ဘာသာ ပြည့်သိပ်ကျစ်ညပ်ပြီး နေရာလပ်မရှိတော့ပါ။

ဒါတောင် ညသန်းခေါင်ထိ ဖုန်းက ပြောချင်သေးတာ။

အခုတော့ ညာတို့နှစ်ယောက်အတွက် တစ်ရက်မှာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်လေးနာရီက သိပ်နည်းနေသည်။ အချိန်ကုန်တာမြန်လွန်းသည်။

တွေ့ပြီးရင် တွေ့လို့မဝနိုင်ပါ။



မိုးတိမ်တောက်က ဆိတ်သားလုံးမီးအိုးလေးထဲကနေ ဆိတ်သားလုံးနှင့် ငုံးဥလေးတွေကို ညှာပန်းကန်ထဲသို့ ခပ်ဆယ်ပြီး ထည့်ပေးလိုက်သည်။

တူနှစ်ချောင်းကို ကိုင်ထားပုံက ကျွမ်းကျင်သေသပ်လွန်း၏။ သူ့လက်ချောင်းတွေကလည်း ရှည်သွယ်ပြီး လှပနေတော့ လှုပ်ရှားမှုကို ကြည့်ရတာပင် မျက်စိမလွှဲနိုင်အောင် ဆွဲဆောင်မှုရှိနေသည်။

"ညှာ ကြိုက်ရဲ့လား၊ ဘဲပေါင်းလည်းစားဦး"

"များနေပြီ ကိုမိုးတိမ်ရဲ့"

"ဒီလောက်ပိန်နေတာကွာ၊ အစားလျှော့ဖို့ မလိုသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…ညာက ပုံမှန် Limitနဲ့ပဲစားတတ်တယ်"

သူမရဲ့ ပြောပုံဆိုပုံလေးတွေက မိုးတိမ်အတွက် ဆန်းနေသည်။ ဘာလေးပဲပြောပြော နားထဲမှာ ချစ်စဖွယ်ကောင်းနေသည်။

သူမနားမှာ ရှိနေသောအခါ မိုးတိမ်ရဲ့ဘဝက စိတ်ချမ်းမြေ့ပြီး သာယာပြည့်စုံနေတာအမှန်။

အရိပ်အေးလေးတစ်ခုထဲ ခိုနားမိသူလို၊ ရေအေးအေး တစ်ခွက် သောက်လိုက်ရသလို သူမကြောင့် ရင်မှာ ငြိမ်းချမ်းခဲ့ရသည်။

သူ့ဘဝမှာ ဒီတစ်ခါ အမောပြေရဆုံးပါ။

ထို့ကြောင့် ခွဲရမှာလည်း မိုးတိမ် စိုးရိမ်မိသည်။

ပြီးတော့ ကိုယ်တို့က အကြောင်းသိချင်းလည်း မဟုတ်ဘူးလေ။

"ညာ"

"ရှင်"

သူက စားသောက်ရင်း သတိရသလိုခေါ်တော့ ညာ





သူ့ကိုမော့ကြည့်လိုက်သည်။

"ဘယ်သူဘာပဲပြောပြော စွတ်မယုံနဲ့နော်၊ ကျွန်တော်က မင်းသမီးတွေ၊ မော်ဒယ်တွေနဲ့ အလုပ်သဘောအရ မိတ်ဆွေတွေ၊ မောင်နှမတွေလို ဆက်ဆံပတ်သက်တာပဲရှိတယ်၊ သဘောရိုးရိုးနဲ့ပါ"

"သိပါတယ်"

"တစ်ယောက်ယောက်က တစ်ခုခု ကောလဟာလတွေ လာပြောရင် ညာ စိတ်ပျက်မှာစိုးလို့ပါ"

"စိတ်မပူပါနဲ့၊ အဲဒါတွေ ညာ နားလည်ပါတယ်"

"ဘာကိစ္စပဲရှိရှိ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း မေးနော်၊ တစ်ဖက်သတ် မဆုံးဖြတ်လိုက်နဲ့"

"အင်းပါ"

သူက ဘာတွေစိုးရိမ်နေလည်း မသိပါ။ ညာကဖြင့် ကိုယ့်ဘာသာ စိတ်ထဲမလုံသလိုဖြစ်နေတာ။ မမဌေးနှင့် ပတ်သက်လျှင် ညာပါ အပြစ်မကင်းသကဲ့သို့ အားနာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ညှာ သူ့ကို စွန့်ခွာမှာ ကြောက်နေသလို ညှာ့ဖက်ကလည်း သူ့ချစ်တော့မှာ ပူပန်နေမိသည်။

ညှာတို့နှစ်ဦးရဲ့ အဖြစ်က ရယ်လည်းရယ်ရသည်။

နှစ်ဦးစလုံးက ဒီအချစ်ရေး အစွန့်ရှည်တည်တံ့ဖို့ စိတ်လှုပ်ရှားစွာ မျှော်လင့်နေမိကြသည်။

ထာဝရ မခွဲမခွာ ရှိချင်သည်။

ညှာတို့ နေ့လည်စာစားသောက်ပြီးသောအခါ ကန်တော်ကြီးဥယျာဉ်ဖက် ထွက်လာသည်။

ကရဝိက်ဖက် ဝင်ပေါက်မှပင် ကားကို ဝင်လာခဲ့သည်။

ရေစပ်က သစ်ပင်ရိပ်ကောင်းကောင်းမှာ ကားရပ်နားပြီး ကားထဲမှာပဲ ထိုင်နေသည်။

ညှာက သူ့ဖက်မကြည့်ဘဲ အဝေးကို လှမ်းငေးနေမိသည်။ ရင်ထဲမှာ တငြိမ့်ငြိမ့်လေး ဗိုနွေးတုန်ယင်နေသည်။

သူက နီးနီးကပ်ကပ် စိုက်ကြည့်နေတာကိုး။

ရင်မခုန်ဘဲနေမလား။





ရုတ်တရက် သူက ညှာ့ဘက်က ကျရှင်ခလုတ်ကို နှိပ်ပြီး လဲလောင်းစေလိုက်သဖြင့် ညှာ အလန့်တကြား သူ့အင်္ကျီရင်ဘတ်ကို ဆုပ်ထားမိသည်။

သူက ရယ်သံတိုးတိုးနှင့် ညှာ့မျက်နှာပေါ် အုပ်မိုးလို့ နှုတ်ခမ်းကို ညွှန်ပြသည်။

"ညှာ...ကျွန်တော့်ကိုချစ်လား"

"...."

"ပြောလေ"

"အင်း..."

"ဘာ အင်းလဲ၊ သေချာဖြေကွာ"

"အရမ်း ချစ်...အိုး"

ညှာ ဖြေသံမဆုံးမီ သူ့နှုတ်ခမ်းနွေးနွေးတို့က ညှာ့မျက်နှာ အနှံ့သို့ ဖွဖွလေးရွေ့လျားလာသည်။

ချိုမြိန်သော အယုအယနှင့် အကြင်နာတို့မှာ ညှာ ကြည်နူးစွာ ရှက်မျက်ဝန်းလေး မှေးမှိန်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညှာရေမိုးချိုးပြီး အလှပြင်နေတုန်းမှာပင် စီစီတို့ သုံးဦးသား အိမ်ကို ရောက်လာကြပါသည်။

"ဘာတွေလုပ်နေတာလဲ၊ အံမယ် အလှတွေစွတ်ပြင်နေတယ်...ကြည့်စမ်း...ဒါဘယ်ကို ယွန်းဖို့လဲ"

"ရှင့်ဖုန်းမှာ (missed calls) တွေ ဘယ်လောက်များနေပြီလဲ၊ ဒါတောင်ပြန်မခေါ်ဘူး"

"ဟုတ်ပါ့ ကျုပ်တို့ မနေ့ကရောက်တော့လည်း တံခါးကြီး ပိတ်လို့ ရှင်မပြောနဲ့ ရှင့်အိမ်က ခွက်ခွက်တောင် မတွေ့ရဘူး။ တကထဲ အိမ်များပြောင်းသွားပြီလားတောင် ထင်ရတယ်"

တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းဝန်းပြစ်တင်ရေရွတ်သံတွေ ကြားမှာ ညှာက မျက်နှာချိုသွေးကာ တဟဲဟဲရယ်နေရသည်။

"ဟွန်း...ရယ်ပုံကိုက"

"သိပ်ပျော်နေတယ်ပေါ့လေ၊ မစားကောင်းတဲ့ အသီးကိုလည်း စားလိုက်ပြီပေါ့...သူတို့ကိုယ်သူတို့ အာဒမ်နဲ့ဧဝလို့ပေါ့လေ"





"ဘာတွေပြောနေတာလဲ"

"အံမယ်...မယ်...ဟန်ဆောင်ဦးမလို့...သူက သတင်းကြားပြီးသား၊ ညှာမယ်မကြီးနဲ့...ရေပေါ်ဟိုတယ်မှာ ရှင်တို့နှစ်ယောက်ကို တွေ့တယ်တဲ့၊ ရန်ကုန်မြို့လေးကကျဉ်းကျဉ်းလေးပါ ညှာရယ်၊ လိမ်မယ်လို့ မစဉ်းစားနဲ့၊ ပြော...ပြော၊ အခု ကျုပ်တို့ မေးမြန်းစစ်ဆေးဖို့ တက်လာတာ၊ ဘယ်တုန်းက ဘယ်လိုကြိုက်သွားတာလဲ၊ ကျုပ်တို့ မေးတုန်းကတော့ ဖုန်းတောင် တစ်ခါလေးမှ မဆက်ပါဘူး...ဘာညှာနဲ့"

"သြော်...တကယ်ပြောတာပါ"

"ဒါဖြင့် ဘယ်လို ကြိုက်တာလဲ"

"သူ ဒီကို ရောက်လာတာ"

"အိမ်အထိ လာတယ်"

"အင်း"

သူတို့က ညှာ့မျက်နှာကို မယုံသလို ကြည့်နေကြသည်။ အသားလေး ကြိတ်မြို့ပြီး ရှောင်နေတာတောင် ဒီမိန်းမတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုက ဘယ်လိုသိသွားကြမလဲ မဆိုနိုင်။

"ကဲပါ…အေးအေးဆေးဆေး ထိုင်ကြစမ်းပါဦးနော်… အမောလေး ဘာလေး ဖြေမှပေါ့၊ ရှေ့ ဒီမှာ ဆန်းကစ်ဗူးတွေရှိတယ်၊ ပြီးရင် ကျူပ် ရှင့်ကို လက်ဖက်သုပ်ကျွေးမယ်"

"အံမယ်…လက်ဖက်နဲ့ မရပါဘူး…အပြင်မှာလိုက်ကျွေး ရှမ်းကန်သွားမယ်"

"အေးပါဟယ်"

ညှာက ဆံပင်လေးကို ဖွကုတ်ရင်း မတတ်သာစွာ ခေါင်းညိတ်ရသည်။ ဒီညနေ ညှာက မိုးတိမ်တောက်နဲ့ ချိန်းထားတာကို…။

ဆန်းကစ်ဗူးတွေ ဖောက်ကာ ဖန်ခွက်ထဲ ထည့်ပေးရင်း ညှာ သူတို့နား ထိုင်ရသည်။

သူတို့ မေးသမျှ ဖြေရသည်။

ညှာလည်း ပြောရင်းက စိတ်ပါလာရကာ အရှိန်ကောင်းလာပြီး…





"တကယ်တော့ သူက ရှင်တို့ထင်သလို အိမ်ထောင်ပျက် မဟုတ်ပါဘူး"

"ဘာရယ် ဒါဆို လူပျိုလား"

"မဖြစ်နိုင်ပါဘူး…သူကိုယ်တိုင် ဖွင့်ပြောတဲ့ဥစ္စာ"

"မဟုတ်ပါဘူး…ညှာပြောတာက သူက အိမ်ထောင် ပျက်မဟုတ်ဘူး…အိမ်ထောင်ဆိုး၊ သူ့မိန်းမဆိုးတာ သူတောင် မသိသေးဘူး"

"ဟင်…ဟုတ်လား"

"ညှာက ဘယ်လိုသိတာလဲ"

ညှာတခိုင်က ပင့်သက်လေးတစ်ချက်နှင့် အကြည့်ကို အဝေးသို့ ပို့ကာ…

"အရင်တုန်းက ကျူပ်နေတဲ့ ဦးလေးဦးသိန်းခွေအိမ်မှာ အစ်မတစ်ယောက်ရှိတယ်လေ…ရေခဲ့ငွေ့ဆိုတာ"

"အင်း…သိတယ်လေ၊ တခါမြင်ဖူးတယ်…နာမည် ဆန်းဆန်းနဲ့ ခပ်ချောချောအစ်မကြီး၊ မော်ဒယ်လို ကိုယ်လုံးလှလှနဲ့



www.burmeseclassic.com

www.burmeseclassic.com



လေ''

''အဲဒါ ညွှာအစ်မပဲဆိုပါတော့၊ ဦးသိန်းဆွေနဲ့ မေမေနဲ့ လက်ထပ်ထားတာ ရှင်တို့ကို ရှက်လို့ညွှာမပြောတာ ဦးလေး ထင်ရင်လည်း ထင်ပါစေဆိုပြီး''

''ဟယ်…ဟုတ်လား''

''အဲဒီတုန်းက ညွှာ ခင်တယ်ဆိုတဲ့ သီချင်းရေးဆရာ ဆိုတာရော ဘယ်သူမှတ်လဲ၊ အဲဒါ ကိုမိုးတိမ်ပဲ''

''တကယ်''

''မမငွေ့က ကိုမိုးတိမ်ရဲ့ အမေနဲ့ခင်တယ်၊ ကိုမိုးတိမ် အမေက အရိုးဗစ်ဆရာမပေါ့''

''ဩော်''

ညွှာက အခုမှ ခရေစေ့တွင်းကျ ဇာတ်ကြောင်းပြန်သည်။

''မမငွေ့က ညွှာကို ကိုမိုးတိမ်နဲ့ မပတ်သက်ဖို့ တားတယ် ဆိုပါတော့၊ ညွှာလည်း ကလေးပဲရှိသေးတာပဲ…တကယ်လည်း ညွှာဖက်က သူ့ကို သဘောတကျနဲ့ လေးစားခင်မင်တာလောက်ပဲ





ရှိတာဆိုတော့ ဘာမှ မဟုတ်ဘူးလေ၊ ညွှာ မေမေနဲ့ ဩစတြေလျ လိုက်သွားတော့ သူတို့ သားအဖဒီမှာ ကျန်ခဲ့တယ်၊ အမေနဲ့ ဦးသိန်းဆွေလည်း ကွဲသွားတော့ ဘာမှ သတင်းမရဘူး၊ မမငွေ့နဲ့ ကိုမိုးတိမ်နဲ့ လက်ထပ်ပြီးမှ ညွှာသတင်းကြားတာ''

''ရှင် အရမ်းစိတ်ထိခိုက်သွားမှာပေါ့''

''ဘာတတ်နိုင်မလဲ…သူတို့ချင်း ဖူးစာပါလို့ပေါ့''

''နောက်တော့ ဘယ်လိုဖြစ်ပြီး ကွဲတာလဲ''

ညွှာတခိုင်က သူတို့ အမေးကို မဖြေသေးပဲ နံရံကပ်ဘီရို အံဆွဲလေးထဲက ဒိုင်ယာရီစာအုပ်ထဲ ညှပ်ထားသော သတင်းစာ ဖြတ်ပိုင်း ဝါကျင်ကျင်လေးတစ်ခုကို ထုတ်ယူလိုက်သည်။

''မမငွေ့ ဟိုကို ယူလာပြီး ညွှာ့ကို ပေးထားတာ''

သူတို့က လှမ်းယူ ဖတ်ကြည့်ကြသည်။

ရေခဲငွေ့…

*အားလုံးခွင့်လွှတ်တယ်။*

*အမြန်ပြန်ဆက်သွယ်ပါ။*



www.burmeseclassic.com

www.burmeseclassic.com



*မင်းကျေနပ်အောင် ဆောင်ရွက်ပေးမယ်။*

*မိုးတိမ်တောက်*

"ဟဲ့…ဒါဆို အဲ့ဒီရေခဲငွေ့က နောက် မီးလင်းလို့ပေါ့"

သူတို့ မေးပုံကြောင့် ညှာ မျက်နှာလေး ပျက်သွားရသည်။ ပြီးမှ အသံတိုးတိုးဖြင့်…

"အဲ့ဒီလိုတော့လည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုမိုးတိမ်က ဒေါသတကြီးနဲ့ ကိုဘုန်းလက်ရှန်းကို ထိုးကြိတ်ဖူးတော့ မမငွေ့ကလည်း ကြောက်နေတာပေါ့…ဘုန်းလက်ရှန်းဆိုတာက ညှာ့အစ်မနဲ့ ငယ်ရည်းစားလေ၊ သူ့အဖေ ဦးသိန်းဆွေလည်း အဲဒီနှစ်ထဲမှာပဲ ဆုံးခဲ့တာ၊ မမငွေ့ သူ့ရည်းစားဟောင်းနဲ့ တမင်ပြန်ဆက်နေတာတော့ မဟုတ်ဘူး…မမျှော်လင့်ပဲ အဲလိုမျိုး ဖြစ်သွားတာပါ၊ စိတ်လေလေနဲ့ မတော်တဆ ခရီးလွန်ရင်း ပြန်မလာရဲတော့တာမျိုးပါ၊ မမငွေ့လည်း သူ့ကိုယ်သူ အပြစ်မကင်းသလို ခံစားရပြီး စိတ်မကောင်း ဖြစ်နေရှာတာပါ၊ ညှာနဲ့ သူနဲ့ ဘယ်တုန်းကမှ အကြောမတည့်ခဲ့ပေမယ့် သူဟိုကို ရောက်လာပြီး ညှာတို့နဲ့အတူ





နေတဲ့ အချိန်မှာ သူ့အပေါ် ညှာ နားလည်ခဲ့တယ်၊ သနားခဲ့ရတယ်၊ သူက စိတ်အလို လိုက်တတ်တယ်…ရှေ့နောက် မစဉ်းစားဘူး"

ညှာက လောကကြီးမှာ မရှိတော့ပြီဖြစ်သော ရေခဲငွေ့ အကြောင်းကို တစ်ခွန်းမှ မကောင်းတာမပြောချင်တော့ပါ။ မမျှော်လင့်ပဲ အဆုံးသတ်သွားရရှာတဲ့ မမငွေ့ရဲ့ ဘဝဟာ တရားရစရာပါပဲ။

အချစ်ရေးနှင့် ပတ်သက်ပြီး သူထင်ရာစိုင်းခဲ့တုန်းကတော့ ပျော်ကောင်း ပျော်နေနိုင်သည်။

တကယ်တော့ ရေခဲငွေ့က သူမ ဖခင်ကြီး ဆုံးပါးသွားသောအခါ အထီးကျန်ပြီး အားငယ်သလိုခံစားရ၏။

ထိုအချိန်က လင်မယားချင်း အဆင်မပြေသဖြင့် မိုးတိမ်တောက်နှင့် သူမက တစ်ယောက်တစ်ခန်းခွဲနေတဲ့ အချိန်။

အိပ်မပျော်ပဲ မျက်ရည်တွေစိုနစ်နေတဲ့ ရေခဲငွေ့က မသင့်တော်မှန်း မကောင်းမှန်းသိပေမယ့် သူမအပေါ် စိတ်ရှည်ခွင့်လွှတ် သည်းခံလိုက်လျောကြင်နာတတ်တဲ့ ဘုန်းလက်ရှန်းကို

www.burmeseclassic.com



သတိရတာမ်းတမိတာအမုန်ပါ…။

အားငယ်နေချိန်မို့ တမ်းတမိတာမျိုးပါ။

ပုံိဖက်ခန်းမှာ အိပ်စက်နေသော ခင်ပွန်းဖြစ်သူကို သွားနှိုးပြီး တောင်းပန်တိုးလျှိုးဖို့ကျတော့ ရေခဲငွေ့က မာနကြီးနေမိသည်။

သူတောင် နေနိုင်သေးတာ ငွေ့ကရော သူဖက်ထားမှ စိတ်ချလုံခြုံစွာ အိပ်ပျော်မည့်သူလား။

နေနိုင်ရင် နေစမ်းပါ…ဘာဖြစ်သေးလဲ။

တစ်ယောက်တည်းဆိုတော့လည်း ငိုချင်စရာလား။

မငိုပါဘူး…။

မျက်ရည်သုတ်ရင်း စိတ်တင်းသည်။

သူမ ခုတလော အိပ်မပျော် စားမဝင်ပဲ အသက်ရှုကြပ်ကာ မောဟိုက်နေသည်။

သူမကို ထွေးပွေ့နှစ်သိမ့်ဖို့ ဝေးလို့အေးစက်မာကျောစွာ ခပ်တင်းတင်း ကြည့်တတ်တဲ့ မိုးတိမ်ကို မျှော်လင့်ချက်မထားချင်ပဲ





စိတ်တွေကုန်ပြီး မုန်းတီးနေမိသည်။

သူနှင့် ကိုယ်နှင့်ဟာ အကြင်လင်မယားသာ တော်နေတာ။ တကယ်တော့ အဓိပ္ပာယ်မရှိလှပါဘူး…အမြဲတမ်းတစ်ယောက် တစ်ခြားစီ မျက်နှာကြောလည်းမတည့် ရင်ဆိုင်ပြီး စကားတစ်ခွန်း နှစ်ခွန်း ပြောလိုက်တာနှင့် အခြေအနေတွေ တင်းမာပြီး ရန်စောင်တဲ့ ဘက်ရောက်သွားစမြဲပါ…။

သူက ငွေ့ကို အကောင်းမမြင် ငွေ့က သူ့အပေါ် အဆိုး မြင်အပြစ်တင် မိတာတွေလည်း တပုံတပင် တစ်ယောက်ကို တစ်ယောက် ကြည့်လို့ကို မရတာ။

အန်တီဒေဝီလည်း သူမတို့ နှစ်ယောက်ကို စေ့စပ်ပေးရ၊ ညှိနှိုင်းပေးရတာ အကြိမ်ပေါင်းများပြီမို့ လက်လျှော့ပြီး ဘေးထွက် ကြည့်နေခဲ့ပြီ။

"မင်းတို့ သဘောပဲ၊ ကွာချင် ကွဲချင်သပါ့ဆိုလည်း ထင်ရာ လုပ်ကြပေတော့၊ ဒါပေမယ့် စဉ်းစဉ်းစားစားလုပ်ကြမှော့ ကွဲပြီးရင်တော့ ငါက ပြန်ပေါင်းပါလို့ တိုက်တွန်းမှာ မဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်၊ ငါတစ်ခါပဲ အမှားခံမယ်''

အန့်တီဒေဝီ အတော်ကြီး စိတ်ပျက်နေတာ ငွေ့သိ၏။ ငွေ့လည်း မတတ်နိုင်။ သူ့သားကို ငွေ့လည်း အောက်မကျို့နိုင်။ ချစ်တယ် ထင်မိတာတွေက ကောက်ရိုးမီးလို ခဏတောက်ပြီး ငြိမ်းသွားခဲ့ပြီ။

တောက်နေတုန်းကတော့ မီးတောက်တွေက သိပ်လှပပေမယ့် အခုပြာဖြစ်သွားပြီလေ။

မိုးတိမ်တောက်လည်း သူ့အိမ်ထောင်ရေးကို သူစိတ်ပျက်နေမိသည်။ အားနေလျှင် ကင်မရာတစ်လုံးနှင့် ခေါက်ပုံတွေပဲ လျှောက်ရိုက်နေသည်။

ခွင်ရာမင်ရာ ကင်မရာမင်းနှ်တွေနှင့် ခရီးထွက်သည်။

သူ့မှ အိမ်မှာ မပျော်ပဲ…လမ်းခရီးမှာ…ဟိုတယ်မှာမှ ပျော်စရာရှိသေးသည်။ သစ္စာမရှိတဲ့ မိန်းမမျက်နှာကို မမြင်ရဘူးလေ။

သူ ရှမ်းပြည်နယ်ဖက် ခရီးထွက်သွားတဲ့ အခိုက်မှာ





ရေခဲငွေ့ စိတ်တွေက ပိုလွှတ်လပ်နေသည်။ သူမ စိတ်လေနေမိပြီ။

သူငယ်ချင်းတွေက စိတ်ပြေလက်ပျောက်ဆိုပြီး ပစ်ကနစ်ထွက်ဖို့ ခေါ်ကြသည်။

ရေခဲငွေ့က အန့်တီဒေဝီကိုပင် မပြောပဲ သူမ သဘောနှင့် သူမ လော့်ကားသွားတဲ့ အဖွဲ့တွေနှင့် လိုက်ခဲ့သည်။

သီချင်းတွေဆိုကြ၊ ဂစ်တာတီးကြ၊ ကကြ၊ ခုန်ကြနှင့် ပျော်စရာကြီးပါ။

ဘုန်းလက်ရှန်းနှင့်အတူရှိနေရတာကို ပိုပြီးစိတ်ချမ်းသာသည်။

''သူ…ငွေ့ကို ဂရုမစိုက်ဘူးလား…ငွေ့တို့ အဆင်မပြေကြဘူးလား…ကိုယ်ဘာကူညီရမလဲ၊ ငွေ့အခုတလော အရမ်းပိန်သွားတယ်၊ ကျန်းမာရေးလည်း ဂရုစိုက်ပါဦးကွာ၊ အရမ်းကြီးစိတ်ဖိစီးမခံနဲ့လေ''

ဘုန်းလက်ရှန်းရဲ့ တိုးဖွဖွအားပေးနှစ်သိမ့်သော ဂရုတစိုက်အပြောအဆိုတွေက သူမနှလုံးသားကို ကြည်နူးကြေကွဲဖြစ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ငွေ့ကို အပြစ်မယူပဲ ခုထိ ကြင်နာဂရုစိုက်တာကို ကြည်နူးရပေမယ့် တကယ်တမ်း သူ့အကြင်နာ အယုအယတို့ကို ပိုင်ဆိုင်ခွင့် မရှိတော့တာက ငွေ့ရင်ကို ပြင်းပြစွာ ဝမ်းနည်းကြေကွဲစေပါသည်။

"မောင်…အင်း…ကိုဘုန်းပေါ့…ကိုဘုန်း ငွေ့အနားကို မလာပဲ ဝေးဝေး နေပေးပါလား"

"ဗျာ…ဘာကြောင့်လဲ"

"ရှင်အဲ့လို ဂရုစိုက်ရင် ငွေ့ငိုချင်တယ်"

"ဟာကွာ"

ပြောရင်းက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာတော့ အားလုံးက ဝိုင်းချော့ပြီး သူမရယ်မောလာအောင် စ,ကြ နောက်ကြ ပျောပျော ဟားဟား လုပ်ကြသည်။

ငွေ့နှုတ်ခမ်းလေး ပြုံးလာမှ ဘုန်းလက်စိတ်အေးချမ်းသွားသည်။

မပြေလည်တဲ့ အိမ်ထောင်ရေး ဒုက္ခထဲ နစ်မွန်းနာကျင်





နေတဲ့ ချစ်သူလေးကို အရမ်းသနားမိပါသည်။

သူဘာများ ကူညီပေးနိုင်မလဲ အမြဲတွေးမိသည်။

ငွေ့သည် စိတ်လိုက်မာန်ပါ လုပ်တတ်တာကလွဲရင် နူးညံ့အေးမြသူလေးပါ။ ဒါကို ဘုန်းလက်သိသည်။

ပစ်စလက်ခတ် သဘောထားတဲ့ ရက်စက်တဲ့ မိုးတိမ်တောက်ကိုလည်း စိတ်ဆိုး ဒေါသဖြစ်နေမိသည်။

ဒီလိုနှင့် သူတို့ရဲ့ တစ်နေ့တာ အချိန်လေးက ကုန်မှန်းမသိ ကုန်လွန်သွားသည်။

အပြန်ကျတော့ သူတို့တွေ တိုရိုတာမိုက်တီး အမိုးပွင့်ကားထဲ အတူတူစုပြီး ထိုင်လာကြသည်။ ဘုန်းလက်ရှန်းက ရေခဲငွေ့နဲ့ ဘေးနားရှိတဲ့သူမို့ ရုတ်တရက်မိုးရွာလာသောအခါ…

"ငွေ့…ကားရပ်ခိုင်းလိုက်မယ်…မိုးသည်းလာပြီ ရှေ့ခန်းပြောင်းထိုင်လိုက်ပေါ့"

"ဟင့်အင်း…မပြောင်းပါဘူး…ဒီမှာပဲထိုင်မယ်…မိုးရွာလာပြီ…ပျော်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ရေခဲငွေ့က မိုးရေစက်တို့ကို မျက်နှာမော့ပြီး ခံယူလိုက်သည်။ သူမရင်ထဲ လန်းဆန်းအေးမြသွားသည်။

"ဟော့…နေမကောင်းဖြစ်ဦးမယ်"

"ဖြစ်ပစေ"

"ပြောလို့လည်း မရပါလား"

"ကိုဘုန်းရယ် နှင့်ဂျာကင်ပေးလိုက်ပေါ့ဟယ်…စိတ်ရှုပ်ရင်လည်း"

သူငယ်ချင်းတွေက အကြံပေးရာ ဘုန်းလက်သတိရသွားပြီး သူဝတ်ထားတဲ့ မိုးကာဂျာကင်အပြာဖျော့ဖျော့ကို ချွတ်ပြီး ရေခဲငွေ့ ဦးခေါင်းလေးပေါ် လွှမ်းခြုံပေးလိုက်သည်။

သူကတော့ စွပ်ကျယ်အနက်လေးနှင့် မိုးရေစိုခံပြီး ထိုင်နေသဖြင့် ရေခဲငွေ့က မနေနိုင်ပဲ…

"ကိုဘုန်း … ဒီဘက်တိုး…ငွေ့နဲ့အတူတူ ဆောင်းပါ"

"ဟာ…နေပါစေ"

"ဆောင်းပါဆို"





ရေခဲငွေ့က သဘောရိုးရိုးနှင့်ပဲ အင်္ကျီကို ဖြန့်ပြီး အတူဆောင်းဖို့ ရည်ရွယ်သည်။ သို့သော် သူငယ်ချင်းတွေက ပြုံးစိစိနှင့် မျက်နှာလွှဲကုန်ကြသဖြင့် သူမရှက်သွားမိသည်။

ဘုရားစူးပါ၊ ထိုအချိန်ထိ မိုးတိမ်အပေါ် သစ္စာပျက်ဖို့ စိတ်မကူးတာ အမှန်။

သို့သော် လမ်းမှာ ကားပျက်သဖြင့် အချိန်က အတော်ကြန့်ကြာကာ မိုးချုပ်သွားသည်။ ပြန်ရောက်တော့ ညစာစား၊ စကားပြောနှင့် ညဉ့်နက်တဲ့အချိန်မှာပဲ အန်တီဒေဝီက ဖုန်းဆက်သည်။

မိုးတိမ် မနက်ကတည်းက ပြန်ရောက်လာပြီး ရေခဲငွေ့ကို လိုက်ရှာနေတဲ့အကြောင်း ရှာမတွေ့လို့ စိတ်တိုနေတဲ့အကြောင်း ပြောသည်။

ပစ်ကနစ်ထွက်တဲ့ အုပ်စုထဲ ဘုန်းလက်ရှိန်းပါတယ်ဆိုသဖြင့် ဒေါသတွေ ပေါက်ကွဲနေသည်ဆိုတော့ ရေခဲငွေ့က ထိတ်လန့်သွားသည်။

ပြီးခဲ့တဲ့ တစ်ခါတုန်းက ကုမ္ပဏီရုံးခန်းထဲ လာဆွဲထိုးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီ…ဒီတစ်ခါ ကိုဘုန်းကို သူဘာလုပ်မလဲ…

"ငွေပြန်လို့တော့ မဖြစ်ဘူး၊ သူပြဿနာရှာလိမ့်မယ်"

"ဒါဆို ဘယ်လိုလုပ်မလဲ…ဒီမှာပဲ အိပ်လိုက်မလား"

"မိုးတိမ် လာရှာမှာပေါ့"

"ဒါဆို တစ်နေရာရာ ရှောင်နေလိုက်ရင်ရော"

"ကိုဘုန်းကို သူရန်ရှာလိမ့်မယ်၊ အဲဒါ စိတ်ပူတယ်…ငွေ့ဘာလုပ်ရမလဲ"

"ငါတို့ မပါဘူးနော်၊ ဒီအိမ်မှာ ရန်ဖြစ်ရင်တော့ ငါအိမ်ပေါ်က ဆင်းရမှာ…"

သူငယ်ချင်းကလည်း စိုးရိမ်သည်။

"ရန်မဖြစ်ပါဘူး…ငွေ့တို့က အခု ရှောင်နေမှာပေါ့"

"အင်း…အဲဒါကောင်းတယ်…ဖုန်းဆက်ရင် ငွေပြန်သွားပြီလို့ ပြောလိုက်မယ်လေ"

မိုးတိမ် ကားတစ်စီးနှင့် ပတ်ရှာနေဆဲ ဘုန်းလက်ရှမ်းနှင့် ရေခဲငွေ့တို့ ထွက်ပြေးရှောင်တိမ်းကြသည်။





နှစ်ယောက်အတူ ထွက်ပြေးကြမှန်း သိသွားသောအခါ မိုးတိမ် ခံပြင်းဒေါသနှင့် အရှက်ကြီးရှက် အနာကြီး နာကျည်းမိသည်။

ဘယ်လောက် သိက္ခာမဲ့တဲ့ မိန်းမလဲဆိုတာ…တောက်…။



www.burmeseclassic.com

www.burmeseclassic.com



ည်းနည်းကြာလာတော့ မိုးတိမ်တောက်လည်း သွေးအေးပြီး ကွာရှင်းပေးလိုက်ဖို့ပဲ တွေးသည်။

တရားလည်း မစွဲချင်တော့…သူမ မျက်နှာကိုလည်း ကြည့်ချင်တော့…ဒီဘဝမှာ ဒီမျှသာပဲ ရေစက်ကုန်ချင်ပါသည်။

မာမီနှင့် တိုင်ပင်ပြီး သတင်းစာထဲ ပြန်လာဖို့ ထည့်သည်။ ထိုကြော်ငြာကိုတွေ့တော့ ထင်တဲ့အတိုင်း ရေခဲငွေ့က ဆက်သွယ် သည်။

ဖုန်းထဲမှာ ပြောဖြစ်တော့ ကွာရှင်းပေးမှလာတွေ့မယ်ဟု ကတိတောင်းရာ မိုးတိမ်ကလည်း ရှောရှောရှူရှူပင် ကတိပေးလိုက် ပါသည်။

ဒီလိုနှင့်ပဲ မိုးတိမ်နှင့် ရေခဲငွေ့တို့ တရားဝင်ပြတ်စဲလိုက် ကြသည်။



မိုးတိမ်တောက်က ကော်ဖီဆိုင်လေးထဲ ထိုင်မိတာနှင့် တပ်ထားတဲ့ ရောင်မျက်မှန်အပြာကို ငယ်ထိပ်ပေါ် ဆွဲတင်လိုက် သည်။ နူးညံ့နွေးထွေးသော သူ့မျက်လုံးတွေက ညာတခိုင် မျက်နှာ လေးပေါ် ချိုမြိန်စွာ ကျရောက်စိုက်ငေးလာသည်။

F.M.I City (အက်အမ်အိုင်စီးတီး)ထဲက Orchid Garden မှာ ရှုတင်ရှိတယ်ဆိုသဖြင့် သူမတို့ အားလပ်တဲ့ တနင်္ဂနွေ လည်းဖြစ်ရာ အတူတူစုဝေးရောက်လာကြခြင်းပါ။

ချစ်သူလေး ရောက်လာတော့ မိုးတိမ်အမူအယာက ပိုမို တက်ကြွပျော်ရွှင်နေတာ သိသာသည်။ စိတ်ကြည်ကြည်လင်လင် ဖြင့် ရိုက်ကွင်းထဲမှာ စီစဉ်ညွှန်ကြားပြောဆိုနေတာများ ဖျတ်လတ် သွက်လက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကြောင့် သူ့ဘဝသူ ကျေနပ်ခြင်းနှင့် အားမာန်အပြည့် ဖြစ်နေတာပါ။

ညွှာတနိုင်နှင့် ချစ်သူဖြစ်ရတာ သူ့အရမ်းကံကောင်းသည်ဟု ထင်မိသည်။

ညွှာကလည်း သူမျှော်လင့်တာထက်ပင် သူ့အပေါ် တွယ်တာ အားကိုးသည်။

ရိုက်ကွင်းဖြုတ်ပြီးတဲ့ နေ့လည်ခင်းမှာ သူတို့အုပ်စု စီးတီးမတ်ထဲ ခဏဝင်ကြည့်ပြီးနောက် ထိုနံဘေးက ရွှေပဒေသာ ကော်ဖီဆိုင်ထဲ ထိုင်မိကြသည်။

စီစီက သူ့ချစ်သူနှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောနေသဖြင့် ဒီဖက်က လေးယောက်ပိုင်း စားပွဲမှာ မိုးတိမ်၊ ညွှာ၊ ရွှေဝါနှင့် မယ်အုန်းတို့ ထိုင်ကြသည်။

"အမှန်အတိုင်း ပြောရရင် အစတုန်းကတော့ ကျွန်မတို့က ရှင်နဲ့ ညွှာကို သဘောမတူဘူးသိလား"

"ဟုတ်တယ်…ကျွန်မတို့ ဝိုင်းဖျက်နေတာ"





"အဲ့လိုတော့ မလုပ်ပါနဲ့ဗျာ"

"အခုလည်း ညွှာက အကြောင်းပြချက်ကောင်းလို့ သဘောတူပေးတာ"

"ဘာအကြောင်းပြချက်လဲဗျ"

"ရှင့်ကို ငယ်ငယ်ကတည်းက ချစ်ခဲ့တာတဲ့"

"အဟား"

"အိုး…မဟုတ်ပဲနဲ့ ရွှေဝါနော်"

ညွှာက ရှက်စနိုးနှင့် ရွှေဝါ့လက်ဖျံလေးကို တစ်ချက် လှမ်းရိုက်၏။

မိုးတိမ်က ညွှာအမူအယာလေးကို ပြုံးစစနှင့် ငေးကြည့်နေမိသည်။

"နောက်တစ်ခုလည်း ရှိသေးတယ်"

မိုးတိမ်က မေးဆတ်ပြီး ဆက်ပြောလေ ဆိုတဲ့ပုံစံလုပ်ပြတော့ ညွှာတနိုင်က ရွှေဝါကို အလန့်တကြား မျက်ရိပ်ပြသည်။

နှုတ်မလုံသော ရွှေဝါဟာ ရယ်ကျဲကျဲနှင့် …



www.burmeseclassic.com

www.burmeseclassic.com



"ညာ…ကျုပ်ပြောလိုက်ရမလား"

"အို…မပြောနဲ့"

"နောက်လည်း သိနိုင်တာပဲ"

အတော် အလိုက်ကမ်းဆိုးမသိတဲ့ ရွှေဝါပါလား။

မယ်အုန်းကလည်း ရွှေဝါကို စားပွဲအောက်ကနေ တစ်ချက်ဗိုက်ကန်သည်။

သူတို့ အမူအယာတွေကြောင့် ပေါ့ပါးလွတ်လပ်နေသော မိုးတိမ်တောက်မှာ စိတ်ထဲထင့်လာမိသည်။

"အဟင်း…ဟင်း…ကိုမိုးတိမ် သိချင်နေပြီ… တကယ်ယုံသွားတယ် ထွေ့လား"

တဟင်းဟင်း ရယ်ရင်း ရွှေဝါက ပြန်လျှော့ချသည်။ အားလုံးက မလိုလားဘူးဆိုတော့လည်း ဆက်ပြီးဖုံးကွယ်ထားဦးပေါ့။

ကာယကံရှင် ညာကတော့ ဖွင့်ပြောဖို့ မလွယ်ကူပေ။ ဒါကြောင့်လည်း ရွှေဝါက ဘေးကနေ မနေနိုင်ပဲ ဖွင့်ပြော





ပြလိုက်ချင်တာ။ တကယ်တော့ မသိမသိုင်ရွှေဝါစိတ်စောမိတာ။

သိသွားလျှင် ပြဿနာတက်မလား၊ ခွင့်လွှတ်မလား သိချင်သည်။

ဆုံးသွားပြီဖြစ်တဲ့ သူ့ဖနိုးဟောင်းနှင့် ပတ်သက်မှုရှိတာ သိလျှင် ညာလေးအပေါ် သူဘယ်လိုတုံ့ပြန်မှာလဲ…။

သူ့သဘောထားတွေ အပြောင်းအလဲရှိသွားနိုင်မလား။ တစ်ချိန်ချိန်မှာတော့ ကိုမိုးတိမ်သိကို သိမှာပင်။

ဘယ်အချိန်ထိ မျိုသိပ်ဖုံးကွယ်ဟန်ဆောင်ထားဦးမှာလဲ။ သူတို့သဘောအတိုင်းပဲလေ။

"အလကား…နောက်နေတာ၊ ဘာမှ မဟုတ်ပါဘူး ကိုမိုးတိမ်ရဲ့ ကော်ဖီအေးသွားမယ်…သောက်ပါဦး"

ရွှေဝါက ကော်ဖီပန်းကန်တို့ ရွှေ့ပေးသည်။

မိုးတိမ်က သူ့ကော်ဖီပန်းကန်ကို မထိမတို့သေးပဲ ညာရဲ့ နက်စ်ကော်ဖီပန်းကန်လုံးထဲ ဇွန်းလေးနှင့် မွှေပေးသည်။ ဘယ်အချိန်မှာမဆို ဂရုတစိုက်နှင့် တယုတယရှိနေမည့်ပုံပဲဆိုတာ စိတ်ချရ



www.burmeseclassic.com

www.burmeseclassic.com

လောက်သည်။

ရွှေဝါပင် မနာလိုချင်သလို ဖြစ်သွားသည်။

ရုတ်တရက် ကြားလိုက်ရတုန်းက အိမ်ထောင်ပျက်ဆိုပြီး အကြီးအကျယ်စိတ်ပျက်သွားမိပေမယ့် အခုလို ညွှာ့ဆီကနေ သူ့အကြောင်းတွေ သိရတော့လည်း ရွှေဝါ သူ့အပေါ် ဂရုဏာ သက်ရတာအမှန်။

စိတ်ဆိုတာလည်း ဆန်းကြယ်ပါဘိ။

မှတ်ဆိတ်မွေး ပါးသိုင်းမွေး ရေးရေးလေးကို ပုံဖော်ထားကာ နှုတ်ခမ်းစိုရဲရဲနှင့် သူ့ပုံစံက ယောကျ်ားပီသပြီး ခပ်မိုက်မိုက် ချောနေတာကြောင့် အကြည့်လွှဲဖို့ပင် မေ့လျော့နေမိတာကအမှန်။

ညွှာနှင့် ချစ်သွားကြပြီဆိုတော့ တိတ်တိတ်လေး ရွှေဝါ နှမြောနေသည်။ သူနှင့်ညွှာက စားပွဲရဲ့တစ်ဖက်ခြမ်းမှာ အတူတွဲကာ ထိုင်ပေမယ့် သူ့မျက်နှာချင်းဆိုင်မှာ ရွှေဝါက ရှိနေတာ…။

စူးရှတောက်ပသော သူ့မျက်လုံးတွေက အလွန်အမင်း ဆွဲငင်အားရှိနေသည်။ သံလိုက်စက်ကွင်းထဲ ရောက်ရောက်သွား





သလို ရွှေဝါအငိုက်အမိ ပါသွားချင်သည်။

မျက်လွှာစင်းချပြီး အအေးမှန်ခွက်ထဲ အကြည့်ပို့ပြီးပင် ခက်ခဲ နေလိုက်တာနော်။

မိုးတိမ်တောက်က မျက်မှောင်ခပ်ကုပ်ကုပ်နှင့် ညွှာတို့သာ ကြည့်နေမိသည်။ သူ့အာရုံထဲမှာ ညွှာပဲရှိသည်။ ပတ်ဝန်းကျင်က လူတွေကို သူမေ့နေသည်။

"ညွှာ"

"ရှင်"

"ကျွန်တော့်ကို ပြောစရာတစ်ခုခုရှိနေတာလား…ဘာ အခက်အခဲရှိနေလို့လဲ"

"ဟင့်အင်း…မရှိပါဘူး"

ရွှေဝါသည် အချိန်နှင့် နေရာကို မရွေးဘဲ သူ့တစ်ပါးရဲ့ အတွင်းရေးကို ချပြောပစ်လိုက်ချင်တာ ဘာသဘောပါလိမ့်…ဘာ ကြောင့်ပါလိမ့်။

သူမအတွက် အရေးကြီးသော အသိပေးရခက်နေသော



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စဖြစ်မှန်းလည်း သိသိကြီးနှင့် ညာရင်ထဲတမျိုးကြီး၊ ခုဟာ မျက်စိပျက် မျက်နှာပျက်နှင့် ငြိမ်သက်နေမိသည်။

ညာအမူအယာကြောင့် မိုးတိမ်က ဘာမှ ထပ်မမေးတော့ပဲ ပြုံးပြုံးရွှင်ရွှင်နှင့် ရောက်တတ်ရာရာတွေသာ ပြောဆိုနေလိုက်သည်။

"အခုန အဆိုတော်…ကော်ဖီသောက်တဲ့အခန်း ရိုက်တာ တွေ့လိုက်သေးလား"

"တွေ့သားပဲ…ကော်ဖီမပါဘဲ ယန်းကန်လုံးပဲမော့နေတာ မဟုတ်လား"

"မဟုတ်ပါဘူး…ကျွန်တော် ဆယ်ခွက်တောင် မှာထား ပေးတာ"

"မဖြစ်နိုင်ဘူး"

"တကာဒ်ကလေး စိတ်ကြိုက်ရဖို့ အများကြီးအချိန်ပေးရ တာဗျ၊ ဒီအလုပ်ကအင်မတန် စိတ်ရှည်ရတာမျိုး"

"ရွှေဝါတောင် ကြည့်ရင်းနဲ့ မင်းသမီးလုပ်ချင်စိတ် ပေါက်လာတယ်"





"သရုပ်ဆောင်ပညာဆိုတာ ထင်သလောက်မလွယ် ဘူးနော်"

"အင်းလေ…သူက အပေါ်ယံလေး စိတ်ဝင်စားနေတာ ရွှေဝါနင်လုပ်ရင် ဟာသမင်းသမီးလုပ်၊ နှာမည်ကို ငါးကြင်းမြီးလို့ ပေးပေါ့"

"ကောင်းစုတ် ကြည့်စမ်း"

"ဒါမှ မဟုတ်ရင် စိတ်ပုပ်မ လုပ်ပြီး သူများရည်စား လိုက်လိုက်လုတဲ့အခန်းရိုက်၊ နင့်ပုံနဲ့ဆို အလားအလာရှိပါတယ် နော် ကိုမိုးတိမ်ရယ်"

မယ်အုန်းစကားကို ရွှေဝါစိတ်ဆိုးချင်မိသည်။ ဘယ်သူက ရော သူများရည်းစားလုမှာမို့လို့လဲ။

"အင်း…မဆိုးဘူး…စမ်းကြည့်လိုက်မယ်၊ ရှင့်ဘဲကို လုကြည့်ရမယ် မယ်အုန်းရဲ့ သိလား"

သူမ ရွဲ့ပြောလျှင် ညာက…

"ဟဲ့…ဘာတွေလျှောက်ပြောနေတာလဲ…မဟုတ်ဘာ


www.burmeseclassic.com

www.burmeseclassic.com



တွေ”

ဟု ဝင်ရောက်ဟန့်လိုက်သည်။

ချစ်သူ့ရှေ့မှာ ဒီမိန်းကလေးတွေ စကားပြောရဲလှချည့်လား ဟု အထင်သေးမခံရစေချင်ပါ။

ကိုယ့်အချင်းချင်း လွတ်လွတ်လပ်လပ် နောက်ပြောင် ကျီစယ်တာဆိုရင် တစ်မျိုးပေါ့လေ။

အခု ဒီမှာ သူစိမ်းယောက်ျားတစ်ယောက်ရှိနေတဲ့ ဥစ္စာ။

စီစီက ရွှေဝါ့ကို လှမ်းခေါ်ပြီး တစ်စုံတစ်ခုပြောလိုက်တော့မှ သူတို့စားပွဲမှာ တိတ်သွားရသည်။



“ဟဲလို”

“ညွှာ…ကျွန်တော် ရောက်နေပြီ”

“ဘယ်မှာရောက်နေတာလဲ”

ညွှာက ဖုန်းနားထောင်ရင်း လက်ထဲက ရီမုကို ပြန်ချထားလိုက်သည်။

ည ကိုးနာရီထိုးတော့မှာမို့ ပယောဇ္ဇီ နန်းတော် အစီအစဉ်ကြည့်မလို့ ပြင်နေတာ။

“ညွှာတို့တိုက်ရဲ့ လှေကားရင်းမှာ”

“ဘယ်သွားမလို့လဲ ကိုမိုးတိမ်”

“ညွှာ့ကို လာခေါ်တာ၊ ပျင်းလို့ဗျာ တစ်နေရာသွားရအောင်”



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ညှာ အဝတ်လဲလိုက်မယ်နော်"

"ကျွန်တော် တက်ခဲ့ပြီးလာခေါ်မယ်၊ အိုကေ"

မိုးတိမ်တောက်က မီးလင်းနေသော လှေကားရှင်းရှင်းပေါ်သို့ ပြေးတက်လာခဲ့သည်။

တစ်နေကုန် ပင်ပန်းပေမယ့် ရေမိုးချိုး ညစာစားပြီးတာနှင့် သူ ညှာ့ကို သတိရလာသည်။ ချစ်သူမျက်နှာလေးကိုကြည့်ပြီး စကားပြောချင်လာသည်။ ပါးမို့မို့လေးကို ဖိကပ်နမ်းရှိုက်ချင်လာသည်။

ညှာ ဘာတွေပဲဖြစ်ဖြစ် ကျွန်တော့်ကို ခွဲမသွားပါနဲ့ဗျာ။ ကျွန်တော် ညှာနဲ့ဝေးပြီး နေနိုင်မှာမဟုတ်ဘူး။

ကျွန်တော့်နှလုံးသားထဲမှာ ညှာ့အတွက် သန့်စင်လတ်ဆတ်တဲ့အချစ်တွေ အပြည့်ကြီးရှိနေတယ်။

ညှာနှင့် မတော်တဆ ခွဲခွာရမှာ မိုးတိမ် စိုးရိမ်မိသည်။

ဒီထက် ပွင့်လင်းပါ ညှာ၊ ဘာတွေထိန်ချန်ထားတာရှိလဲ။ ကျွန်တော် ဘာကိုပဲဖြစ်ဖြစ် သိချင်တယ်။





ညှာတခိုင်က အလှပါးလေးတစ်ထပ်ကို ရွေးခေတ် ပုံပုံစံနှင့် ထပ်ချုပ်ထားတဲ့ ဂါဝန်ပုံဆန်းဆန်း နက်ပြာပေါ် ပုလဲဖောက်ထားတဲ့ အရောင်လေးကို မာဖလာအဖြူလေး လည်မှာစည်းနှောင်ပြီး ဝတ်ထားတာမို့ အမြင်ဆန်းပြီး အသက်ရှူမှားရအောင် လှနေသည်။

"လှလိုက်တာ ညှာရယ်"

တွေ့တွေ့ချင်းပင် မိုးတိမ်က သူမခါးလေးကို သိမ်းဖက်၍ နဖူးပေါ် ဖွဖွအနမ်းပေးလိုက်သည်။

"အရမ်းချစ်တယ်ကွာ"

"ညှာလည်း ချစ်ပါတယ်"

"မောင့်ကိုသတိရလား"

"မောင် ဖြစ်သွားပြီ၊ အဟင်း…ဟင်း"

"မရယ်နဲ့ကွာ"

မိုးတိမ်က သူမနှုတ်ခမ်းလေးကို ဖွဖွတို့ထိလိုက်၏။

"အပြင်သွားမယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ…သွားကြစို့"

မီးတွေပိတ်၊ တံခါးတွေပိတ်ကာ မိုးတိမ်နှင့် ညှာတို့ ကားဆီဆင်းလာသည်။

ထို့နောက် ကားပေါ်အတူထိုင်ကာ မြူးစစ်ချည်းသက်သက် ခပ်တိုးတိုးဖွင့်လျက် မြို့ထဲဘက် မောင်းလာသည်။

"ဘယ်သွားချင်လဲ ညှာ"

"မောင့်သဘောလေ"

"မောင်လို့ခေါ်တယ်၊ အဟက်…ဟက်"

"ဩော်…ရှင်က ပြန်ရယ်တာပေါ့လေ၊ ကဲ"

ညှာ အမှတ်တမဲ့ လက်သည်းနှင့် ဖွဖွဖိဆိတ်မိပြီးမှ သူ ကားမောင်းနေတာပဲဟု သတိရသည်။

မိုးတိမ်က ကားကို ဗိုလ်တထောင် ဆံတော်ရှင် ကျိုက်ဒေးအပ်စေတီဘက်ကနေ ဝင်လာကာ ကမ်းနားက လမ်းမီးတိုင်အောက်မှာ ရပ်လိုက်သည်။

တခြား ရပ်ထားတဲ့ ကားလေးတွေလည်း စီနေသည်။





လမ်းလျှောက်တဲ့သူ၊ ဆော့ကစားတဲ့သူ၊ စက်ဘီးစီးတဲ့သူတွေနှင့် ဆိပ်ကမ်းလေးက စည်ကားလှုပ်ရှား သက်ဝင်နေသည်။

လေအေးအေးတို့က တသုန်သုန် တဖြူးဖြူး တိုက်ခတ်နေရာ အလွန်သာယာ အေးချမ်းဖွယ် ကောင်းနေ၏။

ကားမှန်ကို ချရုံမက တံခါးတွေပါ ဖွင့်ထားလိုက်သည်။

"အား…စိတ်တွေရှင်းသွားတာပဲ"

"အင်းနော်"

"မောင်က စိတ်ထဲမှာ အတန်းရှင်းဝင်နေရင် မနေတတ်ဘူး"

"ဘာကိုလဲ"

"ဟောဒီ ညှာလေးကြောင့်ပေါ့"

"ညှာ ဘာလုပ်လို့လဲ"

"ပွင့်ပွင့်လင်းလင်း မရှိဘူးကွာ"

သူက ညှာ့မေးစေ့လေးမှ ပင့်ယူဆွဲမော့စေကာ မျက်လုံးထဲ ဆုံကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို မယုံကြည်ဘူးလား ညာ"

"ယုံပါတယ်"

"ရွှေဝါ့စကားက ဘာအဓိပ္ပာယ်လဲ၊ သူ နောက်တာ မဟုတ်ဘူးကွ၊ မောင်ရိပ်မိတယ်"

ညာတခိုင် ဘာမှပြန်မဖြေဘဲ သူ့ပခုံးလေးပေါ် ခေါင်းမှီလိုက်သည်။

"ရင်တွေလည်း ပူတယ်ကွာ၊ ညာ့ဘက်မှာ ဘယ်လိုအကြောင်းကိစ္စတွေ ရှိနေလဲလို့ လျှောက်စဉ်းစားနေမိတယ်၊ နဂိုကမှ မောင်က ညာ့အမေဆီတောင်းဖို့ သိပ်အားမရှိတဲ့ကောင်ပါ၊ ညာ့အမေက သဘောမတူရင် ဘယ်လိုလုပ်မလဲ ဒါပဲတွေးနေတာ၊ အခု နောက်ထပ် ဘာပြဿနာရှိနေပြန်ပြီလဲ၊ မောင့်ကို ပြောကွာ၊ အတူတူဖြေရှင်းမယ်"

"ပြဿနာတော့ မဟုတ်ပါဘူး"

"ဒါဆို ဘာလဲ"

"မေမေ့ကို ညာ ခွင့်တောင်းရင် မေမေလိုက်လျော မှာပါ၊





အစကတည်းက သမီးကြိုက်တာ ချစ်တာ ကိုယ့်သဘောနဲ့ကိုယ်ရှာလို့ ပြောပြီးသား"

"ဟုတ်လား…တော်သေးတာပေါ့၊ ဒါပေမဲ့ကွာ လူမျိုးထဲက ရှာခိုင်းမှာပေါ့၊ မောင့်အကြောင်းသိရင် သဘောတူပါ့မလား"

"အဲဒါအတွက် စိတ်မပူပါနဲ့ဦး"

"တကယ်လို့ သဘောမတူရင်ရော၊ ညာက မောင့်ဘက်မှာ ရှိမှာလား"

"အင်း"

"အသံက အရမ်းတိုးနေပါလား၊ စိတ်ချလက်ချဖြစ်အောင် သေချာဖြေပါလား ညာရယ်"

"မောင်"

"ပြော"

"ရေခဲ့ငွေ့အပေါ် မောင်ခွင့်လွှတ်သလားဟင်၊ သူ့ကို နာကြည်းနေတုန်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com

"သူ့အကြောင်း ဘာလို့ပြောတာလဲ"

"ညွှာသိချင်လို့ပါ"

"ခွင့်လွှတ်တယ်လည်း မဟုတ်ဘူး၊ နာကြည်းချက်လည်း မထားဘူး၊ ဒါက ပြီးသွားပြီပဲ၊ မေ့လိုက်ပြီ"

"သူ အခုဘယ်မှာလဲ၊ မောင်သိလား"

"နိုင်ငံခြား ထွက်သွားပြီလို့တော့ ကြားတယ်၊ သူ ဘယ်မှာလဲ မောင်မသိဘူး"

"ဒါပေါ့…သူ ဘယ်ရောက်သွားပြီလဲဆိုတာ ဘယ်သူမှ မသိနိုင်ဘူးလေ"

"ဘယ်လို ညွှာ"

"ရေခဲငွေ့ ဆုံးသွားပြီလေ"

"ဟာ"

"သူ့ယောက်ျား ကိုဘုန်းလက်ရုံးနဲ့ အတူတူ ကားအက်ဆီးဒင့်ဖြစ်ပြီး နှစ်ယောက်လုံး ကွယ်လွန်သွားပြီ၊ မမငွေ့က ဒဏ်ရာမပြင်းပါဘူး၊ ဒါပေမဲ့ သူ့မှာ နှလုံးရောဂါအခံရှိတော့





ရုတ်တရက် အသက်ရှူရပ်ပြီး သေဆုံးတာလို့ပြောတယ်"

မိုးတိမ်တောက်က ခန္ဓာကိုယ်ကို ခပ်မတ်မတ်ပြန်ထိုင်ရင်း ညွှာတခိုင် မျက်နှာလေးကို မယုံနိုင်စွာကြည့်မိသည်။

"သူ့ကို ခွင့်လွှတ်ပေးပါလို့ မမငွေ့က တောင်းပန်ခိုင်းတယ်လေ၊ သူ့ကိုယ်စား တောင်းပန်ပေးမယ်လို့ ညွှာ ကတိပေးထားတယ်၊ ဒါကြောင့် ရန်ကုန်ရောက်တာနဲ့ ရှင့်ကိုတွေ့ပြီး တောင်းပန်စကားပြောဖို့ပဲ"

"သူနဲ့ညွှာက…"

မိုးတိမ်မေးခွန်းမဆုံးမီ ညွှာက ဖြေသည်။

"အမေပါနဲ့ အဖေပါ"

"ဘယ်လို"

"သူက ဦးသိန်းဆွေဘက်ကပါလာတဲ့ သမီး၊ ညွှာက မေမေ့ဘက်ကပါတာ၊ မေမေနဲ့ ဦးသိန်းဆွေ လက်ထပ်တော့ ညွှာ ခြောက်တန်းပဲ ရှိသေးတယ်"

"အဲဒီအကြောင်းတွေ မောင် လုံးဝမသိပါလား"



www.burmeseclassic.com

www.burmeseclassic.com



ရေခဲငွေ့ကလည်း သူ့အဖေအကြောင်း ဘာမှမပြောဖူးပါ။ ညာတခိုင်ဆိုတာ ဘယ်ကနေ ဘယ်လို ရေခဲငွေ့နှင့်ပတ်သက်တဲ့ မိန်းကလေးတစ်ယောက် လာဖြစ်နေတာလဲ။

ဘာကိုမှန်းမသိ မိုးတိမ်တောက် မခံမရပ်နိုင်ဖြစ်မိသည်။ မကျေမနပ်နှင့် တစ်ခုခုကို ထုရိုက်ပြီး လက်သီးနှင့် ထိုးပစ်လိုက်ချင်သည်။

သူ့ရဲ့ကံတရားကိုလည်း ဩချမိပါသည်။

ရေခဲငွေ့ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ အသိုင်းအဝိုင်းကပဲ သူ မလွတ်နိုင်တော့ဘူးလား။

အခုလည်း ချောင်ပိတ်မိပြန်ပြီ။

"ညာ ဖြည်းဖြည်းချင်း ပြောမလို့ပါပဲ၊ ရှေ့ဝါက စကား စလိုက်လို့"

"သူစိမ်းပြောမှ သိရအောင်လား ညာ"

"မဟုတ်ပါဘူးနော်၊ အထင်မလွဲပါနဲ့၊ ညာပြောရခက်နေလို့ပါ၊ မမငွေ့နဲ့ပတ်သက်ပြီး…"





"အဲဒီမိန်းမအကြောင်း မောင် မကြားချင်ဘူး"

"မောင်မုန်းတဲ့ မမငွေ့ မရှိတော့ဘူးလေ"

သူဖန်တီးထားတဲ့ ဒဏ်ရာဒဏ်ချက်တွေက မိုးတိမ်ရဲ့နောက်ပါးမှာ ရှိနေတုန်းပါ၊ အတိတ်က အရိပ်ဆိုးတို့က သူ့ကို ခြောက်လှန့်နေဆဲပါ။

"သူ တကယ်လိပ်ပြာမလုံလို့ ညာ့ကို အဲဒီအကြောင်းပဲ ထပ်တလဲလဲ ပြောနေတယ်၊ သူကိုယ်တိုင် ဝန်ချတောင်းပန်ချင်ပေမယ့် သူ မောင်နဲ့ရင်မဆိုင်ရဲတော့ဘူးတဲ့၊ မောင့်မျက်နှာကို သူ မကြည့်ဝံ့တော့ဘူးတဲ့၊ ဒါကြောင့် ညာ ရန်ကုန်ရောက်ခဲ့ရင် မောင့်ကိုသွားတွေ့ပြီး တောင်းပန်ပေးပါလို့ သူ အစောကြီးကတည်းက မှာနေတာပါ၊ သူ့အပြစ်နဲ့သူ သေတဲ့အထိ နောင်တရသွားတဲ့ မိန်းမတစ်ယောက်အပေါ် မောင်ခွင့်လွှတ်ပါနော်"

"အဲဒီစကားတွေ ပြောချင်လို့ မင်းက ကိုယ်နဲ့လာ ပတ်သက်တာလား"

"အို…မောင် ဘယ်လိုပြောလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသာ ရေခဲငွေ့ရဲ့ မိသားစုပဲဆိုတာသိရင် ဒီကိစ္စ ကိုယ်ရှေ့တိုးမိမှာမဟုတ်ဘူး"

ညှာ ဆတ်ခနဲ တုန်သွားသည်။ သူ့စကားကြောင့် အသက်မရှူနိုင်အောင် အံ့အားတသင့် ဖြစ်ကျင်မိသည်။

ကြည့်ပါဦး…သူ့နှုတ်က ပြောထွက်တဲ့စကား၊ ဒါဟာ နှောင်တစကားပေါ့။

အသည်းနှလုံးထဲ အထွဋ် ကာလီစာထဲက တမြတ်တနိုး ချစ်ခဲ့တဲ့ ညှာ့ကို သူ ရက်စက်စွာပြောရက်သည်။

ညှာ သူ့ကို စူးစူးရဲရဲစိုက်ကြည့်ရင်း ဝမ်းနည်းလာရသည်။ ပြီးတော့ ဒေါသတွေ ရင်ထဲပြည့်လျှံလာရသည်။

အသံမတုန်အောင် ကြိုးစားရင်း တစ်ချက် ရယ်သွမ်းသွေး လိုက်ပြီးမှ…

"အဟင်း…ဟင်း…ဟုတ်တယ်၊ ညှာက ရေခဲငွေ့ရဲ့ ညီမပဲ၊ ရှင့်ဆီကနေ တခြားလူ့ရင်ခွင်ထဲ ကူးပြောင်းသွားတဲ့၊ ဖောက်ပြန်တတ်တဲ့ မိန်းကလေးနဲ့ ရင်းနှီးကျွမ်းဝင်တယ်၊ သူ့ရဲ့





စိတ်ကူးစိတ်သန်းနဲ့ သတ္တိတွေကိုလည်း အားကျတယ်၊ အဲဒီတော့ ရှင် ဘာဖြစ်ချင်သလဲ ဦးမိုးတိမ်၊ ရှင်းရှင်းလေးပဲလေ၊ အခုပဲ လမ်းခွဲလိုက်ကြတာပေါ့၊ ရှင့်ဘက်က ဘာမှမနစ်နာဘူးထင်ပါ တယ်၊ လုံးဝလည်း နောက်မကျသေးပါဘူး၊ ကျွန်မကလည်း ကိုယ့်မေတ္တာကို တန်ဖိုးမထား၊ ထည့်မတွက်တဲ့လူနဲ့ ရှေ့ဆက် မပတ်သက်ချင်တော့ပါဘူး၊ ကျွန်မတို့ရဲ့ ဇာတ်လမ်းကို ဒီမှာပဲ The end ဇာတ်သိမ်းထိုးလိုက်တာပေါ့"

တုန်ခိုက်စွာပြောလျက် မျက်ရည်ကျမလာခင် ညှာက ဖွင့်ထားသော တံခါးမှ လျင်မြန်စွာဆင်းလိုက်သည်။

တခဏတော့ မိုးတိမ် ကြောင်အမ်းအမ်းကြည့်နေမိသေး သည်။ ပြီးမှ သူ ကမန်းကတန်း ပြေးလိုက်လာသည်။

"ညှာ"

"ညှာ…နေပါဦး၊ အဲဒီလိုမလုပ်နဲ့လေ"

ညှာက ခြေလှမ်းကျဲနှင့် အပြေးတပိုင်း ရှေ့ကလျှောက် သွားရာ သူ အမီပြေးကပ်လာရင်း



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ်ဆိုရင်လည်း ကျွန်တော် လိုက်ပို့မှာပေါ့"

"မလိုတော့ဘူး၊ ကျွန်မနောက် ဆက်မလိုက်နဲ့"

သူ့ဘက်လှည့်မကြည့်ဘဲ လေသံဟာဟာနှင့် ညှာ အော်ဟစ်တားမြစ်သည်။

"အဲဒီလိုမလုပ်ပါနဲ့ကွာ၊ သူများတွေ ကြည့်ကုန်ပြီ"

သူက ညှာလက်ကောက်ဝတ်တစ်ဖက်ကို အတင်းအကျပ်ဖမ်းဆုပ်လိုက်သည်။

"ဖယ်…ကျွန်မကိုလွှတ်"

"လမ်းလျှောက်ချင်လို့လား၊ လျှောက်ချင်ရင် ဟိုဘက်ဆိပ်ခံဘောတံတားဘက် သွားရအောင်"

အမိုးမိုးထားတဲ့ ဘောတံတား မှောင်ရိပ်ဘက် သူက ဆွဲခေါ်သည်။

ညှာကတော့ သွေးပူနေပြီး ကိုယ့်ဒေါသနှင့်ကိုယ်မို့ ဘေးဘီကို ဂရုမစိုက်မိချေ။ တချို့က ကွက်ကြည့်ကွက်ကြည့်နှင့်မို့ ရန်ဖြစ်စိတ်ကောက်နေတဲ့ စုံတွဲလို့ထင်ပြီ စိတ်ဝင်စားကြတာ





သေချာသည်။

ဆံပင်ဖြောင့်စင်းစင်းလေးက လက်ဖြာပြီး မျက်နှာကဖြူဝင်းတော့ ညှာ့ပုံစံလေးက ထင်းလင်းနေတာ။ ကိုးရီးယားစတိုင်မျိုး လည်တိုင်မှာ မာဖလာအဖြူလေး တလှုပ်လှုပ်နှင့်ခွာချွန်းသေးသေး လေဒီရှူးကို တတောက်တောက် ဆောင့်နင်းကာလမ်းလျှောက်သွားတဲ့ပုံ သဏ္ဌာန်ကလည်း စိတ်ဝင်စားစရာ။ ငေးကြည့်ချင်စရာ ဖြစ်နေသည်မဟုတ်လား။

စတိုင်ပင်လ် ကာကီရောင်နှင့် လက်ရှည်ရှပ်အင်္ကျီ သန္တာရောင်ဖျော့ဖျော့ကို ခါးပတ်ပတ်ပြီး သပ်သပ်ရပ်ရပ် ဝတ်ထားတဲ့မိုးတိမ်တောက်ပုံကလည်း မင်းသားတစ်ယောက်လို သားနားကြော့မတ်ပြီး ရှင်းသန့်စိုပြည်နေသည်လေ။

တကယ်ပဲ ဒီစုံတွဲဟာ ရုပ်ရှင်ရိုက်ရင်တောင် ကြည့်ကောင်းလိုက်ဖက်မည့်စုံတွဲပါ။

အမူအရာနှင့် သရုပ်ဆောင်လည်း ပီပြင်တာ သေချာသည်။ အခုကိုပဲကြည့်လေ၊ ကောင်မလေးက စိတ်ကောက်ပြီး

www.burmeseclassic.com



ရှေ့ကပြေး၊ ကောင်လေးက စွတ်တရွတ် မရမက လိုက်ချော့လို့၊ လက်ကောက်ဝတ်လေးကို မလွှတ်စတမ်း ဆုပ်ကိုင်ပြီး တတွတ်တွတ် ချောင်းဖူးအယူခံဝင်နေပုံကပင် သိပ်ချစ်တာ ပီပြင်နေသည်။

ထိုနားတစ်ဝိုက် လေညင်းခံ အပန်းဖြေနေသူတွေ မိုးတိမ်တို့ စုံတွဲကို လက်တို့ပြီး ပြကြသည်။

"စိတ်မဆိုးပါနဲ့ ညွှာရယ်၊ ကျွန်တော် လွန်သွားတယ်ဗျာ၊ ဆောရီး...ဆောရီး"

"အို...ဘာမှလာမပြောနဲ့၊ မကြားချင်ဘူး၊ ရှင့်ကိုတော်ပြီ"

"ဟာ...မတော်ပါနဲ့ဦး"

သူက လက်တကာကာနှင့် မျက်နှာချိုသွေးကာ လေပြည်လေးနှင့် ချော့မော့သည်။

ညွှာက စိတ်တိုတိုနှင့်လျှောက်လာရင်း ဘောတံတားထိပ်ကိုရောက်ပြီ၊ ရှေ့ဆက်သွားရင် သစ်သား...န်း တံတားလေးကနေ သဘော်ာကုန်းပတ်ပေါ်ရောက်ပြီ။





"သဘော်ာပေါ် တက်မလို့လား"

သူက ရယ်သံနှင့်မေး၏။

"ရန်ကုန်-မော်ကျွန်း-ပုလဲကြည်" လို့ ရေးထားတဲ့ သဘော်ာကိုကြည့်ပြီး ညွှာလည်း စိတ်ထဲပြုံးချင်သွားရသည်။

အမှန်တော့ လေပြည်လေညင်းတို့ ဆော့ကစားတိုက်ခတ်နေတဲ့ ညချမ်းလေးက ကဗျာဆန်ပါသည်။ ခပ်ဝေးဝေးမှာ စက်တပ်လှေကလေးတွေ တဘုတ်ဘုတ်နှင့် သွားနေတာလည်း မြင်ရသည်။

လှိုင်းထတုန်ခါနေသော ညွှာ့ရင်ထဲ အနည်းငယ်ငြိမ်သက်သွားပါသည်။ သူက လေမှာလွင့်နေတဲ့ ညွှာရဲ့ ဆံမျှင်ဆံစလေးတွေကို ခပ်ဖွဖွလေး သပ်တင်ပေးသည်။ ညွှာက စိတ်ဆိုးမပြေနိုင်သေးဘဲ ဆတ်ခနဲ မျက်နှာလွှဲကာ ရှောင်ဖယ်၏။

ဘောတံတားရဲ့ လက်ရမ်းပေါ်မှီပြီး ညွှာ အဝေးသို့ငေးကြည့်မိသည်။

သူ့အပေါ် ကျရောက်တဲ့ ဒေါသမုန်တိုင်းက ဘယ်လောက်မှမကြာလိုက်ဘဲ ပြန်ငြိမ်သက်သွားတာ ထူးဆန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုနလေးတင် ပြောမိတဲ့ စကားတွေကို ညှာကိုယ်တိုင် ယုံကြည်ရခက်သွားသည်။

တကယ်ပဲ လမ်းခွဲနိုင်မှာလား။ မရေရာ မသေချာပါလားနော်။

စိတ်လိုက်မာန်ပါနှင့် နှုတ်ကထွက်သွားပေမယ့် တကယ်တမ်း ပြတ်သားဖို့က ခက်ခဲလှသည်။

သူလိုက်ချော့တာနှင့် ညှာ တင်ထားတဲ့ မာနတွေ အရည်ပျော်ကျဆင်းကုန်ပြီ။

"ဒီဘက်နည်းနည်းလှည့်ပါဦး"

ညှာက မျက်နှာလေးလွှဲထားရာမှ လှည့်မကြည့်ပေ။

မိုးတိမ်က သူမရဲ့ ပခုံးစွန်း အသားဝင်းဝင်းနစ်နစ်လေးကို လှစ်ခနဲ ထိကပ်နမ်းလိုက်သည်။

"ကျွန်တော် အရှုံးပေးပါတယ်"

တိုးဖွဖွဆိုသည်။ ပျော့ပျောင်းနူးညံ့စွာ ရွှန်းရီတောက်ပချိန်နေသော သူမျက်လုံးတွေကို ညှာက ဆုံမကြည့်ရဲဘဲ ရင်ထဲလှိုက်ခုန်လာသည်။



"ဘယ်သူကရော အနိုင်ယူနေလို့လဲ"

"ညှာ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်သူနဲ့ပဲ ခွေမျိုးတော်တော် ကျွန်တော် နောက်ဆုတ်နိုင်မှာမဟုတ်ဘူး၊ အခုန လမ်းခွဲစကားပြောတော့ ကျွန်တော် မခံနိုင်ဘူး ညှာ၊ လန့်သွားမိတယ်၊ ညှာကတော့ အသည်းမာမာနဲ့ လှည့်ကြည့်မယ့်ပုံမရှိဘူးနော်"

"ရှင်က ညှာ့အချစ်ကို စော်ကားတာကိုး၊ တခြား အရာတွေကို ပိုဦးစားပေးတယ်၊ ညှာဘက်ကတော့ အရာအားလုံးထက် ရှင့်ကို ရှေ့တန်းပို့ထားရတာယ်၊ အချစ်ခြင်းမှ မညီမျှဘဲ၊ ကိုယ့်လမ်းကိုယ်လျှောက်တာပဲ စိတ်ချမ်းသာမှာပေါ့"

သူ အလျှော့ပေးမှန်းသိတော့ ညှာက ခပ်မာမာ ခေါင်းမော့နိုင်သည်။

"အဲဒီလိုမပြောပါနဲ့ကွာ၊ ဒီလောက်ထိ ရက်စက်ဖို့ မစဉ်းစားပါနဲ့၊ မောင်က အချစ်ရေးနဲ့ပတ်သက်ရင် ကံကောင်းတဲ့သူ မဟုတ်ဘူး"

www.burmeseclassic.com



သူ လေသံပျော့ကာ 'မောင်' ဟု ပြန်သုံးစွဲလာသည်။

"ဘာလို့ကံမကောင်းရမှာလဲ၊ ရှင့်ကို အသေအလဲ အရူးအမူးချစ်တဲ့ မိန်းမတစ်ယောက်ရှိတာပဲ၊ သိပ်မိုက်ရူးရဲဆန်တဲ့ မိန်းမပေါ့၊ ဘယ်လောက်ပဲ နှစ်တွေကြာကြာ လက်မလျှော့ဘဲ မပြောင်းလဲဘဲ ချစ်မြဲချစ်နေတယ်၊ အမေက တားနေတာတောင် ရှင့်တစ်မျက်နှာကြောင့် မြန်မာပြည်ကို ရအောင်ပြန်လာတယ်၊ အခုအချိန်ထိ ဘယ်လိုအဖော်ကိုမှ စိတ်တိုင်းမကျဘဲ တိုက်ခန်းထဲမှာ သူတစ်ယောက်တည်း ကြိတ်မှိတ်နေတယ်၊ ရှင့်အကြောင်းလေး တွေးနေရင်ကို သူက ကျေနပ်နေတယ်၊ ရှင့်ရဲ့ ဝမ်းသာဝမ်းနည်း အောင်မြင်မှု၊ ကျရှုံးမှုအားလုံးကို သူ့နှလုံးသားနဲ့ရင်းပြီး ထပ်တူခံစား နားလည်တယ်၊ ရှင့်မှာ ဘယ်လောက်ကြီးမားတဲ့ အပြစ်အနာအဆာပဲရှိရှိ သူ ဂရုမစိုက်ဘဲ တန်ဖိုးထား မြတ်နိုးတယ်၊ ဒါပေမဲ့ နောက်ဆုံးရလဒ်က အဲဒီမိန်းမရဲ့ မေတ္တာကို စော်ကားခံရတာပဲ၊ တကယ်ဆို အဲဒီမိန်းမ ပြန်သင့်တယ်၊ ရန်ကုန်ကနေ သူ ထွက်သွားသင့်ပါတယ် ကိုမိုးတိမ်ရယ်၊ အချစ်နဲ့ပတ်သက်ရင်





ငွေကြီးကြီးကို ပေးဆပ်နေရတာ သူမှအစစ်ပါ၊ ရှင် ဘယ်တော့မှ နားလည်မှာလည်း မဟုတ်ပါဘူး"

အဝေးသို့ငေးနေသော ညှာမျက်ဝန်းလေးထဲမှာ မျက်ရည်ကြည်တို့ ဝေ့ဝဲလာသည်။

သူမ အံလေးတင်းတင်းကြိတ်လျက် မျက်တောင်ခတ်ကာ မျက်ရည်တို့ကို ခေါင်းမော့သိမ်းဆည်းသည်။

မိုးတိမ်တောက်သည် သူမ အမူအရာလေးကို ငေးကြည့်နေမိရင်း ရင်ထဲ ထိခိုက်လျက် စိတ်မကောင်းဖြစ်ရသည်။

သူမ လက်ဖျားလေးကို ဆုပ်ညှစ်မိရင်း

"ညှာရယ် မောင်မှားပါတယ်၊ ညှာ့မေတ္တာကို မောင်နားလည်ပါတယ်၊ ဟိုကိုပြန်သင့်တယ်ဆိုတဲ့ စကားမျိုး နောင်ဘယ်တော့မှမပြောပါနဲ့ကွာ..နော်.."

မိုးတိမ်က ကျန်လက်တစ်ဖက်ဖြင့် သူမ ပခုံးကလေးကို ငွေးထွေးစွာ သိမ်းဖက်သည်။

"မောင် ဘယ်လိုချော့ရမလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ဖြင့် စိုလက်နေသော မျက်ဝန်းနက်နက်လေးဖြင့် သူမက မိုးတိမ်ကို မျက်စောင်းတစ်ချက်ရွယ်သည်။

မကျေနပ်ချင်ပါဘူးနော်။

သို့သော် သူမနှလုံးသားက စောလျှင်စွာ အရည်ပျော်နှင့်၏။

သူ့ပခုံးပေါ်သို့ အလိုလိုခေါင်းမှီချင်လာသည်။

ရင်ထဲက သောကနှင့် ဒေါသတွေ နာကျင်မှုတွေက ဟိုး မြစ်ရေပြင်ကြီးထဲ မျောပါသွားပြီထင်သည်။ တကယ်ကို အမှတ်မရှိ ပါလား။

"ရှင် နောင်တရရင် အချိန်မရွေးပြောပါ"

"တော်...တော်..အဲဒါထားလိုက်တော့"

မိုးတိမ်က ကမန်းကတန်း ဟန့်တားသည်။ မပြေလည် တဲ့ စကားလုံးတွေ သူ မကြားချင်တော့ပါ။

ညှာနှင့်အမြဲတမ်းပဲ သာယာပြေလည်နေချင်သည်။ သူမ ကို ဒီလိုလေးပဲ ထာဝရဖက်ထားချင်သည်။





"နောက် ဘယ်တော့မှ စိတ်မကောက်ကြေးကွာ..နော်"

"မောင်ပဲ မညှာမတာပြောပြီး"

"မောင်က ညှာမှ ညှာပါ"

"သွားပါ"

"ဘယ်သွားရမှာလဲ၊ ကားထဲ ပြန်သွားရမှာလား၊ ဟောဒီ လို ချစ်လို့ရအောင်"

သူက ရွှင်မြူးစွာ ပါးချင်းထိကပ်သည်။

ညှာက ဟိုဒီကြည့်လျက် ရှန်းဖယ်သည်။

"မနက်ဖြန် ညှာ့မေမေဆီ မေးလ်ပို့လိုက်ကွာ၊ သမီး လက်ထပ်ရမယ့်သူ တွေ့ပြီလို့၊ အကြာကြီး မစောင့်တော့ဘူးလို့၊ တိုက်ခန်းလေးထဲမှာ တစ်ယောက်တည်း မနေချင်တော့ဘူးလို့"

"ဟင်...ကြည့်စမ်း"

"ချစ်လို့ စတာပါကွာ"

"အဲဒါကြောင့် မောင်နဲ့မခေါ်ချင်တာ"

"အတူတူနေချင်ပြီ၊ ညှာနဲ့မခွဲချင်ဘူး၊ ညှာ စကားပြော



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်တာကိုလည်း မောင်ကြောက်သွားပြီ၊ ဘာတဲ့..သည်အင်းဒ်တဲ့...ဟုတ်လား"

"ပြောသင့်ရင် ပြောရမှာပဲ"

"မောင့်ကို တကယ်မုန်းနိုင်လား"

"မုန်းသင့်ရင် မုန်းရမှာပဲ"

"အား...ကြောက်စရာကောင်းတဲ့ မိန်းမပဲ၊ ရုပ်လေးကြည့်တော့ နူးညံ့ကြင်နာတတ်မယ့်ပုံနဲ့ကွာ ဒေါသကြီးတတ်လိုက်တာ"

"အံမယ်...တကယ်ပြောတာနော်၊ မောင် လိုက်မလာရင် ညှာ ပြန်သွားရင် လုံးဝစာတ်လမ်းပြီးသွားမှာ"

"တော်ပါသေးရဲ့၊ ရည်းစားပျောက်တော့မလို့"

"နောက်ရွှတ်ရွှတ်နဲ့...ဟွန်း"

"အခုန ဘယ်လိုပြောလိုက်တယ်၊ ပြန်ပြောပြပါဦး၊ မောင့်တစ်မျက်နှာကြောင့် ပြန်လာတယ်၊ ဟုတ်လား၊ မောင် ဒီမှာ မိန်းမရနေပြီဆိုရင် ဘယ်လိုလုပ်မလဲ၊ ငိုမှာလား"





သူ့စကားကြောင့် ညှာ သူ့ကို ခံမပက်နိုင်ဘဲ သူ့လက်ဖျံကို လိမ်လိမ်ဆွဲမိ၏။

အဆက်မပြတ် ဆွဲဆိတ်နေသဖြင့် သူ တဟားဟားရယ်ကာ ရှောင်တိမ်းသည်။

"ညှာ့ကို စဦး...စဦး"

ရှက်ရက်နှင့် ညှာတနိုင် ဒေါ်ပွနေမိ၏။

ညှာတို့ ရှုပ်ယှက်ခတ်နေဆဲမှာ အနောက်ဘက်နားကနေ ဝီစီမှုတ်သံ ကြားရသည်။

"ရှိုး"

"ဟယ်တော့"

"ဆယ်နာရီ ထိုးပြီကွ"

"ဆယ်နာရီထိုးတော့ ဘာဖြစ်လို့လဲ"

"ပြန်ဖို့အချက်ပေးတာလေ၊ ဒီမှာ ညဘက်ဆို ဆယ်နာရီအထိပဲ နေလို့ရတယ်"

"အို...ဟုတ်လား တကယ်"



www.burmeseclassic.com

www.burmeseclassic.com



ညာက သူနောက်တာလားဟု မယုံသင်္ကာဖြစ်သွားပေမယ့် လုံခြုံရေးဝန်ထမ်းတစ်ဦးက တကယ်ပဲ ဝီစီလိုက်မှုတ်၍ ပြန်ကြရန် နိုးဆော်နေတာအမှန်ပါ။

"ဟယ်…မောင်ရေ ဒါဆိုပြန်ရအောင်လေ"

"တခြားကားတွေလည်း ထွက်မှမထွက်သေးတာကွ"

"အို…ဘာပဲဖြစ်ဖြစ်ပေါ့၊ လာလေ"

ညာက သူ့လက်ကိုဆွဲခေါ်ပြီး ဘောတံတားပေါ်မှ ခပ်မြန်မြန်ဆင်းသည်။

လေတိုက်လွန်းလို့ လူက ချမ်းတောင့်ချမ်းလာသည်။ သူမတို့ကားဆီ ပြန်လျှောက်လာခိုက် မိုးတိမ်က

"ညာ့အသားလေးတွေ အေးစက်နေပါလား"

"မောင်ရော မအေးဘူးလား"

"မောင့်သွေးက အမြဲနွေးတယ်"

"ကြည့်ပါဦး…မောင်က ကားတံခါးတောင် မပိတ်ခဲ့ဘူးကွယ်"





"ရည်းစားနောက်ကို အရူးများဖားလျား လိုက်ရတာကိုး"

"ဟင်း…ဟင်း"

သူပြောပုံကြောင့် ညာ ရယ်မိသည်။ အချိန်ခဏလေးအတွင်း ညာတို့နှစ်ယောက် ပြန်ပြေလည်သွားခဲ့တာ ထူးဆန်းသည်။ ပျော်လည်းပျော်မိသည်။

အခုဆိုရင် မငွေ့ကိစ္စလည်း သူသိသွားပြီ။

ညာ့ရင်ထဲမှာလည်း ရှင်းလင်းပြီး ငြိမ်းချမ်းသွားပြီ။

ဘာလိုသေးလဲ။

တခြားအနီးအနားမှာ ရပ်ထားတဲ့ကားတွေလည်း တစ်စီးပြီးတစ်စီး ထွက်ခွာသွားကြပြီမို့ ထိုနားတစ်ဝိုက် ရှင်းလင်း တိတ်ဆိတ်သွားသည်။

"ညာသာ ဒီည အဲဒီအကြောင်းတွေ မပြောပြရင် မောင်က မရွှေဝါဆီ ဖုန်းဆက်မေးတော့မလို့"

သူ့စကားကြောင့် ညာက မျက်လုံးလေးပြူးကျယ်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်…ရွှေဝါ့ဆီ ဖုန်းဆက်မယ် ဟုတ်လား၊ မောင်နော်…သူ့ဆီ လုံးဝမဆက်ရဘူး"

"မောင် မဆက်လည်း သူဆက်မှာထင်တယ်ကွ"

"အို…မရပါဘူး၊ သူဆက်လည်း မောင် စကားမပြောရဘူး၊ ဒါပဲ"

"ဟ…ဒါက ဘယ်လိုလဲ၊ အတိုက်တာလား၊ သဝန်တိုတာလား"

"မသိဘူး၊ သူနဲ့စကားပြောမယ်၊ အရောဝင်မယ်ဆိုရင်တော့ ပြဿနာတက်သွားလိမ့်မယ်၊ မောင်နဲ့အပြတ်ပဲ၊ ကြိုပြောထားပါရဲ့နော်"

သူမစကားကြောင့် မောင် အော်ရယ်သည်။

ကားထဲ အတူထိုင်ပြီးလျှင် စက်မနိုးသေးဘဲ ညာ့ကို သူဘက်ဆွဲလှည့်ပြီး မောင်က နမ်းဖူးကြိုးစားသည်။

ဘေးဘီမှာ ဘယ်သူမှမရှိဘဲ တိတ်ဆိတ်နေတော့ သူက အတင့်ရဲနေတာ။



"မောင်နော်"

ညာတခိုင်က ရှက်စနိုးလေး ထောင့်ကပ်ကာ မူနွဲ့နွဲ့ငြင်းဆန်သည်။

သို့သော် သူက ညာ့နှုတ်ခမ်းနုနုလေးကို သူ့နှုတ်ခမ်းထူထူနွေးနွေးနှင့် ရအောင်ထိကပ်သည်။

ညာတို့အတူ တခဏ ငြိမ်သက် နစ်မျောသွားမိစဉ်မှာပင် ဝီစီမှုတ်သံ ရှိုးခနဲ ကြားရပြန်သည်။

"ဟာကွာ…ကျွတ်…အရေးထဲမှာ"

သူ ရေရွတ်ပုံကြောင့် ညာက သဘောတကျ ရယ်မိသည်။

"မောင်းတော့လေ၊ ဟိုလူကြီး ဒီဘက်လာနေပြီ၊ မောင်း…မောင်း"

ညာက ခြေထောက်လေးကို ဘယ်ညာဖွဖွဆောင့်ကာ သူ့ပခုံးကို ပုတ်ကာ ပုတ်ကာ တိုက်တွန်းတာကြောင့် သူတို့ကားလေးက ရယ်မောဆူညံစွာ ဝေါခနဲ မောင်းထွက်သွားတော့သည်။

www.burmeseclassic.com



ကမ်းနားပလက်ဖောင်းမှာ ကားတစ်စီးမှလည်း မကျန်တော့။

သူတို့ကားက နောက်ဆုံးမှထွက်လာတာ ဖြစ်သည်။

ဘာရယ်မဟုတ် နှစ်ဦးသား ပျော်ရွှင်ကြည်နူးစွာ ရင်ခုန်မြန်နေမိကြသည်။ ရယ်လည်း ရယ်မောမိသည်။

ညှာ ဖြတ်သန်းဖူးသမျှ ညတွေထဲမှာ ရန်ကုန်မြို့ရဲ့ ဒီညလေးက အလှဆုံးပဲ ဖြစ်လေသည်။

–ဆုလေးနွယ်(ရန်ကုန်တက္ကသိုလ်)

www.burmeseclassic.com